www.burmeseclassic.com
BURMESE
CLASSIC
.com



www.burmeseclassic.com

ဖြန့်ချိရေး

ပန်းမျိုးတစ်ရာစာပေ
တိုက် - ၉၊ အခန်း ၂၀၃-၂၀၄
ပုဇွန်တောင် ဥယျာဉ်အိမ်ရာ
ပုဇွန်တောင် စာတိုက်
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၀၂၃၇၂၊ ၂၉၉၃၆၁

www.burmeseclassic.com

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
နိုင်ငံသားအားလုံး၏ ပဓာနကျသောတာဝန်ဖြစ်သည်"

## ပြည်သူ့သဘောထား

* ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအားဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

www.burmeseclassic.com

ဆရာချစ်စံဝင်း၏ (၁၀၄) အုပ်မြောက်စာအုပ်

# တီထွင်မှုမှော်ဝိဇ္ဇာကြီး
# အယ်လ်ဗာအယ်ဒီဆင်

## ချစ်စံဝင်း

www.burmeseclassic.com

စာမူခွင့်ပြုချက် – ၁၁၄၃/၂၀၀၃ (၁၁)
မျက်နှာဖုံးခွင့်ပြုချက် – ၁၂၂/၂၀၀၄ (၂)
ထုတ်ဝေသည့်ကာလ – ၂၀၀၄ ခုနှစ်၊ ဇွန်လ
အကြိမ် – ပထမအကြိမ်
စောင်ရေ – ၁၀၀၀
မျက်နှာဖုံးဒီဇိုင်း – အုံ့ဘွယ် (STAR)
စာအုပ်ချုပ် – ကိုမြင့်
အတွင်းနှင့်
မျက်နှာဖုံးပုံနှိပ် – ရာပြည့်ပုံနှိပ်တိုက် (၀၅၉၀၁)
အမှတ်–၁၉၉ လမ်း–၅၀၊
ပုဇွန်တောင်မြို့နယ်။
ထုတ်ဝေသူ – ဒေါ်မော်မော်
ပန်းမျိုးတစ်ရာစာပေ(၀၃၉၆၉)
တိုက်–၉၊ အခန်း– ၂၀၃
ပုဇွန်တောင်ဥယျာဉ်အိမ်ယာ၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့
တန်ဖိုး – ၅၀၀ ကျပ်

www.burmeseclassic.com

# မာတိကာ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | တီထွင်မှု မော်ဝဇ္ဇာကြီး အယ်လ်ဗာအယ်ဒီဆင် | ၁ |
| ၂။ | တနေ့သောနံနက်ခင်း | ၉ |
| ၃။ | အဆန်ချောင်သည့် လူငယ်လေး | ၁၅ |
| ၄။ | ပို့ဟူရွန်မှ ကုန်စိမ်းသည် | ၂၃ |
| ၅။ | ပထမဆုံးတီထွင်ခြင်း | ၃၃ |
| ၆။ | ထင်တိုင်းဖြစ်မလာသည့် မဲပေးစက် | ၄၁ |
| ၇။ | နယူးယောက်သို့နယ်ပယ်ချဲ့ထွင်ခြင်း | ၄၇ |
| ၈။ | တစ်ဒေါ်လာကို အရင်းပြု၍ | ၆၁ |
| ၉။ | အယ်လ်အတွက် ဘဝအဖော် | ၆၉ |
| ၁၀။ | မင်လိုပါစ်သို့ | ၇၉ |
| ၁၁။ | စကားပြောသောစက် | ၈၅ |
| ၁၂။ | လျှပ်စစ်မီးရောင် ထွန်းညှိရအောင် | ၉၅ |
| ၁၃။ | လျှပ်စစ်ခေတ်ရောက်ပြီ | ၁၀၅ |
| ၁၄။ | သူ့ခေတ်သူ့အခါတွင် သူအကြီးကျယ်ဆုံး | ၁၁၃ |
| ၁၅။ | မည်သူမဆို | ၁၂၁ |

www.burmeseclassic.com

## အခန်း (၁)
## တီထွင်မှုမော်ဒီစွာကြီးအယ်လ်ဗာအယ်ဒီဆင်

ဘယ်သူမဆို

-ဘယ်မိဘမျိုးရိုးကပဲဆင်းသက်ဆင်းသက်

-ဘယ်အရပ်ဒေသမှာပဲမွေးမွေး

-မွေးဖွားစဉ်က ဘယ်လိုနက္ခတ်နဲ့ဘဲကြုံကြုံ

သူ့မှာ -အရင်းအနှီးတပြားရှိစရာလဲမလိုဘူး

သူဟာ တစ်စုံတခုသောရည်မှန်းချက်ပန်းတိုင်ရှိမယ်၊ ဒီပန်းတိုင်ကို အရောက်သွားမယ်ဆိုတဲ့ မဆုတ်မနစ်တဲ့ ဇွဲလုံ့လဝိရိယ ကြိုးစားမှု အားမန် ပြင်းပြထက်သန်တဲ့စိတ်ထားနဲ့ အပြုသဘောဆောင်တဲ့

www.burmeseclassic.com



စိတ်ဓါတ်ရှိမယ်ဆိုရင် ထိုသူလိုချင်သောအရာအားလုံးသည် သူ့လက်ထဲသို့ရောက်ရစမြဲချည်း ဆိုတဲ့အယူအဆဟာ ကျွန်တော် တက်ကျမ်းတွေရေးသားရာမှာ အဓိကဆွဲကိုင်ထားရှိရေးသားတဲ့ အယူအဆဖြစ်ပါသည်။

ဒီအယူအဆ သွေးထွက်အောင်မှန်ကန်ကြောင်း ကျွန် တော်တို့ ဥပမာပေးသူတွေကတော့-

**အယ်ဒီဆင်**
**လင်ကွန်း**
**နပိုလီယံဟီး(လ်)**
**အင်ဒရူးကာနက်ဂျီ**
**ဟယ်လင်ကဲလား**
**ဟာရီးရပ်ဆယ်**
**မတ်တွိုင်း**
**ချားလ်(စ်)ဒစ်ကင်း**
**မိုက်ကယ်အိန်ဂျလို**
**လီယိုနာဒိုဒါဗင်ချီ**
**လီယူဝင်ဟုတ်**
**မစ္စတာဂျင်းနား**
**ဂျက်လန်ဒန်**
**ဘေထိုးဗင်**
**မိုက်ကယ်ဖာရာဒေး**
**မဒမ်ကျူရီ**

www.burmeseclassic.com



**မီကီမိုတို**
**လိုဘွန်စွီး**
**ဒါတွတ်(ခ)လင်ဂိုတောင်**
**ရှိုဘင်အက်(စ)ကေလို့(စ)**
**ဟင်နရီဖို့ဒ်**

အစရှိတဲ့မဆုံးနိုင်တဲ့သူတွေ ဖြစ်ပါတယ်။

ဘယ်သူမဆို အခုထလုပ်ရင် အခုဖြစ်သည်။

အဲဒီလိုဥပမာတွေပေးတဲ့အထဲမှာ ကျွန်တော်တို့အမြဲတမ်း စံပြု ဥပမာပေးတဲ့ပုဂ္ဂိုလ်ကြီးကတော့မဟာ့မဟာသည်ဂရိတ်ဂရိတ် သောမတ်(စ) အယ်လ်ဗာ-အယ်ဒီဆင်ဆိုသည့်လမ်းရိုးကိုမလိုက်ဘဲ အလွယ်နှင့်ဘယ်တော့မှအရှုံးမပေးသောတီထွင်မှုမျော်ဝိဇ္ဇာကြီး ဖြစ်သည်။

အယ်ဒီဆင်နှင့်ပတ်သက်၍ ကျွန်တော်တို့သည် အကြောင်းအပေါင်းများစွာ ဥပမာပေးခဲ့ကြ၏။

ပထမဥပမာမှာတိုးတက်အောင်မြင်ဘို့အတွက်တက္ကသိုလ်တွေကဘွဲ့ထူးတွေ၊ ဂုဏ်ထူးတွေရမှမဟုတ်ဘူး၊ ဘဝတက္ကသိုလ်ဆိုတာရှိတယ်။ တီထွင်မှုကဝေကြီးတွေ၊ သုတေသနမျော်ဝိဇ္ဇာကြီးတွေဟာ အများအားဖြင့် ဘယ်တက္ကသိုလ်မှာမှ မတက်ခဲ့ရဘူး၊ အတန်းကျောင်းတောင်ကောင်းကောင်းမနေခဲ့ရဘူး။ ပီနန်က သူဌေးကြီးလိုဘွန်စွီးဆိုရင်လုံးဝစာမတတ်ဘူး။ အယ်ဒီဆင်ဟာ အတန်းကျောင်းကို နှစ်လခန့်လောက်ပဲ နေဖူးတယ်။ ဆရာ နှင့် အမေအဆင်မပြေ၍အမေဖြစ်သူကအယ်ဒီဆင်ကိုကျောင်း

www.burmeseclassic.com



ထုတ်လိုက်ရာ တသက်လုံး အတန်းကျောင်းသို့ပြန်မရောက်တော့ပဲ ရှိ၏။ အတန်းကျောင်းတွင်နှစ်လခန့်သာ စာသင်ဖူးသော အယ်ဒီဆင်သည်လူ့သမိုင်းတွင် အကြီးအကျယ် အထင်ရှားဆုံးပုဂ္ဂိုလ်ကြီး ၆ ဦးရှိသည့်အနက် သူ့အမည်သည် တစ်ဦးအပါအဝင်ဖြစ်သည်။ အယ်ဒီဆင်သည် တက္ကသိုလ်ကျောင်းသို့ မရောက်ဘူး။ တက္ကသိုလ်တွင် စာပေသင်ကြားမှုပြုဘူးသည်မဟုတ်။ သို့သော် သူသည် သိပ္ပံဆိုင်ရာ ဘိုးအေတစ်ဦးဖြစ်ခဲ့သည်။ ပါရဂူမြောက်တတ်ကျွမ်းသူတစ်ဦးလည်း ဖြစ်သည်။ လျှပ်စစ်မီးကို တီထွင်ခဲ့သူဖြစ်၍ ခလုတ်နှိပ်လိုက်ရုံဖြင့် ဖန်သီးထဲက မီးခိုးမထွက်သော ကြည်လင်သည့်အလင်းရောင်ရရှိအောင် ပြုလုပ်နိုင်သူဖြစ်သည်။ သူသည် လူသားကမ္ဘာကြီးအားလျှပ်စစ်အလင်းရောင်ကိုထွန်းညှိပေးခဲ့သူဖြစ်၏။

အယ်ဒီဆင်သည် နယူးယောက်ကိုလာစဉ်ကသူ့တွင် တစ်ဒေါ်လာဘဲ ပါလာသည်။ သူ့အသက်က ၂၂ နှစ်သာရှိသေး၏။ နယူးယောက်တွင် လက်ဖက်ခြောက်အရသာမြည်းစမ်းရသူတစ်ယောက်က လက်ဖက်ရည်တစ်ခွက် စမ်းသောက်ရန်ပေး၍ အငွေ့တထောင်းထောင်းထနေသော လက်ဖက်ရည်တစ်ခွက်သောက်ရင်း နယူးယောက်မြို့တွင်စတင်ခြေချရသူ ဖြစ်သည်။ ထိုအခါက သူသည် သာမန်ကြေးနန်းသမားလေးတစ်ဦးသာဖြစ်၏။ နယူး ယောက်တွင် အသိဟူ၍ အခြားမိတ်ဆွေကြေးနန်းသမား တစ်ဦး သာရှိ၏။ ထိုမိတ်ဆွေက သူ့ကို တစ်ဒေါ်လာချေးပြီး အိပ်ရန် ဘက်ထရီခန်းတစ်ခုကို ပေးထားသည်မှအစပြု၍ နယူးယောက်တမြို့လုံး အုံးအုံးကျွက်ကျွက်ဖြစ်ရုံသာမက လူသားတရပ်လုံးတအံ့တသြကြား

www.burmeseclassic.com



ရသမျှ မယုံကြည်နိုင်လောက်အောင်အရာများကိုလုပ်ပြနိုင်သူသည် အယ်ဒီဆင်ဖြစ်သည်။

သူသည် ပါရဂူမြောက်ထူးချွန်မှုဖြင့်ဘဝကို ထူထောင်ခဲ့သူမဟုတ်ပဲ၊ ချွေးထွက်အောင်မနားမနေစိတ်အားထက်သန်စွာ အလုပ်လုပ်မှု၊ တက်ကြွစွာဆောင်ရွက်မှုတို့ဖြင့် ဘဝအောင်ပွဲကို ရရှိခဲ့သူဖြစ်သည်။

သူ၏စိတ်အားထက်သန်မှုဇွဲကလည်း အံ့သြဘနန်းဖြစ်၏။ လျှပ်စစ်မီးသီးကို တီထွင်ရာတွင် မီးသီးအတွင်း၌ မီးဇာလိုသည်။ မီးဇာကို ဘာထည့်ရမည်နည်း။ မီးဇာအဖြစ်ကတ္တူစက္ကူ၊ အုန်းသီး၊ အမြှင်၊ သစ်သီးအမျိုးမျိုး၏အခွံ၊ ဖော့၊ မုတ်ဆိတ်မွေး၊ ကြေးနန်း၊ ပလက်တီနမ်စသည်တို့ဖြင့်စမ်းရာအကြိမ်တစ်ထောင်လောက် အထိမအောင်မြင်ဘဲရှိ၏။

အယ်ဒီဆင်လျှပ်စစ်မီးကိုတီထွင်နေသည်ဟုဆိုသောကြောင့်အမေရိကန်လူထုကြီးနှင့်တကမ္ဘာသူကမ္ဘာသားတွေကလည်း လျှပ်စစ်မီးကိုစောင့်နေကြစဉ် အယ်ဒီဆင်မှာမူ မီးဇာဖြင့် ဒုက္ခရောက်နေရ၏။ မီးဇာတွေက ထည့်လိုက်တိုင်း ကြွေသည်။ သို့သော် အယ်ဒီဆင်သည် ဇွဲမလျှော့။ တနေ့တွင် သတင်းထောက် တစ်ဦးက “ခင်ဗျားအကြိမ်တစ်ထောင်တိုင်မီးဇာထည့်လို့ မအောင် မြင်ရင်ကောဗျာ”ဟုမေးရာ အယ်ဒီဆင်က “ကျုပ်တစ်ထောင့် တစ်ကြိမ်အထိထည့်မှာပေါ့”ဟု ဆို၏။ အယ်ဒီဆင်သည် ၁၀၀၁ ၊ ၁၀၀၂၊ ၁၀၀၃ ဂဏန်းတွေဆက်ရှိနေသေးသမျှ အားမလျှော့ပဲ စိတ်မပျက်ပဲဆက်လက်စမ်းသပ်နေမည်သာဖြစ်၏။

www.burmeseclassic.com



အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်မည့်သူ ဖြစ်သည်။ နောက်ဆုံးအယ်ဒီဆင်သည်လျှပ်စစ်မီးသီးတွင် မီးဇာအဖြစ် အမှန်တကယ်အသုံးပြုရမည့်ပစ္စည်းကိုတွေ့ရှိခဲ့သည်။ လေထုတ်ထားသောမီးလုံးအတွင်းသို့ လျှပ်စစ်မီးရောင်ရောက်လာပါ၏။

အယ်ဒီဆင်သည် လက်ဖဝါး ခြေဖဝါးသက်သက်ဖြင့် သဘာဝလောကကြီးအားအန်တုစိန်ခေါ်ခဲ့၏။ သဘာဝလောကကြီးက အယ်ဒီဆင်၏ လုံ့လဝီရိယ၊ ဇွဲ၊ စိတ်အားထက်သန်မှု၊ ကြံခိုင်မှု၊ မဆုတ်မနစ်လုပ်ဆောင်မှုတို့ကို အမျိုးမျိုးစမ်းသပ်၏။ သဘာဝတရားသည် ဘယ်သူမှမသိအောင်သိုဝှက်ထား၏။ ထိုလျှို့ဝှက်ချက်ကို အယ်ဒီဆင်က နေ့မအားညမနားရှာ၏။ တခါတရံသူ၏ စမ်းသပ်ခန်းတွင် တစ်ချက်လောက်သာ မှေးပြီး တစ်နေ့လုံးတစ်ညလုံး အလုပ်လုပ်သည်။ ထို့ကြောင့် နောက်ဆုံးတွင် သဘာဝတရားကြီးက သူ၏လျှို့ဝှက်ချက် အများအပြားကို အယ်ဒီဆင်အားထုတ်ဖော်ပေးခဲ့သည်။ အယ်ဒီဆင်ကို ချစ်စနိုး အယ်လ်ဟု ခေါ်ကြ၏။

အယ်လ်လိုကြိုးစားလျှင် အေရော၊ ဘီရော၊ စီရော၊ အိပ်ချ်ရော၊ အိုင်နှင့် ယူပါ အယ်လ်လိုအထွတ်အထိပ်သို့ရောက်မည် ဖြစ်၏။ ယခုကြိုးစားလျှင် ယခု၊ ယနေ့ကြိုးစားလျှင် ယနေ့ အောင်ပွဲကိုရရှိမည်ဖြစ်၏။

သဘာဝတရားကြီးတွင်အယ်လ်လိုကြိုးစားသူတိုင်း အတွက် လျှို့ဝှက်ထားရှိသောအောင်ပွဲများ၊ ထင်ပေါ်ကျော်ကြား မှုများ၊ အဖိုးတန်ရတနာများ၊ ရတနာသိုက်ကြီးများ အမြောက်အများပေးအပ်ရန် ကျန်ရှိနေဆဲဖြစ်၏။ လုံ့လဝီရိယ၊ ဇွဲထက်သန်မှု

www.burmeseclassic.com



သတ္တိရှိသူများကို သူတို့ရည်မှန်းသလောက်ပေးအပ်ရန် သဘာဝတရားကြီးတွင် အောင်ပွဲများ အလုံအလောက်ရှိသည်။

သင်ယနေ့ကြိုးစားကြည့်ပါ။ ရည်မှန်းချက်ထားလုပ်ဆောင်ကြည့်ပါ။ လက်ဖဝါး ခြေဖဝါးမှ သန်းကြွယ်သူဌေးဖြစ်ကိန်းအမှန်ဆိုက်ရောက်မည်ဖြစ်၏။

ကျွန်တော်သည် သောမတ်(စ)အယ်လ်ဗာအယ်ဒီဆင်၏အကြောင်းကိုအကြိမ်ကြိမ်နမူနာပြကိုးကားဖော်ပြခဲ့သော်လည်း သူ၏ဘဝဖြစ်စဉ် ကိုယ်ရေးအတ္ထုပ္ပတ္တိကို တစ်ကြိမ်မျှ စာအုပ်အဖြစ်ထုတ်ဝေခဲ့ဖူးခြင်းမရှိပါ။

အယ်ဒီဆင်အကြောင်း အတ္ထုပ္ပတ္တိကို လူငယ်များအမှန်စိတ်ဝင်စားကြမည်ဟု ယူဆပါ၏။ အယ်လ်၏ဘဝကိုလေ့လာ၍ မိမိရောသူ့အသက်အရွယ်တွင် ဘာလုပ်နေမိသလဲဟု ပြန်လည်စဉ်းစားကာ သူ့အကြောင်းဖတ်ရှုလို့အဆုံးတွင် စာဖတ်သူ၏ဘဝကိုလည်း ကြိုးစားမှု၊ ထက်သန်မှု၊ လုံ့လဝီရိယ၊ ဇွဲ၊ ရည်မှန်းချက်တို့ဖြင့်ဘဝကို စကြည့်ပါ။

သင့်ကိုလဲ အယ်လ်လိုပဲ ထိပ်တန်းတနေရာမှာတွေ့ရမှာသေချာပါတယ်။

❖ ❖ ❖

www.burmeseclassic.com

# အခန်း (၂)
## ထာဝရသောနံနက်ခင်း

၁၈၆၂ ခုနှစ်။

သာယာသောနေ့တစ်နေ့၏နံနက်ခင်းတစ်ခု။

အမေရိကန်နိုင်ငံ ဒေးထရွိုက်မြို့နှင့် ပို့ဟူရွန်မြို့သို့ ပြေးဆွဲနေသောရထားသည် မီရှီဂန်ပြည်နယ်အတွင်းသို့ မောကြီးပန်းကြီးဖြင့် ဝင်ရောက်လာ၏။ ဤရထားသည်ပုံမှန်အတိုင်းဆိုလျှင်ဤနေရာတွင်ယခုထက်စော၍ ဖြတ်သွားဆဲဖြစ်၏။ ဒီနေ့တော့မီးရထားအချိန်အနည်းငယ်နောက်ကျလျက်ရှိ၏။ မီးရထားကြီးဖြတ်သွားလျှင် မီရှီဂန်ပြည်နယ်ဂျုံခင်းများအတွင်း၌ အလုပ်

www.burmeseclassic.com



လုပ်နေကြသောလယ်သမားများသည် ဘာရယ်လို့မဟုတ် သူတို့၏ ခါးများကိုမတ်မတ်ဆန့်ကာမီးရထားကြီးကိုလှမ်းမျှော်၍ကြည့်တတ်ကြသည်ကထုံးစံဖြစ်၏။

ဒီနေ့တော့အချိန် အနည်းငယ်နောက်ကျနေ၍ မီးရထားသည်ရွှေ့ဘူတာများသို့အချိန်မီဝင်ရောက်နိုင်ရေးအတွက်မောကြီးပန်းကြီးဖြင့်တက်သုတ်မောင်းနှင်လာသောကြောင့်အရှိန်နှင့်မောင်းလာသောရထားကို လယ်သမားများငေးကြည့်နေမိကြသည်။ အတော်လေးအရှိန်တင်၍မောင်းလာရာ မီးရထားသည် သံလမ်းပေါ်တွင် ခုန်ဆွခုန်ဆွပင် ဖြစ်နေသည်။ အရှိန်နှင့်ကလည်းမောင်းလာ၍ခေါင်းတွဲခေါင်းတိုင်မှမဲမှောင်နေသောမီးခိုးလုံးကြီးကလည်း အံထွက်နေသောကြောင့် ရထားမောင်းလာသည်ကိုကြည့်ရတာဆန်းသလိုပင်ရှိပါ၏။

ထိုအချိန်တွင် ကုန်တွဲဆီမှလည်း မီးခိုးများလျှံ၍ ထွက်လာသည်။ ဒေးထရွိုက်-ပို့ဟူရွန်မီးရထား၊ မီရှီဂန်ပြည်နယ်ရှိပြေးလမ်းပေါ်တွင် ကုန်တွဲမီးလောင်နေပါပြီကော-

‘ရထား ကုန်တွဲမီးလောင်နေပြီ’

‘ရထား ကုန်တွဲမီးလောင်နေပြီ’

လယ်သမားများက အော်ကြသည်။ အချို့ကလည်း ရထားတွဲမီးလောင်နေကြောင်း သိသာရန် ယင်းတို့၏ အင်္ကျီများကို ချွတ်၍ ဝှေ့ရမ်းပြကြရာ၊ မကြာမီ မီးလောင်နေသည်ကို ဂါတ်ဗိုလ်တွဲမှလည်းသိရှိကာ ခရာတုတ်သံများ အဆက်မပြတ်ပေါ်လာ၏။ ဂါတ်ဗိုလ်တွဲမှလည်း အဆက်မပြတ် လှုပ်ခါအလံပြနေသည်။ အရှိန်နှင့်

www.burmeseclassic.com



ပြေးလာသောရထားကြီးသည် မြန်ချင်ကာမှ အရှိန်လျှော့လာကာ တဖြည်းဖြည်း ရပ်သွားတော့၏။

ဂါတ်ဗိုလ်တွဲမှ ရထားလူကြီးသည်သူ့တွဲပေါ်မှခုန်ဆင်း ကာ မီးလောင်နေသော ကုန်တွဲဆီသို့ပြေးလာနေသည်ကို ဂျုံခင်း များထဲမှ လယ်သမားများတွေ့မြင်နေရ၏။ ထိုလူကြီး၏နောက်မှ မီးသတ်သမားများသည်လက်ထဲတွင်ရေပုံးများကိုယ်စီနှင့် အပြေး လိုက်လာကြ၏။ သူတို့သည် ကုန်တွဲပေါ်သို့ အလုအယက်တက် ကြပြီး လောင်နေသောမီးကို ဝိုင်း၍ငြိမ်းသတ်ကြ၏။ မီးလောင် ရာတွင်ဓာတုဗေဒပစ္စည်းများပါဝင်နေသောကြောင့် ရှေးဦးပိုင်း၌ အငြိမ်းရအတော်ခက်နေ၏။ သို့သော်လည်း ပုန်းများနှင့်ရေများ ထပ်ရောက်လာကာမကြာမီမီးညွှန့်ကျိုးသွားသည်။ ကုန်တွဲမှ မီးခိုး လုံးများလည်း ရပ်သွား၏။

ဂျုံခင်းထဲမှ လယ်သမားများသည် ကုန်တွဲ၌ မီးသတ်နေပုံ၊ မီးငြိမ်းသွားပုံတို့ကို အသေအချာကြည့်နေကြ၏။ မီးငြိမ်းပြီးချက် ခြင်းဆိုသလိုကုန်တွဲတွင်းမှပစ္စည်းမျိုးစုံခုန်ပျံထွက်လာပြန်သော ကြောင့် လယ်သမားများပို၍ စိတ်ဝင်စားသွားကြ၏။ ခုန်ပျံထွက် လာသောပစ္စည်းများထဲတွင် ဟင်းသီးဟင်းရွက်ထည့်ထားသောခြင်း တောင်းများ၊ ဓါတ်ခွဲစမ်းသပ်သည့်ဖန်ကျည်တောက်နှင့်ဖန်ခွက်များ ဖန်ပြွန်၊ စာအုပ်များ၊ လျှပ်စစ်ဘက်ထရီများ၊ ပုလင်းအမျိုးမျိုး၊ စာစီ ခုံတစ်ခု၊ သတင်းစာအထုပ်များ၊ စက္ကူထုပ်များနှင့် နောက်ဆုံးထွက် ကျလာသော ပစ္စည်းမှာ အတော်အတန်လေးပင်မှုရှိသည့် ပုံနှိပ်စက် တစ်လုံးဖြစ်ပါ၏။

www.burmeseclassic.com



ပိုမို၍ စိတ်ဝင်စားစရာကောင်းသည်မှာ ကုန်တွဲပေါ်မှပြစ်ချထားသော ပစ္စည်းအပုံပေါ်သို့ နောက်ဆုံးဖုတ်ကနဲကျလာသည့်အရာဖြစ်၏။ ထိုအရာမှာ အသက် ၁၅ နှစ်ခန့်သာရှိသောလူငယ်တစ်ဦးဖြစ်ပါ၏။ လူငယ်သည် ရထားပေါ်မှ ပြစ်ချခံရသော ခဏတွင် ယောင်တိယောင်ချာဖြစ်နေပြီး ပစ္စည်းပုံထဲမှချက်ခြင်းမထနိုင်သေးပဲရှိ၏။

ထိုအချိန်တွင် အလွန်ဒေါသထွက်နေဟန်ရှိသော မျက်နှာတစ်ခုလုံးနီရဲနေသည့် မီးရထားဂါတ်ဗိုလ်တွဲမှလူကြီးသည်လည်း ရထားတွဲပေါ်မှလမ်းဘေးပစ္စည်းများစုပုံနေရာနားသို့ခုန်ဆင်းလာခဲ့၏။

သူသည် ရိုက်နှက်ရန် ပစ္စည်းတခုခုကိုလိုက်ရှာနေသေး ၏။ သို့သော်လည်း ဘာမျှမတွေ့သည့်အဆုံးတွင်ပစ္စည်းပုံထဲမှ လူငယ်ထံရောက်လာပြီး 'အေး မီးရထားကို မီးလောင်အောင်လုပ်တဲ့အတွက်တော့ မင်းကိုကောင်းကောင်းဆုံးမရမှာပေါ့ကွာ'ဟု ဆိုလိုက်၏။

ထို့နောက်လူကြီးသည်ဇက်ပိုးကိုကိုင်ကာလူငယ်ကို ပစ္စည်းပုံထဲမှဆွဲထုတ်လိုက်သည်။

'မင်းလားကွ ရထားကိုမီးရှို့တဲ့အကောင်'

လူငယ်ကဘာမျှ ပြန်မပြောပဲရှိ၏။

'ငါ့ရထားကို မီးရှို့တဲ့အတွက် အဲဒါကိုစွဲစွဲမြဲမြဲသာမှတ်ထားပေတော့ကိုယ့်လူရေ . . .'ဟုဆိုကာ ဂါတ်ဗိုလ်တွဲပေါ်မှလူကြီးသည် လူငယ်၏နားရင်းကို စိတ်ရှိသလောက် တအားဆွဲရိုက်ပြီး လူငယ်

www.burmeseclassic.com



အားကုန်စိမ်းခြင်းတောင်းတစ်တောင်းပေါ်သို့တွန်းချလိုက်ကာ ရထားပေါ်သို့ပြန်တက်သွားတော့သည်။

လူကြီးသည် တချက်မျှပင်နောက်သို့ လှည့်မကြည့်တော့ဘဲ ရထားပေါ်သို့ပြန်တက်သွားပါ၏။ ထိုလူကြီးရထားအပေါ်ရောက်သည်နှင့်ရထားသည်ဆက်၍ထွက်သွားပါ၏။ ရထားသည် မမြင်ရလောက်သည်အထိပျောက်ကွယ်သွားချိန်တွင် ပစ္စည်းအကျိုးအပဲ့များအပုံပေါ်တွင် ရထားတွဲပေါ်မှကျလာသောလူငယ်သည်သူ၏ဘယ်ဘက်နားရင်းကိုပွတ်ရင်း ကျယ်ဝန်းလှသောကျုံခင်းများကိုကြည့်နေပါ၏။

သာမန်အားဖြင့်ဆိုပါက ထိုအဖြစ်အပျက်သည် ရေးပြရလောက်အောင်ဆန်းကျယ်သောအရာကားမဟုတ်။ လူငယ်တစ်ယောက်ကြောင့် ကုန်တွဲမီးလောင်သည်ကို ဂါတ်ဗိုလ်က စိတ်ဆိုး၍ လူငယ်အားနားရင်းအုပ်ပြီးထားခဲ့ကာ ရထားဆက်ထွက်သွားသောကိစ္စ ဖြစ်၏။ သို့သော် ထိုဖြစ်ရပ်သည် ကမ္ဘာကျော်ဖြစ်ရပ်တစ်ခုဖြစ်၏။ ဤဖြစ်ရပ်သည် အလက်ဇန္ဒားသည် ဂရိတ်နှင့် နပိုလီယံတို့၏ စစ်ပွဲကြီးများတမျှ လူသိထင်ရှားသော သမိုင်း ဖြစ်ရပ်တစ်ခုဖြစ်၏။

အဘယ်ကြောင့်ဆိုသော် မီးရထားပေါ်မှ ပြစ်ချပြီး နားရင်းအုပ်ခံရသော ထိုလူငယ်သည် ဂရိတ် ဂရိတ်၊ မဟာ့ မဟာ **သောမတ်(စ)အယ်လ်ဗာအယ်ဒီဆင်** ဖြစ်နေသောကြောင့်ပါတည်း။ ဂါတ်ဗိုလ်တွဲမှပုဂ္ဂိုလ်ကြီးနားရင်းကိုလွဲအုပ်ခဲ့သည်က အတော့ကို ပြင်းထန်၏။ အယ်ဒီဆင်ကိုယ်တိုင်ပင် ဒါလောက်ပြင်း

www.burmeseclassic.com



ထန်လိမ့်မည်ဟု မထင်။ အယ်ဒီဆင်သည် ထိုနေ့က နားရင်းအရိုက် ခံရသောဒါဏ်ရာကြောင့် သူ့နားတစ်ဖက်သည်တစ်သက်လုံးကြား တစ်ချက်မကြားတစ်ချက်သာရှိခဲ့၏။

အခြားလူငယ်တယောက်ဆိုပါက ဤဖြစ်ရပ်သည် ကမ္ဘာကျော်စရာလည်း အကြောင်းမရှိ။ မီရှီဂန်ပြည်နယ်ရှိ ဂျုံခင်းများထဲတွင်တနင်္ဂနွေတစ်ပတ်လောက်ပြောကြဆိုကြပြီးနောက်တော့ဒီဖြစ်ရပ်ကို လူတိုင်းမေ့သွားကြမည် ဖြစ်၏။ ယခုတော့ လူ့သမိုင်းတွင်ဤဖြစ်ရပ်ကိုဘယ်သူမှမမေ့နိုင်ပဲရှိ၏။ ဤဖြစ်ရပ်သည် မလျှော့သောဇွဲ၏သက်သေသာဓက တစ်ရပ်ဖြစ်၏။ အောင်မြင်မှုကို လူတို့သည် အရှုံးတရားနှင့်သာ စကြသည်ဟူသော အချက်၏ သက်သေသာဓကတစ်ခုပင် ဖြစ်ပါ၏။

အခြားလူငယ်တစ်ဦးဆိုပါက ဤမျှလောက်အဆော်ခံလိုက်ရလျှင် ဘာကိုမှနောက်ပြန်လှည့်မကြည့်တော့ပဲ အဖေအမေဆီသို့တန်းပြေးမည်သာ ဖြစ်၏။ ထို့နောက် အဖေဦးစီးသော ကုန်ခြောက်ဆိုင်နှင့် သူ့အမေ၏လက်လီအထည်ဆိုင်တွင် ကြိုးစားမှုမရှိဘဲမေ့မေ့ပျောက်ပျောက်သာရှိချေတော့မည်ဖြစ်၏။

အယ်ဒီဆင်ဆိုသောလူငယ်က ထိုသို့မဟုတ်။ သူ့မှာစိတ်ကူးတွေ စိတ်သန်းတွေရှိ၏။ အားမာန်တွေရှိ၏။ မီးရထားသံလမ်းဘေး ပစ္စည်းအားလုံးပေါ်မှထိုလူငယ်သည် ဘယ်လိုလူစားလဲ၊ သူသည်ဘယ်အရပ်ကလာ၍ဘယ်အရပ်သို့သွားမည့်လူငယ်လဲဆိုသည့်အကြောင်းကို ဆက်လက်လေ့လာပါစို့။

❖ ❖ ❖

www.burmeseclassic.com

# အခန်း (၃)
## အဆန်းချောင်သည့် လှေငယ်လေး

ကမ္ဘာကျော်တီထွင်မှုမှော်ဆရာကြီးသောမတ်(စ)အယ်ဗာအယ်ဒီဆင်တို့၏မျိုးရိုးသည်သူပုန်မျိုးရိုး၊ မဟုတ်မခံမျိုးရိုး၊ ကိုယ်ဒူးကိုယ်ချွန်၊ ကိုယ်ထူကိုယ်ထ၊ ခေါင်းမာသောမျိုးရိုးအစဉ်အဆက်ရှိသူများဖြစ်၏။ ထို့ကြောင့်လည်းအရပ်ထဲတွင် နံမည်ကောင်းရရှိသောမျိုးရိုးမဟုတ်၊ ဘာသာတရားကိုးကွယ်စိတ်ဖြင့်အချိုးကျ၊ အပိုးသေနေသောမျိုးရိုးလည်းမဟုတ်။ သူတို၏မူလဇာတိမြေမှာ ဟော်လန်ပြည်ဖြစ်သည်။ ဘိုးဘွားအစဉ်အဆက်လုပ်ကိုင်လာကြသောလုပ်ငန်းကား ပင်လယ်ခရီးသွားခြင်း၊ ပင်လယ်ငါးဖမ်းခြင်း

www.burmeseclassic.com



တို့ဖြစ်၏။ ထို့ကြောင့် ဘိုးစဉ်ဘောင်ဆက်ဘဝမျိုးဆက်ကမည်မျှ ကြမ်းတမ်းခက်ထန်မည်ကို သိသာ၏။ သူတို့မျိုးရိုးသည်စွန့်စားစိတ်ရှိသူများဖြစ်၏။

ထို့ကြောင့် သူတို့၏ စွန့်စားလိုသောစိတ်အတွက် သူတို့နိုင်ငံ၏နယ်နိမိတ်သည် ကျဉ်းမြောင်းလှသောကြောင့် ဇာတိရပ်ရွာမှထွက်လာခဲ့ကြပြီး၊ ပထမဗီယာနာမြို့တွင်အခြေစိုက်နေထိုင်လာခဲ့၏။ ထိုမှာတစ်ဆင့် မြောက်အမေရိကတိုက်သို့ ပြောင်းရွှေ့ကာ ကနေဒါနိုင်ငံတွင် အခြေစိုက်၏။

အယ်ဒီဆင်၏ အဖေအကြောင်းကို စပြောရမည်ဆိုပါက သူ့ဖခင်ဆင်မြူရယ်အယ်ဒီဆင်သည်တစ်ရပ်တည်းနေကျောင်းဆရာမတစ်ဦးနှင့်မေတ္တာမျှ၏။ ကျောင်းဆရာမတစ်ဦးဖြစ်သူအယ်ဒီဆင့်မိခင်သည်အမြော်အမြင်ကြီးမားသောမိန်းမတစ်ဦးဖြစ်၏။ မာနကြီးသောအမျိုးသမီးတစ်ယောက်လည်းဖြစ်သည်။ မိခင်ကြီးဖြစ်သူ၏မာနတရားသည်အယ်ဒီဆင်၏ဘဝကိုပါဝင်ပုံဖော်ခဲ့ပါ၏။ ဆင်မြူရယ်အယ်ဒီဆင်သည် လက်ထပ်ပြီးသည်နောက် တည်းခိုခန်းတစ်ခုကိုတည်ထောင်ကာ အသက်မွေးဝမ်းကြောင်းပြုခဲ့၏။ ထိုအခါဗြိတိသျှတို့၏အုပ်ချုပ်ရေးနှင့် ဗြိတိသျှတို့ အခွန်အတုပ်စနစ်ကိုမကြိုက်နှစ်သက်သူများထဲတွင်ဆင်မြူရယ်အယ်ဒီဆင်သည် ရှေ့တန်းမှပါသည်။ ထို့ကြောင့်ဘယ်အချိန်ဘယ်လိုတော်လှန်ရမည်ကိုဆွေးနွေးကြသူများထဲတွင်လည်း ဆင်မြူရယ်ကရှေ့တန်းမှပါဝင် ၏။

www.burmeseclassic.com



ဆင်မြူရယ်အယ်ဒီဆင်တို့တည်းခိုခန်းပစ္စည်းသိုလှောင်ခန်းမသည်မကြာမီပြိုတိသျှတို့အားဆန့်ကျင်သူတို့၏တိတ်တဆိတ်စုဝေးရာခန်းမဖြစ်လာခဲ့၏။ ထိုစုဝေးသူတို့က အင်္ဂလန်နိုင်ငံ၏ကိုလိုနီဖြစ်ခဲ့သည့်အမေရိကနည်းတူကနေဒါတွင်လွတ်လပ်ရေးစစ်ပွဲဆင်နွှဲရန် အချိန်ကျပြီဟုယူဆကြ၏။ မစ္စစ်အယ်ဒီဆင်၏ဘိုးအေသည် ဂျော့ဝါရှင်တန်၏လက်အောက်တွင် စစ်မှုထမ်းတိုက်ခဲ့ဖူး၍ အမေရိကန်တော်လှန်ရေးသမားတို့၏ သွေးပါရကာငယ်ရွယ်သေးသော်လည်း သူမ၏အထူးခွင့်ပြုချက်အရ စာသင်ကျောင်း၏ ကျောဘက်ကွင်းပြင်တွင် ညအချိန်များ၌ ခင်ပွန်းဖြစ်သူဆမ်အယ်ဒီဆင်နှင့် သူ့အပေါင်းအဖေါ်များသည် ရိုင်ဖယ်သေနတ်လေ့ကျင့်ခန်းများကိုလေ့ကျင့်ခွင့်ရခဲ့ကြ၏။

ကနေဒါတွင်တကယ်တော်လှန်သည့်အချိန်ကျရောက်လာ၍တော်လှန်ကြသောအခါယင်းတို့မအောင်မြင်ခဲ့ကြချေ။ တော်လှန်သည့်သူပုန်တပ်သည် တိုရွန်တိုမြို့အထိရောက်လာကြသော်လည်း ဘုရင့်စစ်သားများက ၎င်းတို့ ကစဉ့်ကလျားဖြစ်သွား အောင်ပြန်လည်မောင်းထုတ်နိုင်ခဲ့သည်။ ဆမ်အယ်ဒီဆင်သည် ဆောင်းတွင်းဖြစ်၍ခဲနေသော စိန်ကလဲ့ မြစ်ပြင်ကိုဖြတ်ကျော်ပြေးလွှားခဲ့ရပြီး၊ အမေရိကန်ပြည်ဘက်တွင် ခိုလှုံရလေသည်။ သူ၏ဇနီးသည်လည်း မကြာခင်လိုက်လာခဲ့ကြပြီး၊ အီရီကန်ကြီးကမ်းပါးပေါ်ရှိ မီလန်ဟူ ဆိုသည့် မြို့ကလေးတွင် အခြေစိုက်နေထိုင်ကြသည်။ ဤနေရာတွင်ပင်အယ်လ်ကို-၁၈၄၇ ခုဖေဖေါ်ဝါရီလ ၁၁ ရက်နေ့တွင် မွေးဖွားခဲ့သည်။

www.burmeseclassic.com



ကျောင်းဆရာမဟောင်းဖြစ်ခဲ့ဖူးသူသည် သူ၏သားအား အခြေခံသင်ခန်းစာများကို သင်ကြားပေးသည်။ အယ်လ်သည် မိခင်ဖြစ်သူသင်ကြားပေးသမျှလျှင်မြန်စွာပင်တတ်မြောက်သည်။ အယ်လ်အတွက် အိမ်တွင်း၌သာမက အိမ်ပြင်ထွက်၍သင်ကြားဆည်းပူးလေ့လာစရာတွေကား များလှသေး၏။ မီလန်မြို့တွင် ရှိသမျှတွေ့သမျှစူးစမ်းလေ့လာရာတစ်ကြိမ်တွင်အယ်လ်သည်တူးမြောင်းထဲသို့လိမ့်ကျပြီးနောက်တစ်ကြိမ်တွင်ဂျုံစေ့များသယ်ယူနေသည့်နေရာတွင် စူးစမ်းလေ့လာမိသဖြင့် ဂျုံစေ့များသူ့တစ်ကိုယ်လုံးဖုံးအုပ်သွားပြီးမေ့သွားမတတ်ဖြစ်ခဲ့ရဖူးသည်။

မီလန်မြို့၏ စည်ပင်ဝပြောမှုမှာ ပိုက်ကွန်သဖွယ် ဆက်သွယ်ထားသော ရေကြောင်း၏ အချက်အချာကျမှုပေါ်တွင် အခြေတည်သည်။ သို့သော် ရေလယ်နှင့် ပြိုင်ဘက် ကုန်းပေါ်မှ မီးရထားလမ်းများကလည်းအမေရိကတစ်တိုက်လုံးအနှံ့အပြားတည်ဆောက်လာသည်။ ဒေးထရွိုက်နှင့် ပို့ဟူရွန်သို့ မီးရထားများ စတင်ခုတ်မောင်းသောအခါ ဆမ်အယ်ဒီဆင်သည် ပို့ဟူရွန်သို့ပြောင်းရွှေ့ရန်ဆုံးဖြတ်လိုက်လေသည်။ "မင်းကြည့်နေ၊ မီလန်ရဲ့တူးမြောင်းစီးပွားရေးကို ဒီမီးရထားလမ်းတွေက သတ်လိမ့်မယ်"ဟု သူ့ဇနီး အားရှင်းပြသည်။ ဇနီးဖြစ်သူသည် သူတို့၏ သက်တောင့်သက်သာရှိလှသော အိမ်ပုကလေးမှ ထွက်ခွာရမည်ကို မနှစ်မြို့ပေ။ သို့ရာတွင် ဆမ်ကို ပြောလို့မရချေ။ သူလုပ်ချင်တာကိုသာ တဇွတ်ထိုးလုပ်တတ်သည်ကို သူသိသည်။ ပို့ဟူရွန်တွင် အိမ်တစ်အိမ်နှင့် ဂျုံစပါးလုပ်ငန်းတခုကို စပ်လိုက်ပြီး သူတို့မိသားစု ရွှေ့ပြောင်းသွား

www.burmeseclassic.com



လေ၏။ ထိုအချိန်တွင် အယ်လ်သည် ခုနစ်နှစ်ရှိပြီ။ သူတို့မိသားစု အခြေကျပြီးလျှင်ပြီးခြင်း အယ်လ်သည် ပို့ဟူရွန်အစိုးရကျောင်းတွင် ပညာသင်ကြားသည်။

အယ်လ်သည်ဆရာသဘောတွေ့သော တပည့်တစ်ယောက် မဟုတ်ချေ။ အိမ်မှာ သူလုပ်တတ်သည့်နည်းအတိုင်း၊ မေးခွန်းတစ်ခုပြီးတစ်ခုမေးတတ်ပြီး၊ စာအုပ်ကိုအနည်းငယ်သာဂရုစိုက်သည်။ ဆရာစာသင်နေစဉ် နားထောင်နေရမည့်အစား သူ့အတန်းသားတစ်ယောက်နှင့် စကားပြောလျှင်ပြော၊ မပြောလျှင် မျက်လုံးကြီးအကြောင်သားနှင့် တွေးနေတတ်သည်။

အသက်ရှစ်နှစ်ရှိပြီဖြစ်သောအယ်လ်သည်တစ်ညနေကျောင်းမှ ပြန်လာပြီးနောက် သူ့အမေထံသို့တိုက်ရိုက်ရောက်သွားသည်။

“မာ. . . addled ဆိုတာဘာလဲ”

မစ္စစ် အယ်ဒီဆင်က သူ့သားမေးခွန်းကို သဘောကျပြီးရယ်လိုက်သည်။

“မကောင်းဘူး၊ အဆန်ချောင်တယ်၊ မကြည်ဘူးနောက်တယ်၊ ငါ့သား. . ကြက်ဥအဆန်ချောင်ဆိုတာ မကြားဘူးဘူးလား”

“အဲဒါတော့ သားသိတယ် မာ. . . ဒါပေမယ့် **addled boy** ဆိုတာကတော့ ဘာလဲ”

“အဲဒါဆို စိတ်မနှံ့ဘူးဆိုတဲ့အဓိပ္ပါယ်ပဲ”

“နောက်ပြီး **not normal** ဆိုတာကကော”

“not normal ဟုတ်လား အဲဒီအဓိပ္ပါယ်ကတော့ . . . . .၊

www.burmeseclassic.com



နေပါအုံး သားဒီစကားတွေ ဘယ်ကကြားခဲ့တာလဲ”
အယ်လ်သည် သူ့အမေကို အလေးအနက်စိုက်ကြည့်ပြီးနောက်

“ဒီနေ့ပညာဝန်ကျောင်းလာစစ်တယ်၊ ဆရာကိုလဲ ကျောင်းသားလေးတွေအကြောင်းကို မေးတယ်။ မာ. . . သိတယ် မှုတ်လား သားသားနားပါးတယ်ဆိုတာဆရာကသားသားကို လက်ညှိုးထိုးပြပြီး သားကို addled boy တဲ့၊ not normal တဲ့၊ တခြားကျောင်းသားတွေနဲ့မတူဘူးတဲ့၊ ဒီလိုဆို သားသားကို ကျောင်းထားတာအချိန်ကုန်တာပဲရှိမယ်”
မစ္စစ်အယ်ဒီဆင်သည် ဆတ်ခနဲမတ်တတ်ရပ်လိုက်ပြီး. . .

“ဩ. . . မင်းကိုသူဒီလိုပဲပြောသလား၊ ကဲလာငါနဲ့ လိုက်ခဲ့၊ ဆရာတစ်ယောက်က ဆရာတစ်ယောက်ကိုပြောသလို ကောင်းကောင်းကလေးပြောရလိမ့်မယ်”

သူမ၏ မျက်လုံးများသည် ဒေါသကြောင့် တောက်ပြောင်နေသည်။ အမေရိကန်တော်လှန်ရေးသူရဲကောင်း၏မြေးသည် အယ်လ်ကို သူ့နောက်မှအပြေးလိုက်စေပြီး ကျောင်းရှိရာသို့ချီတက်သွားလေ၏။

“ဒီမှာ. . . ရှင်ကျွန်မသားနဲ့ပတ်သက်လို့ပညာဝန်ကို ဘာပြောတယ်ဆိုတာ ကျွန်မသိတယ်။ စိတ်မနှံ့တဲ့ အဆန်ချောင်တစ်ယောက် ဒီမှာရှိတယ်ဆိုယင် တစ်ခြားလူမဟုတ်ဘူး၊ အဲဒီလူဟာ ရှင်ဘဲ။ အယ်လ်ရဲ့ ဉာဏ်တဝက်လောက်ရှင့်မှာရှိမယ်ဆိုယင် ရှင့်ကိုယ်ရှင် ကံထူးသူလို့မှတ်ပါ။ ကျွန်မပြောတာတွေမှတ်ထား”

www.burmeseclassic.com



မစ္စစ်အယ်ဒီဆင်သည် ပြောယင်းဒေါသဖြစ်လာ၍ သူမ၏ သေးငယ်သောလက်သီးဆုပ်ကလေးကို လန့်ဖြန့်နေသော ကျောင်းဆရာ၏ ခုံငယ်ပေါ်ထုလိုက်ပြီး "တနေ့ကျယင် ကျမသား အကြောင်း ကမ္ဘာကသိမယ် ရှင့်လိုလူမျိုးမဟုတ်ဘူး"ဟု ပြောဆိုကာ သူ့သားအားခေါ်၍ လှည့်ထွက်ခဲ့သည်။ "သားသား အဲဒီကျောင်း ပြန်သွားစရာမလိုပါဘူး။ မာမီကိုယ်တိုင်သားကို စာသင်ပေးမယ်" မစ္စစ်အယ်ဒီဆင်သည် ပြောသည့်အတိုင်း သူ့သားကို စာသင်ပေး သည်။ အယ်လ်သည်သူ့အမေကကျောင်းဆရာအားအင်တိုက် အားတိုက်ပြောဆိုခဲ့ပုံနှင့် သူသိလိုသမျှ မေးမြန်းသည်တို့ကို အမေ ကစိတ်ရှည်လက်ရှည်ဖြေဆိုနိုင်ခြင်းများအတွက် အလွန်ဂုဏ်ယူ သည်။ ဤသို့ဖြစ်ပြီးနှစ်ပေါင်းအတော်ကြာညောင်းပြီးသော အချိန်တွင် အယ်ဒီဆင်က အောက်ပါအတိုင်း သူ့အမေနှင့်ပတ် သက်၍ ရေးသားခဲ့သည်။

> ကျွန်တော့်မိခင်သည်ကျွန်တော့ကို ပုံသွင်းပေးခဲ့သူဖြစ် ပါသည်။ ကျောင်းမှနုတ်၍ သူမကိုယ်တိုင်စာသင်ပေး သည့်အချိန်မှစ၍ သူမ၏စိတ်တိုင်းကျ ဖြစ်စေရန်ကျွန် တော် သံမိဋ္ဌါန်ချခဲ့သည်။ ကျွန်တော်လူတစ်လုံးသူတစ်လုံး ဖြစ်ရမည်ဟု သူယုံကြည်သည်။ မှန်လည်းမှန်ပေသည်။ ကျွန်တော်သည် တစ်စုံတစ်ယောက်သောသူအတွက် အသက် ရှင်နေသည်ဟု ကျွန်တော်၏စိတ်ထဲတွင် အမြဲစွဲနေသည်။ ရှေ့နှစ်ပေါင်းများစွာအတွင်းမိခင်အားအမှတ်တရ သတိရသောစိတ်သည် ကျွန်တော့အတွက်ထာဝရအား ဆေး ဖြစ်နေပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)
## ပို့ဟူရွန်က ကျွန်စိမ်းသည်

အယ်ဒီဆင်သည် ပို့ဟူရွန်အစိုးရစာသင်ကျောင်းတွင် နှစ်လသာစာသင်ရပြီးဆရာက သူ့အား အဆန်ချောင်ဟုပြောသည်ကို မိခင်ဖြစ်သူက ယမ်းပုံမီးကျဖြစ်ပြီးကျောင်းထုတ်ခဲ့သည်မှစ၍ သူသည် နောက်ထပ်အတန်းကျောင်းတစ်ကြိမ်မျှမနေဘူးတော့ချေ။

အယ်ဒီဆင်သည် အတန်းကျောင်းနှစ်လသာနေဘူးသူဖြစ်၏။ ထို့ကြောင့်အတန်းကျောင်းမနေဘူးခြင်း၊ တက္ကသိုလ်များကဘွဲ့ထူး၊ ဂုဏ်ထူးများမရရှိခြင်း၊ စာမေးပွဲကို ဂုဏ်ထူးဖြင့်မအောင်မြင်ခြင်း စသည်တို့သည် ဘဝအောင်ပွဲကို ဆွတ်ခူးရာတွင် အဟန့်

www.burmeseclassic.com



အတားများမဟုတ်ဘဲ ကျောင်းမနေဘူးသူများလည်း အောင်မြင်မှုပန်းတိုင်ကို တက်လှမ်းနိုင်ကြသည်ဆိုသောအချက်နှင့်ပတ်သက်၍ အယ်ဒီဆင်သည် သာဓကတစ်ရပ်ပင်ဖြစ်၏။ အတန်းကျောင်းကောင်းစွာမနေဘူးပဲ ထိပ်ဆုံးသို့ရောက်ရှိသူများထဲတွင် အယ်ဒီဆင်သည် နံပါတ်တစ်နမူနာ ဖြစ်၏။

ပို့ဟူရွန်စာသင်ကျောင်းက ထွက်လာတော့ အယ်ဒီဆင်သည် ၇ နှစ် ၈ နှစ်သား အရွယ်သာရှိသေး၏။ အမေစာသင်ပေးသောစာကို ကောင်းစွာကျက်မှတ်သလို သူတို့အိမ်နောက်ဖေးကကွက်လပ်လေးတွင် အယ်လ်ဒီဆင်သည် ဟင်းသီးဟင်းရွက်စိုက်ခင်းလေးထဲမှ ထွက်ရှိသော ဟင်းသီးဟင်းရွက်များကို မိမိတို့အိမ်တွင်စားသုံးလို့ ပိုလျှံသည်များကို အိမ်နီးချင်းများအားရောင်းချ၏။ အရောင်းရသွက်သောကြောင့် အယ်ဒီဆင်သည် ဟင်းသီးဟင်းရွက်စိုက်ခင်းမှ အတော်လေးဝင်ငွေဖြောင့်၏။ ရရှိသောဝင်ငွေမှ တချို့တဝက်ကို မိခင်အားပေး၍ တချို့တဝက်ကို သူသည်စာအုပ်များဝယ်၏။ ထိုအချိန်တွင်ပင် အယ်ဒီဆင်သည် ဓာတုဗေဒဘာသာရပ်ကို စိတ်ဝင်စားနေ၍ လက်တွေ့စမ်းသပ်ရန် သတ္တုပစ္စည်းများ ဓာတုဗေဒပစ္စည်းများကိုဝယ်သည်။ အတန်းကျောင်းတွေ၊ တက္ကသိုလ်တွေမှာ နေမှမဟုတ်၊ စာအုပ်များဝယ်ဖတ်ခြင်းသည်လည်း သင်ကြားမှုတစ်ရပ်ဖြစ်ပါ၏။

ပို့ဟူရွန်တွင်ဟင်းသီးဟင်းရွက်လိုအပ်ချက်သည် အတော့ကိုများ၏။ မိမိကဲ့သို့ အိမ်နောက်ဖေး စားဖိုဥယျာဉ်တစ်ထောင်လောက်ရှိသည့်တိုင် ပို့ဟူရွန်၏ ဟင်းသီးဟင်းရွက်လိုအပ်ချက်ကို

www.burmeseclassic.com



ပြည့်မီမည်မဟုတ်သည်ကို အယ်ဒီဆင်စဉ်းစားမိ၏။ အယ်ဒီဆင်က စိုက်ပျိုးရေးကိုတိုးချဲ့၍လုပ်ဆောင်၏။ တိုးချဲ့ပြီး သူစိုက်ပျိုးထွက်ရှိသမျှ ဟင်းသီးဟင်းရွက်များသည် ခူးဆွတ်ပြီး နေ့မကူးခင်ကုန်၏။

တနေ့ ဒေးထရွိုက်သို့ သွားရာ ဒေးထရွိုက်ဈေးများတွင် ဟင်းသီးဟင်းရွက်များ တောင်လိုပုံနေသည်ကို အယ်ဒီဆင် သတိထားမိခဲ့၏။ ဒေးထရွိုက်နှင့် ပို့ဟူရွန်ကို နေ့စဉ်အချိန်မှန် မီးရထားပြေးဆွဲလျှက်ရှိရာ တစ်နေ့တွင် အယ်ဒီဆင်က-

"အမေ. . . ရေ ကျွန်တော့် ဟင်းသီးဟင်းရွက်စိုက်ခင်းလေးတော့ စိုက်လို့မနိုင် နိုင်အောင်ကို . . . .၊ ပို့ဟူရွန်က ဟင်းသီးဟင်းရွက်လိုနေတာပဲ အမေရဲ့"ဟု ဆို၏။

"အေးဟုတ်ပါရဲ့. . . အမေတို့နေခဲ့တဲ့မြို့တွေထဲမှာ ပို့ဟူရွန်ဟာ ဟင်းသီးဟင်းရွက်ရှားပါးတဲ့မြို့တစ်မြို့ပဲ၊ ဘာလဲ. . . ငါ့သားက ပို့ဟူရွန်တမြို့လုံးစာ ဟင်းသီးဟင်းရွက်စိုက်ခင်းကြီး စိုက်ချင်လို့လား "

"မဟုတ်ပါဘူး အမေရယ်. . . ပို့ဟူရွန်ကို ဟင်းသီးဟင်းရွက်ဖြည့်ဆည်းဖို့အတွက် သားမှာ အဲဒိထက်လွယ်တဲ့နည်းရှိတယ်"

"ဘယ်လိုနည်းလဲ သားရဲ့. . . ပြောပါဦး"

"အမေလဲ ဒေးထရွိုက်ကို ရောက်ဖူးသားပဲ၊ ဒေးထရွိုက်မှာဘယ်လောက်ဟင်းသီးဟင်းရွက်တွေပေါလဲ"

"အယ် ပြောတာမှန်တယ်ဟေ့၊ ဒေးထရွိုက်ဈေးတွေထဲမှာဟင်းသီးဟင်းရွက်တွေချည်းပဲ၊ ပို့ဟူရွန်မှာသာ ဟင်းသီးဟင်းရွက်ကရှားနေတာ"ဟု ဖခင်ဖြစ်သူက ဝင်ပြော၏။

www.burmeseclassic.com



"ဒီလိုလေ အမေရဲ့. . . ဒေးထရွိုက်မှာက နေ့စဉ်ရထား ရှိတယ်၊ ဒီတော့ဒေးထရွိုက်ကို နေ့စဉ်သွားပြီး ကုန်စိမ်းတွေယူ ရောင်းရင်မကိုက်ဘူးလား"

"သိပ်ကောင်းတဲ့ အကြံပဲ"ဟု ဖခင်ကဆို၏။

"အကြံကတော့ သိပ်ကောင်းတာမှန်ပါတယ်၊ ဒေးထရွိုက် ကကုန်စိမ်းကိုရထားနဲ့နေ့စဉ်ဘယ်သူကသယ်မှာတုန်း"ဟု အမေ ကမေးလိုက်ပါ၏။

"အဲ့ဒိကိစ္စကို သားကိုယ်တိုင်လုပ်မှာ"ဟု အယ်ဒီဆင်က ဝင်ပြောသောအခါ အမေက-

"ဒီအလုပ် လုပ်ဖို့သားကသိပ်ငယ်သေးတယ်။ သားအ သက်က ဆယ်နှစ်ပြည့်သေးလို့လား"ဟုဆို၏။

"ဒေးထရွိုက်နဲ့ပို့ဟူးရွန် အိမ်ဦးနဲ့ကြမ်းပြင်နေ့တိုင်းသွား နေကြတာပဲ၊ ဘာအခက်အခဲရှိလို့လဲ အမေ၊ ဘူတာရောက်တော့ ဒေးထရွိုက်သွားမယ်ဆိုပြီး မီးရထားလက်မှတ်ဝယ်၊ ဒေးထရွိုက် ဘူတာရောက်တော့ ရထားပေါ်ကဆင်းပြီး ဈေးကိုသွား၊ ဟင်းသီး ဟင်းရွက်တစ်တောင်းဝယ်ပြီးပြန်လာ။ ပို့ဟူးရွန်ကိုရောက်ရင် ဆယ် ဒေါ်လာဖိုးဟာ ဒေါ်လာနှစ်ဆယ်ရနိုင်တာ ဘာခက်တာမှတ်လို့လဲ ဒီအလုပ်ကိုလုပ်ဖို့ သားကဘယ်အသက်အရွယ်အထိစောင့်ရဦးမှာ လဲ"ဟု အယ်ဒီဆင်ကဆို၏။

ဒီကိစ္စကို အယ်ဒီဆင်က မိမိလုပ်ဆောင်နိုင်ကြောင်း ဖွတ်အတင်းပြော၏။ ထို့ကြောင့် မစ္စတာနှင့် မစ္စစ် အယ်ဒီဆင်တို့ က စမ်းလုပ်ဆောင်ကြည့်ရန် ခွင့်ပြုလိုက်၏။ ခွင့်ပြုလိုက်တော့ လည်း

www.burmeseclassic.com



အားလုံးက ချောမောနေတော့ မစ္စတာနှင့် မစ္စစ် အယ်ဒီ ဆင်တို့က ဒေးထရွိုက်-ပို့ဟူရွန် ဟင်းသီးဟင်းရွက်ကုန်သည်ကြီးကို သူ့ဆန္ဒအတိုင်းခွင့်ပြုလိုက်ရပါ၏။

ကုန်စိမ်းအရောင်းအဝယ်လုပ်ရင်း အယ်ဒီဆင်သည် နေ့စဉ် ဒေးထရွိုက်သို့သွားရ၏။ ထိုအခါ မြို့ကြီးပြကြီးတစ်ခု၏ သရုပ်သဏ္ဌာန်ကိုအသေးစိတ်ပို၍သိမြင်လာ၏။ ပို့ဟူရွန်သို့ပြန်ရန် မီးရထားစောင့်နေရသည့်အချိန်ကာလအတွင်း သူသည်ဒေးထရွိုက်မြို့၏ ဆူညံစည်ကားလှသောလမ်းများပေါ်လျှောက်သွားကာ လူအများအလုပ်လုပ်နေကြသည်ကိုလည်းကောင်း၊ ခြေတန်ရှည်အိမ်မြင့်ကြီးများကိုလည်းကောင်း၊ ပျော်ရွှင်မြူးတူးဖွယ်ရာများကိုလည်းကောင်း၊ ဆိုင်ပြူတင်းများ၌တည်ခင်းပြသထားသော လှပအံ့သြဖွယ်ရာကုန်ပစ္စည်းများကိုလည်းကောင်း ငေးမောစွာကြည့်ရှုတတ်သည်။ ဘူတာရုံသို့ကုန်စိမ်းခြင်းတောင်းကြီးထမ်း၍ မောကြီးပမ်းကြီးပြန်ရောက်လာသောအချိန်မှာ အမြဲလိုပင် မီးရထားမီရုံကလေးပင်သာဖြစ်၏။

ဤသို့ကုန်စိမ်းအရောင်းအဝယ်လုပ်နေရာမှ မကြာမီ စိတ်တက်ကြွအားသန်မှုလျော့နည်းလာသည်။ သူ၏ လက်တွေ့စမ်းသပ်တီထွင်လိုသောစိတ်ကြောင့် ဒေးထရွိုက်မြို့တွင် ပိုလျှံသည့်အချိန်နှင့် မီးရထားပေါ်လိုက်ပါစီးနင်းလာရသည့်အချိန်များကို အသုံးချနိုင်ရန်နည်းလမ်းများကိုကြံစည်လာသည်။ ဒေးထရွိုက်မြို့ရှိ ကလျာဏယုဝအသင်းသို့ အသင်းသားအဖြစ်ဝင်ရောက်ကာ အသင်း၏ စာကြည့်တိုက်တွင် ပိုသောအချိန် ထိုင်၍စာဖတ်သည်။

www.burmeseclassic.com



သို့သော် သူ၏ အကောင်းဆုံးစိတ်ကူးမိချက်မှာ မီးရထားကုမ္ပဏီတွင် အချိန်မှန်သတင်းစာရောင်းချသူအဖြစ် စာရင်းသွင်း၍လုပ်ကိုင်ရန်ဖြစ်၏။ ဤသို့ လုပ်ကိုင်ခြင်းဖြင့် ဒေးထရွိုက်လွတ်လပ်ရေး ပုံနှိပ်သတင်းစာကို သုံးနာရီကြာသွားလာရသော မီးရထားခရီးသည်များကို အမြတ်တင်ရောင်းချနိုင်မည်သာမက မီးရထားကိုလည်း အခမဲ့စီးနင်းလိုက်ပါခွင့် ရရှိလေသည်။ သူသည်မီးရထားဆိုက်တိုင်းဆိုက်တိုင်း၊ တစ်ဘူတာပြီးတစ်ဘူတာ လိုက်လံရောင်းချသည်။

သူ၏ဌာနချုပ်စခန်းများမှာကုန်တွဲတစ်တွဲဖြစ်၍သူ၏ သတင်းစာများ၊ ဟင်းသီးဟင်းရွက်ကုန်စိမ်းများ၊ ဓါတ်သတ္တုများ၊ ဓါတုဗေဒစာအုပ်များထားသည်။ တစ်ဘူတာပြီးတစ်ဘူတာ သတင်းစာဆင်းရောင်းပြီးပြန်လာသည့်အခါများတွင် သူ၏ ဓါတ်သတ္တုပစ္စည်းများဖြင့် ဌာနချုပ်စခန်းကုန်တွဲပေါ်တွင်စမ်းသပ်လုပ်ကိုင်ကြည့်တတ်သည်။

တနေ့သူသည် ပိုက်ဆံတော်တော် မြက်မြက်ကလေးရမည့် အခွင့်ကောင်းကို တွေ့သည်။ အမေရိကန်ပြည်၏ တောင်ပိုင်းသားနှင့် မြောက်ပိုင်းသားတို့အစွမ်းကုန်စစ်ပွဲဖြစ်နေကြသည့်အချိန်ဖြစ်သည်။ အပြင်းအထန် အကြိတ်အနယ်တိုက်ခိုက်နေသော စစ်ပွဲတစ်ပွဲတွင် ဗိုလ်ချုပ်ကြီး ဂျွန်ဆန် ကျဆုံးသွားသောသတင်းသည် ဒေးထရွိုက်မြို့သို့ရောက်လာသည်။ အယ်လ်သည် ဒေးထရွိုက်ကြေးနန်းရုံးဝန်ထမ်းအား ချဉ်းကပ်ပြီး **ရှီလို**စစ်ပွဲ၏ အသေးစိတ်အဖြစ်အပျက်သတင်းကို ညနေသတင်းစာတွင်မီးရထားနှင့်အတူပါလာလိမ့်မည်ဖြစ်ကြောင်း၊ ဤသတင်းကို မီးရထားလမ်းတစ်လျှောက်

www.burmeseclassic.com



ဘူတာရုံများတွင်ရှိသောကြော်ငြာသင်ပုန်းများတွင်မြေဖြူဖြင့်ရေးသား ဖော်ပြထားရန်ဟူသောကြေးနန်းကိုပို့ပေးရန်အကူအညီတောင်း သည်။ ထို့နောက်သူသည် ဒေးထရွိုက်လွတ်လပ်ရေးပုံနှိပ်သတင်း စာ၏ မန်နေဂျာထံမှ ခါတိုင်းယူနေကျအစောင်၂၀၀ မဟုတ်တော့ ဘဲ အစောင်-၁၀၀၀ကိုအကြွေးစနစ်ဖြင့်ရယူခဲ့သည်။

တစ်ဘူတာပြီးတဘူတာသတင်းစာများကိုတိုးမြှင့်တိုးမြှင့် ပြီးရောင်းချသွားရာသတင်းစာအားလုံးကုန်သွားသည်။ နောက် တနေ့သူသည် ဒေးထရွိုက်ကုန်စုံဆိုင်တစ်ခုသို့ဝင်သွားကာ ပုံနှိပ် စက်အဟောင်းကလေးတစ်လုံးဈေးစုံစမ်းသည်။ ပိုင်ရှင်က ဒေါ်လာ တစ်ရာနှင့်ရောင်းမည်ဟုပြောသည်ကို အယ်လ်က စားပွဲပေါ်တွင် သူ့တွင်ပါသမျှဒေါ်လာငါးဆယ်ကိုတင်လိုက်ပြီး "ဒါကျွန်တော့် ဆီမှာ ရှိသမျှအကုန်ပဲ၊ ဒီဟာကိုရောင်းဖို့ကြိုးစားနေတာ ကျွန် တော်သိပါတယ်"ဟု ပြောလိုက်သည်။ ပိုင်ရှင်သည် ပုခုံးကို အနည်းငယ်တွန့်လိုက်ပြီး "ငါ. . . ဟောဒီ ပုံနှိပ်စက်ပေါ်မှာ ရှုံးနေတာတော့ အမှန်ဘဲ၊ ဒါပေမဲ့ မင်းယူသွားနိုင်ပါတယ်"ဟု ပြော ပြီးပေးလိုက်သည်။

အယ်လ်သည် သူ၏ ကုန်ပစ္စည်းများထားရာ မီးရထားကုန် တွဲပေါ်တွင် ဝယ်ယူလာသောပုံနှိပ်စက်ကလေးကို တည်ထောင်လိုက် ပြီး "ရှေ့ဆောင်အပါတ်စဉ်"ဟူသောတစ်ပတ်တစ်ကြိမ်ထုတ် သူ့ကိုယ်ပိုင်သတင်းစာကိုထုတ်ဝေဖြန့်ချိသည်။ ထိုစဉ်ကသူ၏ အသက်မှာ ၁၅ နှစ်သာရှိသေးသည်။ သတင်းစာထွက်လာရန် လုပ် စရာရှိသမျှသူအကုန်လုပ်သည်။ သတင်းထောက်လည်းသူ၊

www.burmeseclassic.com



စာတည်းလည်းသူပင်။ စာစီသူ၊ ထုတ်ဝေသူ၊ ရိုက်နှိပ်သူ၊ ကြော်ငြာကိုယ်စားလှယ်၊ သတင်းစာရောင်းသူ၊ အားလုံးအလုပ်ဟူသမျှသူချည်းပင်ဖြစ်သည်။ စာမျက်နှာ ၂ မျက်နှာနှင့် စောင်ရေ ၄၀၀ ထုတ်သည်။ ဒေးထရွိုက်သတင်းစာတွင် ကော်လန်မပေး၍ မပါနိုင်သော ယူတိက၊ မောင့်ကလီမင်၊ ပို့ဟူရွန်မြို့ရွာများမှ ဒေသန္တရသတင်းများ အထူးရေးသားဖော်ပြသည်။ တစောင်လျှင် ၃ ဆင့်နှင့် ရောင်း၍ တစ်လလုံးအတွက် ၈ ဆင့်ယူသည်။

သောမတ်အယ်လ်ဗာအယ်ဒီဆင်သည် ကမ္ဘာပေါ်တွင် အငယ်ဆုံးသောသတင်းစာတိုက်ပိုင်ရှင်သာမက ရှေ့ဆောင်အပါတ်စဉ်သတင်းစာသည် မီးရထားပေါ်တွင်ပုံနှိပ်ထုတ်ဝေသော ပထမဆုံးနှင့် တစ်ခုတည်းသော သတင်းစာဖြစ်သည်။

လန်ဒန်မှတိုင်း(မ်)သတင်းစာကပင် အယ်လ်နှင့် အယ်လ်၏ရှေ့ဆောင်အပါတ်စဉ်သတင်းစာအကြောင်းကိုမဖော်ပြဘဲမနေနိုင်သည်အထိဖြစ်ရသည်။ သူ့အကြောင်းကို သူ့သတင်းစာမှအပ ဤလန်ဒန်တိုင်း(မ်)သတင်းစာတွင်ဖော်ပြခြင်းသည် ဦးဆုံးဖော်ပြခံရခြင်းဖြစ်သည်။ ထိုအချိန်က လန်ဒန်တိုင်း(မ်)သတင်းစာ၏ အယ်ဒီတာသော်လည်းကောင်း၊ ရှေ့ဆောင်အပါတ်စဉ်သတင်းစာ အယ်ဒီတာ အယ်လ်ကိုယ်တိုင်က သော်လည်းကောင်း လာမည့်နှစ်ငါးဆယ်အတွင်းနံမည်အကျော်ကြားဆုံးသောပုဂ္ဂိုလ်ကြီးခြောက်ဦးတွင် အယ်ဒီဆင်ဟူသောအမည်သည် တစ်ကမ္ဘာလုံးကျော်ကြားလိမ့်မည်ဟူ၍ကြိုတင်သိမြင်ကြခြင်း မရှိကြပါ။

www.burmeseclassic.com



အယ်ဒီဆင်အကြောင်းရေးသားဖေါ်ပြရာ၌ ရှေးဦးစွာ မီးရထားပေါ်တွင်မီးလောင်မှုဖြစ်သည့်အကြောင်းဖေါ်ပြရာ ဤရှေ့ဆောင်အပါတ်စဉ်သတင်းစာ ထုတ်နေသည့်အချိန်က ဖြစ်သည်။ အယ်လ်သည် ငယ်ရွယ်သေးသူဖြစ်သည့်အားလျော်စွာ ဂရုတစိုက်မလုပ်တတ်သေးသည့်အပြင်သူ့ကိုယ်သူဟုတ်လှပြီဟူသော အထင်အမြင်သည်လည်း အနည်းငယ်ဝင်လေသည်။ သူ့တွဲထဲတွင်သူပိုင်သမ္ဗုဆိုင်သမ္ဗုပစ္စည်းများဖြင့်သတင်းစာပုံနှိပ်စက်ကလေးတည်ထောင်ထားသည့်အပြင်လုပ်နေသောစီးပွားရေး၏ လိုအပ်သည့်ကရိယာတန်ဆာပလာများ ပါရှိသည်။ ထိုနေ့တွင် မီးရထားသည် ယူတိက ဘူတာ၌ ကြာသွားသဖြင့် မီးရထားမောင်းသူသည် ရှေ့ဘူတာတွင်အချိန်မှီဆိုက်ကပ်နိုင်ရန် အချိန်ကိုလု၍ မောင်းလေရာ မောင့်ကလီမင် ဘူတာမရောက်မှီအကွေ့တစ်ကွေ့ကို အရှိန်ပြင်းပြင်းနှင့်ကွေ့လိုက်၏။ ထိုအခါ အယ်လ်၏ ဓါတ်ခွဲခန်းစင်မှ မီးစုံးဓါတ်တောင့်များသည် ကုန်တွဲ၏ကြမ်းပြင်ပေါ်သို့ လွင့်ကျပြီးချက်ချင်းမီးထတောက်လေတော့သည်။

နောက်ပိုင်းမည်ကဲ့သို့ဖြစ်သည်ကို ကျွန်ုပ်တို့သိခဲ့ပြီ။ သတင်းစာပိုင်ရှင်နှင့် စီးပွားရေးသမားကလေး သူ့ဘဝတွင် တွေ့ကြုံရသော ထိုအဖြစ်ဆိုးနေ့ကို ဗရမ်းဗတာပျက်စီးနေသော သူ့အဖိုးတန်ပစ္စည်း ကရိယာတန်ဆာပလာပုံပေါ်မှာခွထိုင်ကာ'နား'နာလှသည့်ဒဏ်ကတဖက်နှင့် မျက်ရည်လည်ရွဲနှင့် ဖြစ်ခဲ့သည်။

သို့သော် ဤမျှရှုံးနိမ့်ခဲ့ရသဖြင့်သူကြံရွယ်ထားချက်များနှင့် လုပ်ငန်းဆောင်တာများကို စွန့်လွှတ်လိုက်မည်ဆိုလျှင်အယ်ဒီဆင်

www.burmeseclassic.com



သွေးမဟုတ်ချေ။ အကြီးအကျယ်မပျက်စီးခဲ့သော သူ့ပုံနှိပ်စက်ကို သူ့အဖေအိမ်၏မြေတိုက်ခန်းတွင် ပြန်လည်တည်ထောင်လိုက် သည်။ အယ်လ်၏ သတင်းထောက်သူငယ်ချင်းတဦးက ရှေ့ဆောင် အပါတ်စဉ်ဟူသောသတင်းစာအမည်ကိုပေါပရိုင်ဟုအမည်ပြောင်း ရန်အကြံပေးချက်အတိုင်း နံမည်ပြောင်းလိုက်ပြီး၊ ပို့ဟူရွန်မြို့၏ လူကြီးလူကောင်းအမည်ခံနေသူများ၏အတင်းအဖျင်း၊ အရှုးထပုံ စသည်တို့ကိုထုတ်ဖေါ်သရော်သည့်စာစောင်အဖြစ်သို့ ပြောင်းလဲ ထုတ်ဝေသည်။ ဖတ်ရသူများက အတော်ဝမ်းသာကျေနပ်ကြသော် လည်း အရေးခံကြရသူများကတော့ ကျွဲမြီးတိုကြလေသည်။ အရေး ခံကြရသူများအနက်မှ စီးပွားရေးသမားတစ်ဦးသည် ဒေါသအမျက် ချောင်းချောင်းထွက်ကာ အယ်ဒီဆင်အိမ်သို့သွား၍ သတင်းလှုံ့ ဆော်သူကလေး၏ဂုတ်ကိုဆုတ်ကိုင်ပြီး စိန်ကလဲ့မြစ်ကမ်းနဖူး အပါး ဆွဲခေါ်သွားသည်။ ကမ်းပါးပေါ်မှ အယ်လ်ကို မြစ်တွင်းသို့ မြှောက်ပင့်ချလိုက်လေသည်။

ပေါပရိုင်သတင်းစာသည် ဤတွင်နိဂုံးတံကာ အယ်ဒီ ဆင်သည်လည်း သတင်းစာလောကမှ အပြီးအပိုင်ထွက်ခွာခဲ့ရလေ တော့သတည်း။

❖ ❖ ❖

www.burmeseclassic.com

## အခန်း (၅)
## ပထမဆုံးတီထွင်ခြင်း

ကုန်စိမ်းသည်ကြီး၊ ကမ္ဘာ့အငယ်ဆုံးသတင်းစာတိုက်ပိုင်ရှင်ကြီးနှင့် အယ်ဒီတာချုပ်လည်းဖြစ်သော မဟာအယ်ဒီဆင်သည် ဇက်ပိုးမှဆွဲ၍စိန်ကလဲ့မြစ်ထဲသို့ပြစ်ချခံရပြီးသည့်နောက်အလုပ်လက်မဲ့ဖြစ်သွားခဲ့၏။

အယ်ဒီဆင်ဆိုသော ဒီလူငယ်က ဆင်ကြံကြံနေသူဖြစ်သည်။ အခွင့်အလမ်းကို အမြဲချောင်းနေသူဖြစ်၏။ သဘာဝတရားကြီး၏ လျှို့ဝှက်ချက်များ၊ ဆန်းကြယ်မှုများကို စတင်၍သိရှိနေသူဖြစ်၏။ စာသင်ကျောင်းမနေရသော်လည်း ဓါတုဗေဒနှင့် ရူပဗေဒ

www.burmeseclassic.com



သဘောထားများကို တီးခေါက်မိပြီးသူဖြစ်၏။ အယ်ဒီဆင်၏ ခေတ်တွင်သိပ္ပံပညာသည်တာထွက်စပြုနေပြီဖြစ်၏။ တစ်နည်းဆိုရသော်သိပ္ပံပညာမီးရထားကြီးစတင်ထွက်နေပြီဖြစ်ရာ အယ်ဒီဆင်သည် မီးရထားတွဲဖြင့်တက်လိုက်ရမည်ဖြစ်ရာ ဘယ်တွဲဖြင့်သာမည်ကို အယ်ဒီဆင်သည် စောင့်နေခြင်းဖြစ်၏။ အယ်ဒီဆင်တို့ခေတ်တွင်သံကြိုးရိုက်သည့်လုပ်ငန်း စီးပွားဖြစ်ထွန်းကားနေပြီဖြစ်၏။ သူ့ရှေ့မှ ထွန်းကားစပြုပြီး၊ လေးဘက်သွားနေသောသိပ္ပံပညာကို အယ်ဒီဆင်သည် အလွန်မှစိတ်ဝင်စားသည်။

ကုန်စိမ်းသည်အဖြစ်မှလည်းကောင်း၊ သတင်းစာဆရာအဖြစ်မှလည်းကောင်း အလုပ်ပြုတ်လာသော ဒီလူငယ်သည် အသက်မွေးဝမ်းကြောင်းအလုပ်တစ်ခုခုရရှိရေးအတွက် လမ်းစကိုရှာဖွေလျက်ရှိ၏။ မိမိဝါသနာနှင့်ကိုက်ညီသောအသက်မွေးဝမ်းကြောင်းမှုဆိုလျှင်တော့ပိုကောင်းမည်ဟု ဒီလူငယ်ကစိတ်ကူးစဉ်းစားနေ၏။

တစ်နေ့တွင် အလုပ်အကိုင်အတွက် အခွင့်ကောင်းတရပ်သူ့ထံမှောက်သို့ရောက်ရှိလာခဲ့၏။

၁၈၆၂ ခုနှစ်တစ်နေ့တွင် သူသည် မောင့်ကလီမင့် စက်ရုံ ပေါ်တွင် ရပ်လျက်မီးရထားတွဲဆက်ဖြုတ်နေသည်ကို ကြည့်ကောင်းကောင်းနှင့် ကြည့်နေလေသည်။ မီးရထားမှ ဖြုတ်လွှတ်လိုက်သော ကုန်တွဲတစ်တွဲသည် အတော်အရှိန်ပြင်းပြင်းနှင့် မီးရထားလမ်းသွယ်သို့လိမ့်ဆင်းလာသည်ကို တွေ့ရသည်။ အယ်ဒီဆင်ကလေး၏ သွေးများ ချက်ချင်းခဲသွားသကဲ့သို့ ဖြစ်သွားသည်။ အရှိန်နှင့်လိမ့်

www.burmeseclassic.com



ဆင်းလာသော ကုန်တွဲလမ်းပေါ် ရှိကျောက်စရစ်ပုံတွင် ကလေးငယ် တစ်ဦး ကစားနေသည်။ အယ်ဒီဆင်သည် သူ့တွင်ပါလာသမျှကို လွှတ်ချပြီး မီးရထားလမ်းဘက် အတင်းပြေးသွားကာ ကလေးငယ် အားသေဘေးမှဆွဲထုတ်လိုက်လေသည်။ တစ်စက္ကန့်နောက်ကျလျှင် ပင်သေဖွယ်ရာသာရှိ၏။ သူ့ဘွတ်ဖိနပ်နှင့် တွဲဘီးနှင့်ပွတ်ထိသွား သေးသည်။ ကလေးနှင့်အတူ စိတ်လှုပ်ရှားပြီးတုန်လျက်ရှိနေစဉ် ဘူတာရုံပိုင်ကြီးသည် သူ့ရုံးခန်းမှပြေးထွက်လာသည်။ အသက်ဘေး ကလွတ်သွားသူမှာ ရုံပိုင်ကြီး၏သားကလေးပါတကား။ အယ်လ် အားအလွန့်အလွန်ပြောမကုန်နိုင်အောင် ကျေးဇူးဥပကာရတင်ရှိ ကြောင်း ရုံပိုင်ကြီးကပြောသည်။

“မင်းကို ငါဘယ်လိုများကျေးဇူးတုံ့ပြန်ရမလဲကွာ၊ မင်း အတွက် ငါဘာလုပ်ပေးနိုင်မလဲ ပြောစမ်းပါကွာ” လူငယ်သည် ခေတ္တတွေးတောစဉ်းစားလိုက်ပြီး

“ကျွန်တော်ထင်ပါတယ် လုပ်ပေးနိုင်တာရှိတယ်လို့၊ လူ ကြီးမင်း ကျွန်တော့်ကို ကြေးနန်းရိုက်တာသင်ပေးနိုင်ပါတယ်”

“ဝမ်းမြောက်ဝမ်းသာစွာနဲ့ပါပဲကွာ၊ ငါသင်ပေးပါ့မယ် ငါ့မိတ်ဆွေကလေးရယ်၊ မင်းဘယ်တော့စသင်ချင်လဲ၊ နက်ဖြန် မနက်လား”

အယ်ဒီဆင်ကလေးသည် ကြေးနန်းအတတ်ပညာကို အထူးစိတ်ပါဝင်စားခဲ့သည်မှာ ကြာခဲ့ပြီ။ ကြေးနန်းဆက်သွယ်ခြင်း သည် ဆန်းသစ်သောပညာတစ်ရပ်ဖြစ်သည်။ ကြေးနန်းတီထွင်ခဲ့သူ ဆင်မြူရယ်မော့စ သည် ဝါရှင်တန်မြို့တော်နှင့် ဘော်လတီမိုးမြို့ကို

www.burmeseclassic.com



လက်ဦးဆုံးစမ်းသပ်သည့် ကြေးနန်းလိုင်းကို ဆက်သွယ်ခဲ့သည်မှာ ၁၈ နှစ်ခန့်သာ ရှိသေးသည်။ ယခုဆိုလျှင် မီးရထားလမ်းများ ရှိသလောက် ကြေးနန်းကြိုးများထားရှိပြီး မီးရထားသံလမ်းများ အသစ်ချတိုင်း ကြေးနန်းတိုင်များကိုလည်း တစ်ပြိုင်နက်စိုက်ထူသည်။ အမေရိကန်တစ်နိုင်ငံလုံးမီးရထားဖြင့် ဆက်သွယ်ရေးတွင် ကြေးနန်း ဖြင့်ဆက်သွယ်ခြင်းမှာလည်းခွဲမရ တစ်သားတည်း တစ်ဆက်တည်း ဖြစ်နေပေပြီ။ မီးရထားလမ်းပေါ်က ဘူတာတိုင်းတွင် ကျွမ်းကျင်မှု ရရှိပြီးဖြစ်သောကြေးနန်းအော်ပရေတာများကိုခန့်ထားသည်။ အယ်ဒီဆင်ကလေးသည် ဤတီထွင်မှုသစ်၏အာနိသင်ကို ကောင်း စွာစမ်းသပ်သိရှိထားပြီးဖြစ်သည်။ ရှိလိုစစ်ပွဲအကြောင်း ကို မီးရထားမရောက်မီ ကြိုတင်သိရှိထားနှင့်ရန် ဒေးထရွိုက်မှ ကြေး နန်းအော်ပရေတာကို သူကြေးနန်းရိုက်ခိုင်းဖူးသည်မဟုတ်ပါ လော။ ပို့ဟူရွန်ရှိ သူ့နေအိမ်တွင်လည်း သူ့မိတ်ဆွေတစ်ယောက်၏ အိမ်နှင့်ကြေးနန်းဆက်သွယ်ပြီးစကားတစ်လုံးစ နှစ်လုံးစ ဆက်သွယ် ကြည့်ဖူးသည်။ သို့သော် အစက်နှင့်တုံးများကိုအသုံးပြုသော မော့စ၏ သရသုံးစွဲသည့် သင်္ကေတများ သူ့အဖို့ရှုပ်ထွေးလျက်ပင် ရှိနေသေးသည်။ တစ်ဘက်ကခလုပ်နှိပ်လိုက်ရုံဖြင့် တစ်ဘက်က တစ်ခနဲ အသံမြည်ရခြင်း၏ နောက်ကြောင်းတွင် မည်သည့်ဆန်း ကြယ်သောအင်အားက ဖန်တီးနေသည်ကို သူသိလိုသည်။ ခုချိန် အထိ သူစုံစမ်း၍ အကောင်းဆုံးသိရှိရချက်မှာ ကြေးနန်းပြင်ဆင် သူ စကော့လူမျိုးအဘိုးကြီးထံမှ ဖြစ်သည်။ အဘိုးကြီး၏ရှင်းလင်းပြ ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

www.burmeseclassic.com



"ဒီလိုကွ. . . မင်းမှာ အင်မတိအင်မတန်ရှည်လျားတဲ့ခွေး သမင်ပုတစ်ကောင် ရှိတယ်ဆိုပါတော့၊ ဘယ်လောက်ရှည် သလဲဆိုယင် အီဒင်ဘာရာ က လန်ဒန်အထိရှည်တယ်ဆို ပါစို့၊ အီဒင်ဘာရာမှာရှိတဲ့ သူ့အမြီးကို မင်းကဆွဲလိုက် ယင် လန်ဒန်မှာရှိတဲ့ သူ့ခေါင်းက ဟောင်တာပေါ့၊ အဲ ဒါ့ပဲကွ ကြေးနန်းဆိုတာ"

အယ်ဒီဆင်သည် မနေမနားဇွဲကောင်းကောင်းဖြင့် သင်ယူရာ ကြေးနန်းရိုက်ခြင်း၊ လက်ခံခြင်းစသည့်ကိစ္စရပ်များနှင့် ပတ်သက်၍ အကုန်အစင်တတ်မြောက်လေသည်။ ဇွဲကောင်းခြင်း သည်သူ့တွင်ရှိသောအရည်အချင်းကောင်းများအနက်တစ်ခုပင်။ သူ့အသက် ၁၆နှစ်ပြည့်သောအခါ ရုံပိုင်ကြီးကသူ့အား လိုင်းမကြီး တွင် ကြေးနန်းအော်ပရေတာအဖြစ်ထောက်ခံလိုက်လေသည်။

ထိုအလုပ်လုပ်နေစဉ်သူသည်ပထမဦးဆုံးတီထွင်သော် လည်း သိသာသည့်အကြောင်းများကြောင့် သူ့တီထွင်ချက်ကို အလေးမမူဂရုမစိုက်ခဲ့ကြချေ။ သိသာသည့်အကြောင်းများဟူသည် ကား အဘယ်နည်း။ အောက်ပါအတိုင်း ဖြစ်ချေသည်။

အွန်တေရီယိုကမ်းပါးပေါ်ရှိ စတာဖို့ လမ်းဆုံဘူတာ ကလေးတွင် မဟာဂရိတ် အယ်ဒီဆင်သည် အော်ပရေတာအဖြစ် တာဝန်ချထားခြင်းခံရ၏။ ဤသို့ညအလှည့်ကျသူတယ်လီဖုန်း အော်ပရေတာများ၏ ဝတ္တရားတရပ်မှာ တစ်နာရီပြည့်တိုင်း မီးရ ထားလွှတ်ရုံးသို့ နံပါတ် ၆ ဂဏန်းကို အိပ်မနေပါဟူသည့် သဘော ဖြင့် အချက်ပြကြေးနန်းရိုက်ကြရသည်။ စတာဖို့ဘူတာမှ တစ်နာရီ

www.burmeseclassic.com



ပြီး တစ်နာရီ၊ တစ်ညပြီးတစ်ည အချိန်မှန်မှန် အချက်ပြနံပါတ် ၆ ဂဏန်းသည် ပေါ်ထွက်လာသည်။ ထိုသို့ထွက်ပေါ်လာခြင်းသည် စတာဖို့ ကြေးနန်းရုံမှ အော်ပရေတာသည် ညမအိပ်ဘဲ တစ်နာရီတစ်ကြိမ် အချက်ပြနေသည် ဆိုသည့်သဘောဖြစ်ပါ၏။

သို့သော်တစ်ကြိမ်တွင် အကြောင်းတစ်ခုကြောင့် စတာဖို့ကြေးနန်းရုံမှ အော်ပရေတာ မဟာဂရိတ်အယ်ဒီဆင်အား ကြေးနန်းဖြင့်လှမ်းခေါ်ရာ ပြန်မထူးဘဲရှိ၏။ အော်ပရေတာ အိပ်မနေကြောင်းတာဝန်ထမ်းဆောင်နေကြောင်းကလည်း (၆) ဂဏန်းသည် အချက်ပြလျက်ရှိ၏။ ဘာများဖြစ်နေတာလဲဆိုသည်ကို အုပ်ချုပ်ရေးမှူးကစုံစမ်းရာ ဆိုဖာကုလားထိုင်ပေါ်တွင် အယ်ဒီဆင်သည် သိုးနေအောင်အိပ်ပျော်နေပါလျှက် (၆) ဂဏန်းတစ်ဖက်တွင်ပေါ်နေမှုသည် ထူးခြားမှုပင် ဖြစ်၏။ ဤအချက်သည် အယ်လ်ဒီဆင်၏ တီထွင်မှု ဖြစ်၏။ ဤကား သောမတ်(စ)အယ်လ်ဗာအယ်လ်ဒီဆင်၏ပထမဆုံးတီထွင်ချက်ဖြစ်သည်။

တစ်နာရီလျှင်တစ်ကြိမ် တုံးတစ်ခုနှင့် အစက် ၄ ခုအချက်ပြရိုက်ရသော နံပါတ် (၆) ဂဏန်းထွက်ပေါ်လာရကာ တီထွင်ထားသည့်ကိရိယာတွင် နာရီတစ်လုံး၊ ဘီးတစ်ခုနှင့် ယင်းဘီးနှုတ်ခမ်းသွားပါတ်ပါတ်လည်တွင် အထစ်များထစ်ထားသည်။ ၄င်းတို့အား လျှပ်စစ်နှင့် ဆက်သွယ်ထားပြီး တစ်နာရီပြည့်တိုင်း လျှပ်စစ်တစ်ပါတ်လည်ပြီး ပိတ်နိုင်ဖွင့်နိုင်အောင် စီစဉ်ထားရာ တစ်နာရီထိုးတိုင်း နံပါတ် (၆) ဂဏန်းကိုအလိုအလျှောက်ကြေးနန်းရိုက်လေသည်။

www.burmeseclassic.com



အယ်ဒီဆင်သိုးနေအောင်အိပ်ပျော်နေသော်လည်း စက်က အချိန်မှန် နံပါတ် (၆) ဂဏန်းကို ပို့နေပါ၏။

အုပ်ချုပ်ရေးမှူးသည် အယ်ဒီဆင်၏တီထွင်ချက်ကို တွေ့စေကာမူလည်း ယုံကြည်စိတ်ချရသောအရည်အချင်းရှိသူ ကြေးနန်းအော်ပရေတာတယောက်အဖြစ်သူ့အားမယူဆချေ။ ဒီအတောအတွင်း အကြောင်းမတန်အကြောင်းကံတစ်ခုက ဖြစ်လိုက်ချေသေး၏။ သူ့အား ကုန်တင်မီးရထားတစ်စင်းကို အရပ်ခိုင်းလိုက်သည်ကို သူမလုပ်ဖြစ်ပေ။ ထို့ကြောင့် သူ့အားအလုပ်မှ ထုတ်ပယ်လိုက်လေသည်။

နောက်ငါးနှစ်အတွင်း မီးရထားကုမ္ပဏီအများအပြားတွင် သူသည် ကြေးနန်းအော်ပရေတာအဖြစ်ဆောင်ရွက်ခဲ့သည်။ သူလုပ်ကိုင်ခဲ့ဖူးသည့် မြို့နယ်များမှာအင်ဒီယားနားမှ နယူးအော်လင်းသို့။ ထို့နောက် စင်စင်နတီမှသည် လူဝီဗီး(လ)ဖြစ်သည်။ သူ့ကိုယ်သူ အမေရိကန်တစ်ပြည်လုံးတွင် အမြန်ဆုံးကြေးနန်းပို့နိုင်သူဖြစ်လာစေရန်လေ့ကျင့်ပြီး တစ်ဘက်တွင်လည်းဓါတ်သတ္တုပစ္စည်းများနှင့် ဓါတ်ခွဲစမ်းသပ်သည်။ လူဝီဗီး(လ)တွင် သူအလုပ်ပြုတ်ရသည်မှာ သူစမ်းသပ်မှုတစ်ရပ်ကြောင့်ပင်ဖြစ်၏။ သူ့အတွက်ကံမကောင်းအကြောင်းမလှချင်တော့ သူ၏ကြေးနန်းခန်းတွင်ငရဲမီးထည့်ထားသောဖန်အိုးကြီးမှောက်ကျသွားပြီး ငရဲမီးအရည်များလည်းအောက်ထပ်တွင်ရှိသော မန်နေဂျာ၏ရုံးခန်းထဲသို့ ယိုဆင်းသွားသည်။ ငရဲမီးရေသည် မန်နေဂျာရုံးခန်းရှိလှပစွာခင်းထားသောကော်ဇောပေါ်ကျသဖြင့်မီးလောင်ရာ အကျည်းတန်သည့်

www.burmeseclassic.com



အကွက်တစ်ကွက်ဖြစ်သွားသည်။ အယ်ဒီဆင်ကို ချက်ချင်းဆင့်ခေါ်၍ဖြစ်ရခြင်းအကြောင်းရင်းကို မေးပြီးသူဘာလုပ်ခဲ့သည်ကိုရှင်းလင်းစေရသည်။

"ဒို့တီထွင်တဲ့သူမလိုချင်ဘူး၊ ကြေးနန်းအော်ပရေတာပဲလိုတယ်။ မင်း တို့ဆီမှာအလုပ်လုပ်ဖို့မလိုတော့ဘူး"

ဟုပြောဆိုကာအလုပ်မှထုတ်ပစ်လိုက်လေသည်။

ဤတွင် အယ်ဒီဆင်သည် အလုပ်ပြုတ်ခဲ့ရပြန်၏။

အလုပ်ပြုတ်ခဲ့ရသော်လည်း အယ်ဒီဆင်သည် ထိုအချိန်တွင် ဉာဏ်မီးတောက်ပြီ ဖြစ်၏။ ကြေးနန်းလုပ်ငန်းကိုလည်းတစ်ဖက်ကမ်းခတ်မျှတတ်မြောက်ခဲ့ပြီ ဖြစ်၏။ သို့သော် ဒီလူငယ် လူ့လောကသို့ ရောက်ရှိလာခြင်းသည် ကြေးနန်းပို့သည့်လုပ်ငန်းကို တစ်ဖက်ကမ်းခတ်တတ်မြောက်ဖို့ရောက်လာခြင်းမဟုတ်။

သူသည်တီထွင်မှုပေါင်း ၂၅၀၀ ကျော်ပြုလုပ်ရန်လူ့လောကအတွင်းသို့ရောက်ရှိလာခြင်းဖြစ်ရာ ဒီလူငယ်ဘာတွေဆက်လုပ်ဦးမည်ကိုလေ့လာကြည့်ကြပါစို့။

☆ ☆ ☆

www.burmeseclassic.com

# အခန်း (၆)
# ထင်တိုင်းဖြစ်မလာသည့်မဲပေးစက်

အလုပ်မရှိလျှင် မနေတတ်မထိုင်တတ်ဖြစ်နေသော အယ်လ်ထံသို့အလုပ်တစ်လုပ်ရောက်ရှိလာပြန်ပါ၏။

သူကယခုအချိန်တွင်လခစားအလုပ်ကို သိပ်မလုပ်လိုတော့၊ သို့သော်လခစားအလုပ်ကို မလုပ်၍ကလည်းမဖြစ်သေးပေ။ လခစားအလုပ်ကသာဝင်ငွေရရှိသည်ဖြစ်ရာတီထွင်မှုသုတေသန လုပ်ငန်းများကိုလုပ်ဖို့ဆိုပါကငွေများစွာလို၏။

ငွေမရှိဘဲတီထွင်မှုမပြုနိုင်။

အယ်လ်၏ခေါင်းထဲတွင်တော့တီထွင်မှုများသည်ဝင်ရောက်တန်းစီးစပြုပြီဖြစ်ပါ၏။ ဒါတွေကို စိတ်ကူးပဲယဉ်၍ ရသေး

www.burmeseclassic.com



သည်။ လက်တွေ့တွင်ကား ငွေမရှိသောကြောင့် အကောင်အထည် မပေါ်လာသေး။

မိမိ၏တွေးတောမှုကိုယုံကြည်၍ တစ်စုံတစ်ယောက်ကအ ရင်းအနှီးထုတ်ပေးပါကလည်းမိမိစိတ်ကူးထဲမှတီထွင်မှုများသည် တန်းစီ၍ ထွက်လာစရာအကြောင်းရှိသေး၏။ သို့သော်လည်း ထိုကဲ့သို့သောပုဂ္ဂိုလ်များက မရှိသေးသောအချိန်တွင်ရရှိသောအလုပ် ကိုသာ လုပ်ကိုင်လေဦးတော့။ တီထွင်မှုပါရဂူကြီးရေ . . . . .

သူရရှိသောအလုပ်မှာ ဘော်စတွန်မြို့ရှိဝက်စတင်းယူနီယံ ကြေးနန်းကုမ္ပဏီတွင်ဖြစ်၏။ ဘော်စတွန်မြို့ရှိ ဝက်စတင်းယူနီယံ ကြေးနန်းကုမ္ပဏီကြီးတွင်သူလုပ်ရသောအလုပ်မှာဘော်စတွန် ရှေ့ဆောင်သတင်းစာအတွက် နယူးရော့မှပေးပို့သောကြေးနန်း သတင်းများကိုလက်ခံရသည့်အလုပ်ဖြစ်သည်။ သူ့ထံသို့ကြေးနန်း သတင်းရှေးဦးစွာပို့မည့်သူသည် နယူးရောက်မြို့၏ အမြန်ဆုံးကြေး နန်းအော်ပရေတာဖြစ်ကြောင်း သူမသိရှာပေ။ သူ့အပေါင်းအသင်း အော်ပရေတာများက တမင်လာစီစဉ်ထားခြင်းဖြစ်၏။

ပထမတွင်ကြေးနန်းကိုဖြေးဖြေးပို့၍တဖြည်းဖြည်းမြန် လာရာ အယ်ဒီဆင်ခမြာ သတင်းရရှိကြောင်းအချက်ပြခလုပ် ကိုပြန်မနှိပ်နိုင်လောက်အောင်ပင်ဖြစ်လေ၏။ သို့သော် အယ်ဒီဆင် သည် ပေးပို့သမျှကြေးနန်းသတင်းများကို တစ်လုံးမကျန်အလွယ် တကူနှင့်ပင် ပြန်ဆိုလက်ခံနိုင်ခဲ့လေသည်။ နယူးရောက်မှ အော်ပ ရေတာသည် ထပ်၍ပညာစမ်းပြန်သည်။ အော်ပရေတာအသစ် ကလေးရှုပ်ထွေးသွားစေရန် စာလုံးများကို ဟိုနေရာချန်သည်

www.burmeseclassic.com



နေရာချန်၍ အချို့စားလုံးများကို မပီမသရိုက်ပို့သည်။ ပေးပို့သည့်သတင်းပြီးဆုံးခါနီးသောအခါ အယ်ဒီဆင်က "ကောင်က လေး . . . မင်းရဲ့တခြားခြေထောက်တဘက်နဲ့ ပြောင်းပြီးရိုက်ပါ" ဟု ပြန်လည်အကြောင်းကြားလိုက်သည်။ အဓိပ္ပါယ်မှာ မင်းကြေးနန်းရိုက်တာလက်နဲ့မဟုတ်သေး၊ ခြေထောက်နဲ့ရိုက်သလောက်ရှိသေးသည်။ ဒါကြောင့် မင်းရဲ့ခြေတစ်ဘက်ညောင်းလျှင်တခြားခြေတစ်ဘက်နဲ့ရိုက်ပါ။ သည်ထက်မြန်အောင်ရိုက်ပါ။ ငါ မမှုပါဘူးဟူသော သဘောပင်ဖြစ်၏။

ထိုနေ့အဖို့သူအောင်နိုင်လိုက်လေပြီ။ သူ့အပေါင်းအသင်းများသည် သူ့အားနောက်ထပ်မည်သည့်အခါမျှ မစဝံ့တော့ချေ။

ဝက်စတင်းယူနီယံရုံးခန်းများသည်ညစ်ပတ်ပြီးပိုးဟပ်အလွန်များသည်။ ပိုးဟပ်များသုတ်သင်ရန် အယ်ဒီဆင်သည် နောက်တစ်ခုတီထွင်လိုက်သည်။ ငွေရောင်စက္ကူ-၂ ခုကို တစ်ခုနှင့်တစ်ခု ဘက်ထရီ၏ ဖိုမ-၂ဘက်စွန်းနှင့် ဆက်သွယ်ထားပြီးယင်းစက္ကူစကို နံရံတွင် ကပ်ထားရာ ၄င်းစက္ကူစပေါ်နင်းမိသည့်ပိုးဟပ်များသည်လျှပ်စစ်ဓါတ်လိုက်သေဆုံးကုန်ကြသည်။

သူသည်အမြဲလိုပင် လေ့လာစမ်းသပ်နေသည်။ တစ်နေ့တွင် သူ့အလုပ်ချိန်သည် နာရီ ၂၀ မျှဖြစ်သည်။ သူသည် **ဖရာဒေး**၏ စမ်းသပ်တွေ့ရှိချက်များကို လေ့လာဖတ်ရှုပြီး ပြန်လည်စမ်းသပ်ကြည့်ရာ လျှပ်စစ်ဘက်ထရီမှအက်ဆစ်အချဉ်ဓါတ်ရည်များကြောင့် အသစ်စက်စက်သူ့ဝတ်စုံတစ်ထည် ပျက်စီးသွားပြီး

www.burmeseclassic.com



သူ့မျက်နှာလည်းလောင်သွားသည်။ မဆင်မခြင်ဓါတ်ကြိုးကို ထိမိသဖြင့်လည်းအတော်ပြင်းပြင်းဓါတ်လိုက်ခံရသည်။

သူ၏တီထွင်မှုများသည်အမေရိကန်ပြည်နှင့်အခြား တိုင်းပြည်များတွင်ပါ စုစုပေါင်း-၂၅၀၀ ခန့်ရှိသည်။ ယင်းတီထွင်မှုများအနက်ရှေးဦးစွာ မူပိုင်ယူလိုက်သည့် တီထွင်မှုမှာ **'ဆန္ဒမဲမှတ်ထမ်းတင်စက်'**ဖြစ်သည်။ ဤစက်ဖြင့် ပြည်သူ့လွှတ်တော်၊ အထက်လွှတ်တော်များ မဲအနည်းအများရေတွက်ရာ၌ အလွန်လွယ်ကူ လျင်မြန်ပြီး မမှားမယွင်း မှန်ကန်လှသော မဲရေတွက်စက်ဖြစ်သည်။ လွှတ်တော်အမတ်တစ်ဦးသည် မဲပေးလိုလျှင် ခလုတ်ကို နှိပ်လိုက်ရုံ သာဖြစ်ပြီး ကျန်သည့် ကန့်ကွက်မဲ ထောက်ခံမဲရေတွက်မှုတို့ကို စက်ကပြုလုပ်သွားသည်။ ဤလက်ဦးဆန္ဒမဲရေတွက်စက်ပုံစံကို အယ်ဒီဆင်သည် သူ၏သေးငယ်သောအလုပ်ရုံကလေးမှ စက်ပြင်တစ်ယောက်၏အကူအညီနှင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်၏။

သူ့စိတ်ကူးအရ ဖြစ်ပေါ်လာသော ဤတီထွင်ချက်ကို သူအတော်ကျေနပ်သည်။ အမေရိကန်နိုင်ငံရေးသမားများ ဤစက်ကို လိုချင်သဖြင့် ဝိုင်းအုံလာလိမ့်မည်ဟု သူထင်သည်။ သို့သော် ထင်သည့်အတိုင်း ဖြစ်မလာချေ။ သူသည် ဝါရှင်တန်မြို့တော်သို့ သွား၍ ပြည်သူ့လွှတ်တော်၏ ကော်မတီတစ်ခုရှေ့တွင် သူ၏ 'ဆန္ဒမဲရေတွက်စက်'ကို သရုပ်ပြရာ၊ အောင်မြင်စွာမဲများကို တိတိကျကျ မှန်မှန်ကန်ကန် ရေတွက်ပြသနိုင်ခဲ့သည်။

www.burmeseclassic.com



ကော်မတီ၏ သဘာပတိဖြစ်သူသည် အယ်ဒီဆင်အား. . .

"လူငယ်ရယ်. . . ကျုပ်ဝမ်းနည်းပါတယ်။ လွှတ်တော်အတွက်သည် စက်ဟာမသင့်ပါဘူး"ဟု ပြောလေသည်။

"ဘာကြောင့်လဲခင်ဗျာ. . . ဒီစက်ဟာ အတိအကျရေတွက်နိုင်တယ်မဟုတ်လား။"

"ဟုတ်တာပေါ့၊ သိပ်မှန်ကန်တိကျတာပဲ။ ဒီစက်မျိုးထက် ပိုလိုချင်တာလဲမရှိတော့ပါဘူး။ ဒါပေမဲ့ ဒီလိုလေ"

သဘာပတိကြီးသည် သူ့အား လုံးဝနားမလည်နိုင်အောင် အကြည့်မျိုးနှင့် စိုက်ကြည့်နေသော အယ်ဒီဆင်အား. . .

"လွှတ်တော်မှာမဲဆန္ဒအများစုကိုရဖို့ ဥပဒေတစ်ခုကို ပြဋ္ဌာန်းတော့မယ်ဆိုရင် ပါတီက အဲဒီလိုမဖြစ်ရအောင် ဘာတွေပြောကြမလဲဆိုတော့ လွှတ်တော်ရဲ့ထုံးတမ်းစဉ်လာဥပဒေတွေကဘယ်လိုမဲဆန္ဒအများဆုံးဆိုပေမယ့်တစ်ကယ်ပဲမှန်မမှန်၊ အဲသလိုပြောဆိုပြီး ဖင့်နွှဲအောင် လေပန်းဝတန်းချီကြတယ်လေ။ မင်းလိုတိကျမှန်ကန်တဲ့စက်နဲ့ဆိုတော့ သူတို့လုပ်နေကျဖြစ်တဲ့ လေပန်းတဲ့အလုပ်ဟာ ----- မသွားပေဘူးလား"

ထိုအဖြစ်မျိုးကြုံပြီးသည့်အချိန်မှစ၍ မလိုလားမတောင့်တသော အရာဆိုလျှင် သူမည်သို့သောအခါမျှ မတီထွင်တော့ဟု ဆုံးဖြတ်လိုက်လေသည်။ စတော့စတ္တူတစ်ကားခေါ် စတော့စတ္တူဈေးနှုန်းကို ကြေးနန်းတိပ်ကြိုးခွေဖြင့် ဖော်ပြသောစက်သည် လွန်ခဲ့ သည့် ၂ နှစ်ခန့်ကတည်းက ပေါ်ထွက်လျက်ရှိသည်။ ဤစက်ကို

www.burmeseclassic.com



အယ်ဒီဆင်စိတ်ဝင်စားမိသည်။ သူ့တွင် ထိုစက်ထက်ကောင်းမွန်သော စနစ်သစ်ဖြင့်တီထွင်သောစက်တစ်ခုကို ဖန်တီးရန် စိတ်ကူးရှိသည်။ ထို့ကြောင့် နယူးယောက်မြို့သို့ သွားရောက်၍ ဝေါလမ်းပတ်လည်ရှိ သူ့အား ကျောထောက်နောက်ခံပြုနိုင်မည့် သူများနှင့်သူ့တီထွင်မှုကိုဝယ်ယူနိုင်မည့်သူများကို ရှာဖွေရန်ဆုံးဖြတ်လိုက်သည်။

၁၈၆၉ ခုနေသာသောတစ်နေ့တွင် ဘော်စတွန်မြို့နှင့် ဝက်စတင်းယူနီယံတို့အား စွန့်ခွာ၍ နယူးယောက်မြို့သို့ ထွက်ခွာသွားလေ၏။ သဘော်ခပေးပြီးသောအခါ သူ၏အိတ်ထဲတွင် တစ်ဒေါ်လာတိတိဖြင့် နယူးယောက်မြို့သို့ဆိုက်ရောက်လေ၏။

❑ ❑ ❑

www.burmeseclassic.com

## အခန်း (၇)
## နယူးယောက်သို့နယ်ပယ်ချဲ့ထွင်ခြင်း

ထိုနေ့သည် လူသားကမ္ဘာအတွက်အရေးကြီးသောနေ့တစ်နေ့ဖြစ်၏။ မည်သည့်အတွက်ကြောင့်ထိုနေ့ကို အရေးကြီးသောနေ့ဟုပြောရတာလဲဟုဆိုလျှင် အသက် ၂၂ နှစ်အရွယ်ရှိလူငယ်တစ်ယောက်သည် ဘော်စတွန်မြို့မှ နယူးယောက်မြို့သို့ထွက်ခွာလာသောနေ့ဖြစ်သောကြောင့်အရေးကြီးသည်ဟုဆိုရခြင်းဖြစ် သည်။

ဒါဘာအရေးကြီးလဲ. . . . ?

ဘော်စတွန်မြို့က ထွက်လာသော သင်္ဘောပေါ်တွင် နယူးယောက်မြို့သို့သွားရန် လူငယ်တစ်ယောက်မဟုတ်ဘူး။ လူငယ်တွေ

www.burmeseclassic.com



အများကြီးပါလာတာပဲ။ နယူးယောက်ဆိုတာကလူငယ်တွေအတွက်သာမက လူတစ်ကာအတွက် မြော်လင့်ချက်တွေစုဝေးရာမြို့ကြီးမဟုတ်လား။ ထို့ကြောင့် နယူးယောက်မြို့သို့ လူအများအပြားသည်မြော်လင့်ချက်မျိုးစုံ၊ အတွေးမျိုးစုံနှင့်ရောက်လာကြသည်။

ထိုအထဲတွင် ဖေါ်ပြပါ အသက် ၂၂ နှစ်အရွယ်လူငယ်လည်းအပါအဝင်ဖြစ်သည်။

အယ်ဒီဆင်ဆိုသည်မှာ အခြားသူမဟုတ် ကျွန်တော်တို့၏ဇာတ်လိုက်ကြီး မဟာ့မဟာဂရိတ် အယ်ဒီဆင်ဖြစ်သောကြောင့်ပါတည်း။

လူငယ်အများအပြားမြော်လင့်ချက်များစုဝေးရာ နယူးယောက်မြို့သို့ လာနေကြသည်မှာ မှန်၏။ သို့သော် ထိုနေ့ကတော့ အယ်ဒီဆင်ဟုဆိုသောလူငယ် ဘော်စတွန်မှနယူးယောက်သို့ထွက်ခွာလာခြင်းကြောင့် အရေးကြီးသည်ဟု ဆိုရခြင်းဖြစ်ပါ၏။

အယ်ဒီဆင်သည် ဘော်စတွန်မြို့နှင့် ဝက်စတင်းယူနီယံကြေးနန်းကုမ္ပဏီတို့သည် သူ့အတွက် အလွန်ကျဉ်းမြောင်းသေးငယ်ခဲ့ပြီ ဖြစ်၏။ ဘော်စတွန်ဟူသော မြစ်ထဲတွင် လွတ်လွတ်လပ်လပ်မကူးခတ်နိုင်ပဲရှိ၏။ အယ်ဒီဆင်အတွက် ဘော်စတွန်ဆိုသောမြစ်နှင့် ဝက်စတင်းယူနီယံဟူသော ချောင်းတို့ကို ပြစ်၍ပင်လယ် သမုဒ္ဒရာသို့ထွက်ခွာရန် အချိန်သင့်ပြီဖြစ်၏။ အယ်ဒီဆင်၏ အတွေးအခေါ်တို့သည် ပင်လယ်သမုဒ္ဒရာတွင်မှ လွတ်လပ်စွာတွေးခေါ်နိုင်မည် ဖြစ်ပါ၏။ ထို့ကြောင့် အယ်ဒီဆင်သည် ၁၈၆၉ ခုနှစ်၏ တစ်ခုသောနေ့တစ်နေ့တွင် နယူးယောက်သို့သွားရန်

www.burmeseclassic.com



ဘော်စတွန်မှ ထွက်ခွာလာခြင်းဖြစ်၏။ ဘော်စတွန်မှ ထွက်ခွာလာခဲ့သော်လည်း အဖေါ်မပါ။ ဒီလိုပဲအလုပ်သစ်များကိုလျှောက်တတ်ကြောင်း အမေနှင့်အဖေတို့ကသိရှိပြီးဖြစ်၍ အယ်ဒီဆင် နယူးယောက်သို့ခြေစကြ်ာဖြန့်မည်ဟုဆိုတော့ အမေရောအဖေကပါ မတားခဲ့ပေ။

ထွက်ခွာလာတော့ ငွေကြေးက လုံလုံလောက်လောက်ပါခဲ့သည်မဟုတ်။ သဘော်ာခပေးပြီး သူ့အိတ်ကပ်ထဲတွင် တစ်ဒေါ်လာသာကျန်၏။ တစ်ဒေါ်လာနှင့် ဘဝခရီးလမ်း အသစ်ကို လျှောက်လှမ်းခဲ့ရသည်ကတော့ အတော့ကို အားငယ်စရာကောင်းပါ၏။ နယူးယောက်တွင် ဆွေမျိုးသားချင်းကရှိသည်မဟုတ်။

နယူးယောက်အနားသို့ ဘော်စတွန်သဘော်ာဆိုက်ကပ်လာတော့ လူငယ်အဖို့ အတော်ပင်အားငယ်စရာများက ပိုကောင်းလာ၏။ အဆောက်အအုံများက မြင့်မားလှသည်။ အဝေးကမြင်ရရုံဖြင့် ကြီးကျယ်မှန်းသိသာ၏။ ယခုအခါ ထိုလူငယ်သည် နယူးယောက်ကို မြင်ရသဖြင့် အားငယ်စိတ်ပေါ်ခဲ့သော်လည်း မိမိသည် ဤနယူးယောက်မြို့ကြီးအား မီးထိန်ထိန်လင်းအောင်ထွန်းပေးမည့်သူ ဖြစ်လာမည်ကို သူ့ကိုယ်သူလည်းမသိပဲရှိ၏။

နယူးယောက်မြို့တော်ကြီးသည် အားနှင့်အင်နှင့် လူနေအိမ်ခြေများနှင့် ပြည့်နှက်စည်ကားနေ၍ ရောင်းရေးဝယ်တာများနှင့် ပတ်သက်လျှင်လည်း ဥဒဟိုဆိုသလို ဝယ်သူရောင်းသူတို့ဖြင့် ပျားပန်းခတ်မျှရှိ၏။

www.burmeseclassic.com



ဘော်စတွန်ရေနွေးငွေ့သင်္ဘောပေါ်မှ မျက်စိသူငယ် နားသူငယ်နှင့် ကြေးနန်းသမားလေးသည် ဆင်းလာခဲ့ပါ၏။ နယူးယောက်မြို့ကို ခြေချလိုက်ပြီဖြစ်၏။ သို့တိုင်အောင် ကျီးကန်းတောင်းမှောက် ဖြစ်နေရဆဲဖြစ်၏။ ဒီမြို့ကြီးကို အလွယ်နှင့် အောင်နိုင်ပါ့မလား။ အဆောက်အဦးကြီးများကားမြင့်မားလှပါဘိ၏။ ဆိုင်တွေဆိုင်တွေမှ ပစ္စည်းတွေက အပြည့်။ အားလုံးက လိုချင်စရာဝယ်ချင်စရာတွေချည်းဖြစ်၏။ နယူးယောက်ကို ခြေချကာစ ကြေးနန်းသမားလေးအဖို့ ဘာကိုမှ မဝယ်ခြမ်းနိုင်။ အစစအရာရာတွေက အားငယ်စရာချည်း ဖြစ်၏။ စိတ်ဓါတ်လည်း အလွန်ကျစရာကောင်းသည်။ ကြေးနန်းသမားလေးသည် ဘော်စတွန်သို့ ပြန်သွားရကောင်းမလားဟုပင် အတွေးပေါ်မိ၏။ သို့သော် ထိုနေ့ကကြေးနန်း သမားလေး ဘော်စတွန်သို့ ပြန်သွားခဲ့ပါလျှင် ဤကမ္ဘာသည်လည်း အမှောင်ထဲတွင်မည်မျှကြာကြာ ဆက်၍နေရဦးမည်မသိ။ လူသားကမ္ဘာသည်လည်း အမှောင်ထုပိတ်ဆို့လျက်ပင်ရှိဦးမည်ဖြစ်၏။ ကြေးနန်းသမားလေးကလည်း ဤမျှနှင့် ပြန်ပြေးမည့်သူမဟုတ်။

ဂျုံကွင်းကြီးများထဲတွင် နားကွဲလောက်အောင် နားရင်းအရိုက်ခံရစဉ်ကပင် စိတ်မလျှော့ အားမပျော့ပဲ ဘဝကို ဆက်လက်ခြေလှမ်းခဲ့သေးရာ ယခု နယူးယောက်သို့အဝင် မိမိအား ဘယ်သူမှ တားဆီးမည့်သူမရှိ။ အားလုံးသော သူ့ဘေးမှအရာများက ကြီးချင်သလောက် ကြီးပါစေဟုဆိုကာ ရင်ကော့၍ နယူးယောက်မြို့ထဲသို့ စတင်ဝင်ရောက်ခဲ့၏။ ထိုအခါမှ မိမိအိပ်ကပ်ထဲတွင်ပါသော ငွေ

www.burmeseclassic.com



တစ်ဒေါ်လာနှင့် ယနေ့မနက်စာ ဘယ်လိုစားရပါ့မလဲဟု စဉ်းစားမိလိုက်တော့ ငိုချင်စိတ်ပေါက်သလိုလိုဖြစ်လာ၏။

ကြေးနန်းသမားလေးသည် မိမိခြေထောက်များခေါ်ဆောင်ရာကို လိုက်ပါသွားရာ ခရီးအတော်လေးပေါက်ကာ ကုန်လှောင်ရုံတစ်ခုကို ကျော်လိုက်သောအခါ သူသည် မြင်ကွင်းအဆန်းတစ်ခုကို သွားတွေ့ပါ၏။ သူတွေ့ရသောမြင်ကွင်းက လက်ဖက်ခြောက်အရသာကို မြည်းစမ်းရသူတစ်ဦး၏ မြင်ကွင်းဖြစ်၏။ ထိုသူသည် သူ့ရှေ့တွင် အငွေ့တထောင်းထောင်းထနေ သောလက်ဖက်ရည်ပုဂံများစွာတို့က တန်းစီနေ၏။ ထိုသူက ထိုအငွေ့တထောင်းထောင်းထနေသော လက်ဖက်ရည်ပုဂံထဲမှ လက်ဖက်ရည်များကို တစ်ငုံစီလောက်သောက်ရင်း တစ်ဖန်ခွက်စီ၏ အရသာများကို မှတ်သားနေ၏။

အယ်ဒီဆင်သည် ထိုသူတစ်ငုံစီသောက်၍ အရသာခံနေသည်ကို စိုက်ကြည့်နေရင်း အတော်ကောင်းတဲ့အသက်မွေးဝမ်းကြောင်းပညာရပ်ပဲ၊ လက်ဖက်ရည်လဲသောက်ရသေးတယ်၊ ပိုက်ဆံလည်းရသေးတယ်ဟု စိတ်ထဲမှ ဆိုလိုက်၏။

လက်ဖက်ရည်မြီးသူသည် မြီးနေရင်းမှ လူတစ်ယောက်သူ့ကိုစိုက်ကြည့်နေသည်ဟု ခံရသောကြောင့် မော့ကြည့်လိုက်ရာ အယ်ဒီဆင် သူ့ကိုစူးစိုက်ကြည့်နေသည်နှင့် မျက်စိခြင်းဆုံသွား ပါ၏။ အယ်ဒီဆင်၏မျက်နှာပေါ်တွင် ထိုသူ၏အသက်မွေးဝမ်းကျောင်းပညာနှင့်ပတ်သက်၍ဝန်တိုစိတ်ဖြစ်ပေါ်နေ၏။ ဝန်တိုစိတ်

www.burmeseclassic.com



ဖြစ်ပေါ်လာရခြင်းကလည်း သူဗိုက်ကဆာလောင်မွတ်သိပ်ရုံသာမက ဒီနေ့မနက်စာကို သူဘယ်လိုဖြေရှင်းရမှန်းမသိသည့် သူ့အဖြစ်တို့ကြောင့်ပင်ဖြစ်၏။

လက်ဖက်ရည်မြည်းသောက်သူက အယ်ဒီဆင်အား ပြန်၍စိုက်ကြည့်ကာ. .

"တစ်ခွက်လောက် စမ်းသောက်ကြည့်"

ဟုဆိုကာ လက်ဖက်ရည်တစ်ခွက်ပေးလိုက်ပါ၏။

"ဒီလက်ဖက်ခြောက်က အခုမှ ဟောင်ကောင်ကရောက်လာတာ။ အနံ့လဲမွှေး၊ အရောင်အသွေးကလဲကျတော့ တစ်ကယ့်အကောင်းစား လက်ဖက်ခြောက်အမျိုးအစားထဲကပါပဲဗျာ. . ."ဟု ဆက်ဆို၏။ အယ်ဒီဆင်သည် ကမ္ဘာပေါ်က အကောင်းဆုံးလက်ဖက်ခြောက်လား အညံ့ဆုံးလက်ဖက်ခြောက်ကို သောက်နေရလားဆိုသည်ကို မခွဲခြားနိုင်။ မိမိအဖို့ နယူးယောက်မြို့သို့ စတင်ရောက်ရှိပြီး ပထမဆုံး အခမဲ့စားသုံးရသော အစားအစာတရပ်ဖြစ်ပါ၏။

သူသည် အားအတော်ပြည့်လာသည်။

မိမိကံကောင်းသည်ဟု တွက်လိုက်သည်။ နယူးယောက်မြို့ကြီးတွင် ခြေချပြီး မကြာမီ ဟောင်ကောင်လက်ဖက်ရည်တစ်ခွက်ကို အခမဲ့သောက်လိုက်ရ၏။ လက်ဖက်ရည်က အရသာကလည်း အတော်ရှိသည်။ ထိုလက်ဖက်ရည်တစ်ခွက်မှ ရရှိသော ခွန်အားဖြင့် ကြေးနန်းသမားလေးသည် နယူးယောက်မြို့ပေါ်ရှိ ဝက်စတင်းယူနီယံ ကြေးနန်းကုမ္ပဏီကိုရှာရသည်။ ဝက်စတင်းယူနီယံရုံးရောက်

www.burmeseclassic.com



တော့ ရုံးတွင်းသို့ဝင်ကာ မိမိသည် ဘော်စတန်၊ ဝက်စတင်းယူနီယံရုံးမှ ကြေးနန်းသမားတစ်ဦးဖြစ်ပါကြောင်း နယူးယောက်တွင် အလုပ်လုပ်ချင်၍ ထွက်လာခြင်းဖြစ်ရာ အလုပ်ရှိပါက မိမိအားခန့်ထားရန် ဝင်ရောက်အလုပ်တောင်းသည်။

"ဘော်စတွန်က ကြေးနန်းသမားလေးရေ ဝမ်းနည်းပါတယ်။ အခုငါတို့ဆီမှာ အလုပ်လစ်လပ်တာမရှိသေးဘူးကွ။ ရှိတော့မင်းကို ငါတို့ ဆက်သွယ်ပါ့မယ်။ လိပ်စာ. . အဲ အင်း ဘယ်မှာ တည်းတယ်ဆိုတဲ့လိပ်စာလေး ပေးထားခဲ့လေ. . . "ဟုဆိုကာ အယ်ဒီဆင်သည် ဝက်စတင်းယူနီယံရုံးမှပြန်ခဲ့ရ၏။

မနက်က အခမဲ့သောက်ခဲ့ရသော လက်ဖက်ရည်တစ်ခွက်က ဗိုက်ထဲတွင် တစ်စက်မှ မကျန်တော့ပြီဖြစ်၏။ သို့သော်လည်း မိမိတွင် ရှိသော တစ်ဒေါ်လာဖြင့် တစ်စုံတစ်ရာကို ဝယ်ယူစားသောက်ဗိုက်ဖြည့်၍ မဖြစ်သေးပေ။ ဒီတစ်ဒေါ်လာနှင့် မိမိဘယ်လောက်အထိ နယူးယောက်တွင် စခန်းသွားရမည်မသိသေး။ မိမိဆက်လုပ်ရမည့် အလုပ်က မိတ်ဆွေ ကြေးနန်းပို့သမားတစ်ယောက်ကို ဆက်လက်ရှာဖွေရန်ဖြစ်၏။

မိတ်ဆွေကြေးနန်းပို့သမားနေသောလမ်း၊ ရပ်ကွက်တို့ကို အလွတ်ကျက်ကာ ထိုအရပ်ထိုဒေသ ဘယ်မှာရှိသည်ကို မေးရင်း အယ်ဒီဆင်သည် ကုန်းကြောင်းဆက်လျှောက်နေရ၏။ ခြေလှမ်းပေါင်းမည်မျှ လှမ်းခဲ့ရသည်မသိ။ အောင်ပွဲမရမခြင်း မလျှော့သောဖွဲ၊ မဆုတ်မနစ်သော လုံ့လတို့ဖြင့် မိမိဆက်လျှောက်ရမည်ကို

www.burmeseclassic.com



သိ၏။ မိမိစိတ်လျှော့၍ မရ။ စိတ်ဓါတ်ကျ၍ မဖြစ်။ ငုတ်မိသဲတိုင် တက်နိုင်မှအဖျားရောက်ရမည်။ ခရီးတစ်ဝက်တစ်ပြတ်နှင့်ကတော့ ဖွဲ လျှော့လို့မရ။ ခြေလှမ်းပေါင်းတစ်ထောင်လား၊ တစ်သောင်းလား မသိ။ သေလုအောင်လျှောက်လာပြီးသောအခါတွင်ကား မိတ်ဆွေ ကြေးနန်းပို့သမားနေသော ရပ်ကွက်သို့ရောက်လေ၏။

အယ်ဒီဆင်အဖို့ နယူးယောက်ကိုခြေချပြီးကာမှ ဒုတိယ အကြိမ်ကံကောင်းသည်ဟု ဆိုရမည်ဖြစ်၏။ အဘယ်ကြောင့် ဆိုသော် သူ့မိတ်ဆွေကြေးနန်းသမားနှင့် သူပက်ပင်းသွားတိုးတော့ ၏။

"သူငယ်ချင်းရေ ကျုပ်ကတော့ ပိုမိုကျယ်ပြန့်တဲ့ပင်လယ် ထဲမှာကူးချင်တဲ့ဆန္ဒနဲ့ နယူးယောက်မြို့ကိုထွက်ခဲ့တာ။ သူငယ်ချင်း တတ်နိုင်သလောက် ကူပါ။ ကျုပ်မှာကတော့ သူငယ်ချင်းဆီရောက်တဲ့အထိ တစ်ဒေါ်လာပဲ ကျန်တော့ တယ်။ ဘော်စတန်ကထွက်လာ ကတည်းကလဲ ဒီတစ်ဒေါ်လာပဲ ပါလာတာ. . . သူငယ်ချင်း"

"နယူးယောက်ဆိုတာကတော့ သူငယ်ချင်းသိတဲ့အတိုင်း ဒီမှာရှာစားရတာက ပင်လယ်မှာရှာစားရသလိုပဲ။ ငါးမြွား မယ်ဆိုလဲ ငါးမြွားချိတ်ကကြီးကြီးမှ၊ ကွန်နဲ့ဖမ်းမယ် ဆိုလည်း ကွန်ချက်ကျယ်မှ၊ မိရင်လဲ ငါးကတော့ကြီးပါရဲ့ မမိရင်လဲ တစ်ကောင်မှ ရတတ်တဲ့ဒေသမဟုတ်ဘူး။ ဒီ အရပ်မှာက ဟင်းစားရှာရအတော်ခက်တဲ့ဒေသပဲ သူငယ် ချင်း. . . "

www.burmeseclassic.com



"သူငယ်ချင်းကိုလည်း ငါဒုက္ခမပေးချင်ပါဘူး။ ဒါပေမယ့် ဒီလောက်ကြီးတဲ့ နယူးယောက်မြို့မှာ ကိုယ့်အနေနဲ့ အသိဆိုလို့ သူငယ်ချင်းပဲရှိတော့ စားစရာထား နေစရာလေးတော့ သူငယ်ချင်း ကူစေချင်တယ်"

"နေစရာအတွက်တော့ ကိုယ့်ရုံးက ဘက်ထရီခန်းထဲမှာ ခဏအိပ်ဗျာ။ လောလောဆယ် သူငယ်ချင်းအတွက် ကိုယ် တစ်ဒေါ်လာချေးထားနိုင်ပါတယ်"

"နယူးယောက်မှာ ခြေချဖို့ ဘက်ထရီအခန်းထဲမှာ တစ်နေရာရတာနဲ့ တစ်ဒေါ်လာချေးတာ အများကြီးပါပဲ။ တစ်မနက်လုံး ကျုပ်ကုန်းကြောင်းလျှောက်လာခဲ့တာနဲ့စာရင် ကျုပ်မှာအိပ်စရာနဲ့ နှစ်ဒေါ်လာရှိနေပါပြီ။ ဒါနဲ့ သူငယ်ချင်းရဲ့ရုံးက ဘာရုံးလဲ"

"ကိုယ့်ရုံးက ရွှေဈေးနှုန်းသတင်းကုမ္ပဏီပဲ၊ သူက ရွှေဈေးသတင်းတွေကို စုဆောင်းပြီး ရွှေဆိုင်တွေကိုပြန်ပေးတယ် အဲဒီအတွက်ရွှေဆိုင်တွေကသူ့ကိုအဖိုးအခပေးတယ်။ ကိုယ်ကတော့ အရေးပေါ်ကြေးနန်းတွေလာတဲ့အခါ အရေးကြီးလျှင် ကြီးသလို မာတလိလုပ်ပြီးပို့ပေးရတဲ့အလုပ်ပဲ. . . "

ထိုနေ့တွင်တော့ အယ်ဒီဆင်သည် ဘက်ထရီအခန်းတွင်း၌ပင် စခန်းသွားခဲ့ရ၏။ မိုးချုပ်တော့ နယူးယောက်မြို့ကြီး မှောင်ကျသွား၏။ မှိတ်တုတ်မှိတ်တုတ် ရေနံဆီမီးခွက်များ၏ အလင်းရောင်က မှုန်ဝါးဝါး။ ထိုမှုန်ဝါးဝါးဖြစ်နေသော နယူး

www.burmeseclassic.com



ယောက်မြို့ကြီးကို မိမိ မီးထွန်းပေးလိမ့်မည်ဆိုသောအကြောင်းနှင့် ပတ်သက်၍ ထိုကြေးနန်းသမားလေးသည် ထိုညကအိပ်မက်ပင် မမက်။ ထိုနေ့ညက သူသည် အိပ်မက်မက်ရန်လည်း အခွင့်မသာ တော့။ လက်ဖက်ရည်တစ်ခွက်နှင့် တစ်နေကုန်လျှောက်လှမ်းခဲ့ရမှုများ ကြောင့် ခေါင်းချလိုက်သည်နှင့်တစ်ပြိုင်နက် အိပ်ပျော်၍ သွားခဲ့ရာ နံနက်လင်းမှပင် နိုးပါတော့၏။

နံနက်မိုးလင်းသောအခါ အယ်လ်သည် ရွှေဈေးနှုန်း သတင်းဖြန့်ချိရာ အိမ်ကြီးနှင့်ပတ်သက်၍ စပ်စုလေတော့သည်။ ဤအလုပ်ဌာနကြီးကို ယခင်က နယူးယောက်စတော့စက္ကူ လဲလှယ် ရာဌာနမှ ဥက္ကဋ္ဌဖြစ်ခဲ့သူ မစ္စတာလော့(စ) ဆိုသူက တည်ထောင် ထားသည်။ ရွှေဈေးကို သတင်းပေးသည့်ဖြန့်ချိပုံမှာ ဝေါလမ်း ပတ်ဝန်းကျင်တွင်ရှိသော စတော့ပွဲစားများ၏ရုံးများတွင် ကြေးနန်း လက်ခံသည့် တိပ်ကြိုးခွေများတပ်ဆင်ပေးထားပြီး၊ ၄င်း၏ သတင်းလဲလှယ်လက်ခံရာဌာနမှ ရရှိသည့်ရွှေဈေးနှုန်းသတင်းများ ကို ပေးသည်။ ဆက်သွယ်ပေးထားသည့် တိပ်ကြေးနန်းခွေပေါင်း ၃၀၀ ရှိသည်။ ဤကဲ့သို့ ရွှေဈေးနှုန်းဖြန့်ချိသည့် သတင်းဌာနများ ဖြစ်ပေါ်လာရခြင်းအကြောင်းရင်းမှာ အမေရိကန်ပြည်တွင်းစစ် ကြောင့်ပင် ဖြစ်သည်။ ဤစစ်ကြောင့် မြောက်ပိုင်းနယ်များကို အုပ် ချုပ်သော ဖယ်ဒရယ်အစိုးရ ငွေကုန်ကြေးကျ အလွန်များပြားလှ သဖြင့် ပေးချေသည့်စနစ်ကို ခေတ္တရပ်ဆိုင်းထားခဲ့ပြီး ရွှေအစား ငွေစက္ကူအမြောက်အများ ထုတ်ချေပေးစေခဲ့သည်။ ရွှေတန်ဖိုးနှင့် ငွေစက္ကူတန်ဖိုးတို့သည် ယခင်ကအတူတူပင်ဖြစ်သော်လည်း

www.burmeseclassic.com



ထိုအချိန်မှစ၍ တန်ဖိုးခြင်းကွာခြားသွားလေတော့သည်။ ငွေစက္ကူဖောင်းပွမှုဖြစ်ပေါ်လာသည်။ စက္ကူဒေါ်လာ၏တန်ဖိုးသည် ယုတ်လျော့သွား၍ ရွှေဒေါ်လာတန်ဖိုးသည် ထိုးတက်လာသည်။ ဤကဲ့သို့ဖြစ်ပေါ်နေသောအခြေအနေမှ ခေါင်းပုံဖြတ်အမြတ်ထုတ်ရန် စီးပွားအမြင်ခန့်မှန်းတတ်သူများအလုပ်ရှုပ်လျှက်ရှိသည်။ ဝေါလမ်းတွင် ရွှေကိုစံချိန်ပြ၍လဲလှယ်သည့်ဌာနတစ်ခုတည်ထောင်ဖွင့်လှစ်လိုက်ကြပြီး မစ္စတာလော့(စ)ကမူကား ရိုးရိုးကြေးနန်းရုံးနှင့်ယင်းရုံးနှင့်ဆက်သွယ်ထားသောရုံးကလေးများ တီထွင်ဖွင့်လှစ်လိုက်သည်။ ရွှေစံချိန်ပြုလဲလှယ်သောရုံးကြီးမှ အဖိုးတန်သတ္တုဖြစ်သောရွှေ၏ ပေါက်ဈေးနှုန်းအမျိုးမျိုးကို ဆက်သွယ်အကြောင်းကြားအလုပ်လုပ်ကိုင်ကြခြင်းဖြစ်လေသည်။

အယ်ဒီဆင်သည် ဤစံနစ်ကို စီးပွားရေးနယ်ဘက်က မဟုတ်ဘဲ လျှပ်စစ်ပညာအသုံးပြုသည့် နယ်ဘက်က အလွန်စိတ်ဝင်စားမိသည်။ သူ နယူးယောက်သို့ရောက်ရှိနေသည်မှာ သုံးရက်ရှိလေပြီ။ နေ့အခါအလုပ်လိုက်ရှာပြီး၊ ညအခါဘက်ထရီအခန်းတွင် ပြန်အိပ်သည်။ သည့်နောက်သူ့အဖို့ မဟာအခွင့်အရေးကြီးတစ်ရပ်ဆိုက်ရောက်လာလေ၏။

ရွှေဈေးနှုန်းသတင်းပေးပို့နေသော ကြေးနန်းစက်သည် ရုတ်တရက် ရပ်သွားသည်။ ကြေးနန်းရုံမှူးသည် စက်ကို ဟိုဘက်သည်ဘက် အဘက်ဘက်ကလှည့်ကြည့်ရှုပြီး အဘယ့်ကြောင့် စက်ပျက်ရသည်ကိုမသိဘဲ ခေါင်းကိုသာတွင်တွင်ကြီးခါမိသည်။ ရွှေဈေးသိရှိလို၍ ငွေပေးထားသော စတော့ပွဲစားများထံမှ ခြေမြန်

www.burmeseclassic.com



လုင်ပေါင်း ၃၀၀ တို့သည် မိနစ်အနည်းငယ်အတွင်း ကြေးနန်း ရုံးသို့ ဝိုင်းအုံလာကာ သူတို့၏ကြေးနန်းကြိုးခွေများ အလုပ်မလုပ် ကြောင်း၊ သူတို့၏အလုပ်ရှင်လူကြီးများက တစ်ခုခုညစ်ပတ်ထားပြီ ဖြစ်ကြောင်း ဆူပူအော်ဟစ်ပြောဆိုကြလေ၏။

"စက်ကိုပြင်ပါ"ဟု ဝိုင်းအော်ကြသည်။

ကြေးနန်းရုံမှူးသည် ဘာလုပ်ရမည်ကို လုံးဝမသိရှာချေ။ စက်နှင့်ပတ်သက်၍ မည်သို့ချို့ယွင်းနေသည်ကို သူလုံးဝ မကြံတတ် မလုပ်တတ်ဖြစ်နေသည်။ မစ္စတာလော့(စ)ရောက်လာပြီး ဘာဖြစ် နေကြောင်းရှင်းပြရန်အတိအလင်းတောင်းဆိုသည်။ ထိုသို့ ဖြစ် လျှက်နေသည့်အချိန်တွင် အယ်ဒီဆင်သည် ဆူပူနေကြသောခြေ မြန်လုင်များကြားမှ တိုးဝှေ့ကာ စက်ခန်းသို့ဝင်ရောက်လာပြီး "ဘာ ကြောင့်စက်ပျက်တယ်ဆိုတာကျွန်တော်သိမယ်ထင်ပါတယ်"ဟု ပြောလိုက်သည်။ လွန်ခဲ့သည့်သုံးရက်က သူသည်ကြေးနန်းပို့စက် ကို လေ့လာခဲ့သည်မဟုတ်ပါလား။

မစ္စတာလော့(စ)သည် လူရွယ်လူစိမ်းအားစိုက်ကြည့်ပြီး လျှင် "ကဲ ကောင်းပြီ လုပ်စမ်း။ ကောင်းအောင်ပြန်လုပ်စမ်း။ ဒါ ပေမဲ့မြန်မြန်တော့လုပ်မှ"ဟု ပြန်ပြောသည်။

အယ်ဒီဆင်သည် စက်ပျက်ရခြင်းအကြောင်းရင်းကို စတင်စုံစမ်းရှာဖွေကြည့်ရှုသည်။ သူ၏ နားမကြားတစ်ချက်ကြားတစ် ချက်နှင့် နားမကောင်းသည့်အဖြစ်သည် သူ့အား တစ်ခါတစ်ရံ အလွန် အကျိုးပြုသည်။ သူ့ဘေးပတ်လည်တွင်လူပ်ရှားဆူပူနေသည့် အဖြစ်ကို သူလုံးဝမသိပေ။ သူထင်သည့်အတိုင်းဆက်ထားသော

www.burmeseclassic.com



စပရင် ကျိုးနေသည်။ လွယ်လွယ်ကူကူနှင့်ပင် ပြင်ဆင်လိုက်ပြီး နှစ်နာရီအတွင်း ကြေးနန်းပို့စက်သည် ကောင်းသွားပြီး ကြေးနန်းများ ဆက်လက်ပို့နိုင်လေတော့သည်။

မစ္စတာလော့(စ)သည် အယ်ဒီဆင်အား သူ့ရုံးခန်းသို့ ခေါ်၍ "ငါတော့ ကြေးနန်းရုံမှူးကို အလုပ်ကဖြုတ်လိုက်ပြီ၊ ငါလိုချင်တာကတော့ လုပ်ငန်းတစ်ခုလုံးအတွက် စက်အကြောင်းနားလည်တဲ့မန်နေဂျာကို လိုချင်တယ်။ မင်းအဲဒီအလုပ်ကို လက်ခံနိုင်မလား" ဟု မေးသည်။

အယ်ဒီဆင်ခမြာ နှုတ်မှပင်ပြန်မဖြေနိုင်ဘဲ ခေါင်းငြိမ့် ရှုသာ ငြိမ့်နိုင်တော့သည်။

"မင်းအကြောင်း ငါ့နည်းနည်းပြောပါအုံး။ မင်းဘယ်က လာတာလဲ။ ဘယ်မှာနေသလဲ။ မင်းစက်မှုပညာတတ်ရဲ့လား။"

ဤသို့ တွေ့ဆုံဆွေးနွေးပြီးနောက် အယ်ဒီဆင်သည် တစ်လ လျှင် လစာ ဒေါ်လာသုံးရာရသော အလုပ်ကို ရရှိလေ၏။ ဒေါ်လာ သုံးရာဆိုသည်မှာနည်းလှသည်မဟုတ်။ စိတ်ကူးနှင့် ရူးရမည့် မမျှော်လင့်နိုင်သောလစာပါတကား။ မစ္စတာလော့(စ)ရုံးခန်းမှ မည်ကဲ့သို့ထွက်ခဲ့သည်ကို သူမမှတ်မိဘဲ သူ့အိမ် ဘက်ထရီအခန်း ထဲသို့ ပြန်ရောက်လေသည်။

ပထမဦးဆုံး သူ့အိပ်ရာ 'ကွက်တွင်း'ထက်ပိုမို သင့်လျော် သောနေရာသို့ပြောင်းရွှေ့သည်။ ဒုတိယအစီအစဉ်မှာ အလုပ်ရုံ တစ်ခုပြုလုပ်ပြီး၊ ရွှေဈေးနှုန်းသတင်းကုမ္ပဏီတွင်အလုပ်လုပ်၍ ပိုသည့်အချိန် သုတေသနပြုလုပ်ရန်ဖြစ်သည်။ တိပ်ကြိုးဖြင့် ရိုက်

www.burmeseclassic.com



နှိပ်သောကြေးနန်းကိုခုထက်ပိုမိုရှင်းလင်းပြီးခုထက်ပိုမိုကောင်း မွန်ကာလုံးဝစိတ်ချရသည့်အခြေအနေရောက်သည်အထိ လုပ်ကိုင်၍ သူလုပ်ကိုင်စမ်းသပ်လိုသည့်အကြံဉာဏ်များကို သူ့အလုပ်ရုံမှ အကောင်အထည်ဖော် စမ်းသပ်လုပ်ကိုင်ကြည့်ရန်ဖြစ်လေသည်။

လူငယ်နှင့်ပတ်သက်၍ အထူးမှတ်သားလောက်သည့် အရည်အချင်းတစ်ရပ်မှာ သူသည် ငွေကို မျက်လှည့်ပြသလို အမြတ်အစွန်းရအောင်မျှော်မှန်းတွက်ဆပြုလုပ်နေကြသောတကယ့် အချက်အချာနေရာတွင်အလုပ်လုပ်နေရစေကာမူအမြတ်အစွန်းတစ်စုံတစ်ရာရရှိရေးအတွက် သူစိတ်မကူးခြင်းဖြစ်သည်။ တိုင်းပြည်၏ အခြေအနေဟန်မရဖြစ်နေသည့် အခိုက်အတန့်ကို မိမိတို့ချမ်းသာရန်အမြတ်ထုတ်နေကြသူများအား ထူဆန်း၍ မနှစ်မြို့စရာ သတ္တဝါများအဖြစ်သဘောထားသည်။ စက်မှုပညာသည်ဖြစ်သော သူ့အဖို့ ငွေသည် နောက်ဆုံးလိုအပ်သောအရာမဟုတ်ဘဲ သူလိုအပ်သောကိစ္စအောင်မြင်ရန်အတွက် အသုံးပြုရန်သာ ဖြစ်လေသည်။ မမျှော်လင့်နိုင်လောက်သော ငွေများစုပုံရရှိရန်မှာ သူ့အတွက် စောလွန်းနေသေးသည်မဟုတ်ပါလား။

မစ္စတာလော့(စ)သည် သူ၏ရွှေဈေးနှုန်းသတင်းပေးကုမ္ပဏီကို သူ၏ပြိုင်ဘက်ရွှေနှင့်စတော့ကြေးနန်းကုမ္ပဏီသို့ ရောင်းချလိုက်လေသည်။ ပြိုင်ဘက်ကုမ္ပဏီ၏ အုပ်ချုပ်သူအကြီးအကဲမှာဗိုလ်ချုပ်ကြီးလက်ဖက်ဖြစ်၏။ အယ်ဒီဆင်နှင့် ဗိုလ်ချုပ်ကြီးလက်ဖက်တို့ဘယ်လိုများစခန်းသွားကြမှာလဲ?

✝ ✝ ✝

www.burmeseclassic.com

## အခန်း (၈)
## တစ်ခေါ်လာကို အရင်းပြု၍

ကုမ္ပဏီတစ်ရပ်၌ အုပ်ချုပ်သူအပြောင်းအလဲဆိုသည်မှာ ဝန်ထမ်းများအတွက် အရေးကြီးသောကိစ္စဖြစ်၏။ အယ်ဒီဆင်အဖို့ ပထမအုပ်ချုပ်သူဖြစ်သော မစ္စတာစလော့(စ)နှင့်ပြေလည်ပြီးဖြစ်သည်။ မိမိအားအထင်ကြီးပြီး ဖြစ်သည်။ ရွှေဈေးနှုန်းသတင်းပေးပို့သောကြေးနန်းစက် ရုတ်တရက်ရပ်သွားစဉ်က အယ်ဒီဆင်သည် လက်စွမ်းပြပြီးဖြစ်၏။

ယခုအုပ်ချုပ်ရေးမှူးအကြီးအကဲသည် ဗိုလ်ချုပ်ကြီးတစ်ဦးဖြစ်သည်ဟု ဆို၏။ ဗိုလ်ချုပ်ကြီးတစ်ဦးနှင့်ပြောင်းလဲအလုပ်ရတာ

www.burmeseclassic.com



မျိုးက ဗိုလ်ချုပ်ကြီးများသည် စက်ကိရိယာပစ္စည်းများနှင့်နီးစပ်သူများဖြစ်၍ စက်သဘောတရားကိုနားလည်ကာပြေလည်မှုလည်း ရှိနိုင်၏။ အချို့စည်းကမ်းများ တင်းကြပ်လွန်း၍ အရပ်သားများနှင့် မပြေမလည်လည်း ရှိတတ်၏။ အယ်ဒီဆင်လို တစ်ညလုံးအလုပ်လုပ်၊ တစ်ခါတစ်ရံနေ့ခင်းအိပ်ငိုက်တာမျိုးကို ဗိုလ်ချုပ်ကြီးကသည်းခံချင်မှသည်းခံမည်ဖြစ်၏။

အယ်ဒီဆင်သည် တစ်နေ့တွင် နာရီပိုင်းလောက်သာအိပ်ငိုက်၍ မိမိလုပ်လိုသောကိစ္စများကို အချိန်ရှိသ၍ လုပ်နေတတ်သူဖြစ်၏။ ဘာပဲဖြစ်ဖြစ် မိမိ၏အကြံအစည်များနှင့် ဘော့(စ)အသစ်အားလက်စွမ်းပြရမှာကတော့ အမှန်ဖြစ်ပါ၏။ တစ်ကယ်တော့ ယခုကုမ္ပဏီအသစ်တွင် အသုံးပြုနေသောစက်မှာ ရိုးရိုးမော့(စ)အချက်ပြသင်္ကေတများကိုသာသုံးစွဲ၍ သတင်းဖြန့်ချိနေခြင်းဖြစ်၏။ ထိုစနစ်ထက်တိုးတက်အောင်းမွန်အောင်စက်အသစ်တစ်ခုဖြင့် အစားထိုးလိုသည်မှာ အယ်ဒီဆင်၏ ဆန္ဒဖြစ်သည်။ အယ်ဒီဆင်က မိမိ၏အုပ်ချုပ်သူအသစ်အား မိမိ၏စိတ်ကူးစိတ်သန်းကို တင်ပြသော အခါ "လက်ရှိကြေးနန်းတိပ်တွေဖြင့် အကြောင်းကြားသည့်စနစ်ထက်တိုးတက်ကောင်းမွန်မည်ဆိုပါက ကြေးနန်းဆရာရေ တီထွင်ကြည့်ပါလား။ ကျုပ်လိုအပ်တဲ့ငွေ စိုက်ပေးဖို့ တာဝန်ယူပါ့မယ်ဗျာ" ဟုဗိုလ်ချုပ်ကြီးလက်ဖက်က ဆိုလေ၏။ ထိုအခါ အယ်ဒီဆင်သည် အယ်ဒီဆင်ယူနီဗာဆယ်ပရင်တာခေါ် စက်သစ်တစ်လုံးကို တီထွင်ခဲ့၏။ ထိုစက်သစ်ကို တီထွင်ပြီး အမျိုးမျိုးလည်း စမ်းသပ်ခဲ့၏။ ထိုစက်နှင့်ပက်သက်၍ ညပေါင်းများစွာ မအိပ်စက်ဘဲလည်းရှိခဲ့၏။

www.burmeseclassic.com



ညပေါင်းများစွာမအိပ်စက်ခြင်းသည် အယ်ဒီဆင်အတွက် အဆန်းမဟုတ်။ တစ်ကယ်တော့ ညသည်သူ့အတွက် ဘယ်တုန်းက များအိပ်စက်ရန်ဖြစ်ခဲ့လို့ပါလဲ။

အသေအချာစမ်းသပ်ပြီးသောအခါ အယ်ဒီဆင်က စက်ကို ဗိုလ်ချုပ်ကြီးလက်ဖက်ကိုပြလေ၏။ ဗိုလ်ချုပ်ကြီး လက်ဖက်က စက်ကိုကျုပ်လေ့လာပါရစေဦးဟု ဆို၏။ အယ်ဒီဆင်ကစက်နှင့်ပတ်သက်သည်များကို အလုံးစုံရှင်းပြရုံသာမက သူ၏စက်ဖြင့် လက်တွေ့လည်းကြေးနန်းများကို ပို့ပေးခဲ့၏။

ထိုကဲ့သို့ စက်ကိုပေးအပ်ပြီးအယ်ဒီဆင်သည် ထိုစက်ကို မူပိုင်ပြုလုပ်ထားခဲ့ပါ၏။

ဗိုလ်ချုပ်ကြီးလက်ဖက်ထံမှ ဘာအကြောင်းပြန်ကြားမှုမှ မရှိဘဲနေ၏။ တစ်ခါတစ်ရံ ဗိုလ်ချုပ်ကြီးလက်ဖက် ရုံးခန်းရှေ့သို့ ရောက်လျှင်မိမိစက်အားလွှင့်ပစ်ထားတာများ တွေ့ရလေမလား ဟု သတိထားကြည့်ရ၏။ လွှင့်ပစ်ထားရင်လည်း ပြန်ကောက်ရုံသာရှိ ပါ၏။ ၁၈၆၉ ခုနှစ်က အယ်ဒီဆင်နယူးယောက်သို့ ရောက်ရှိလာ ခဲ့ခြင်းဖြစ်၏။ ယခုမူ နယူးယောက်သို့ အယ်ဒီဆင်ရောက်ရှိ နေသည်မှာ တစ်နှစ်မျှရှိခဲ့ပြီဖြစ်၏။

၁၈၇၀ ပြည့်နှစ်၏ တစ်နေ့တွင် အယ်ဒီဆင်အား ဗိုလ်ချုပ် ကြီးလက်ဖက်က သူ့ရုံးခန်းသို့ ခေါ်ပြီး "မင်းရဲ့တီထွင်တဲ့စက်နဲ့ ပတ်သက်လို့ ခုစကားပြောဖို့ အချိန်ကျပြီထင်တယ်။ မင်းရဲ့မူပိုင် အတွက် မင်းဘယ်လောက်လိုချင်လဲ" ဟု မေးသည်။

www.burmeseclassic.com



အယ်ဒီဆင်သည် မေးခွန်းကိုဖြေရန်အတွက် အမြန်စိတ်ကူးစဉ်းစားလိုက်သည်။ "ဒေါ်လာငါးထောင်ဆိုရင်တော့ အကောင်းဆုံးဘဲ။ ဒါပေမယ့်ဒေါ်လာသုံးထောင်ဆိုလဲ ငါလက်ခံနိုင်ပါတယ်။ ဗိုလ်ချုပ်ကြီးက ငါပြောတာများလှတယ်လို့များ ဆိုလေမလား။ ဒါမှမဟုတ် ရယ်သွမ်းသွေးပြီး ထွက်သွားဟုများ ငေါက်လိုက်မလား" စသည်ဖြင့် သူ၏စိတ်တွင် မချီနိုင်မချနိုင်ဖြစ်နေသဖြင့် ဗိုလ်ချုပ်ကြီးကိုပင် သူပေးလိုသည့်ဈေးကို ပေးရန်ပြောလိုက်လေသည်။

"ဒေါ်လာလေးသောင်းဆိုဘယ့်နှယ်လဲ" လက်ဖက်ကပြောသည်။ ပေးသည့်ဈေးနှုန်းသင့်တော်ကြောင်းကို အယ်ဒီဆင်အတော်ကြိုးစားပမ်းစားပြောယူရသည်။ နောင်အခါ သူ့မှတ်တမ်းပြန်လည်ပြုစုရေးသားသောအခါ သူသည် ဗိုလ်ချုပ်ကြီးက ဒေါ်လာလေးသောင်းပေးမည်ဟု ပြောသည်ကိုကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် မေ့သွားမတတ်ဖြစ်သွားရပါသည်ဟု ဖေါ်ပြထားလေသည်။

နောက်သုံးရက်ကြာသောအခါ သူ့အားခေါ်၍ စာချုပ်လက်မှတ်ရေးထိုးစေပြီး ဒေါ်လာလေးသောင်းတန်ချက်လက်မှတ်တစ်စောင်ပေးလိုက်သည်။ ဤချက်လက်မှတ်ကားသူ့ဘဝတစ်သက်တာတွင် ပထမဦးဆုံးရရှိသည့်လက်မှတ်ပါပေ။

ရုံးအပြင်ရောက်သောအခါ သူသည် အဖိုးထိုက်လှသည့်ချက်စာရွက်ကလေးကို ကြည့်လိုက်သည်။ ဒီချက်လက်မှတ်ကိုဘာလုပ်ရပါလိမ့်။ ဘဏ်တိုက်၏ နာမည်ကို လက်မှတ်ပေါ်တွင် တွေ့ရသည်။ ထိုဘဏ်တိုက်သို့သွား၍ ငွေကိုင်အား လှမ်းပေးလိုက်သည်။

www.burmeseclassic.com



ငွေကိုင်သည် တစ်စုံတစ်ခုပြောပြီး၊ ကောင်တာစားပွဲအပေါက်ကလေးမှ ချက်လက်မှတ်ကို ပြန်လည်တွန်းပို့လိုက်သည်။ သူနားလေးနေသဖြင့် ငွေကိုင်ဘာပြောလိုက်သည်ကို သူမကြားချေ။ သူ့ကို သက်သက်နောက်လှောင်လိုက်တာပဲဟု သူ့စိတ်တွင် အတော်ခံပြင်းနေမိ၏။ ဗိုလ်ချုပ်ကြီးသည် သူ့ကို ရယ်စရာ သက်သက်ဖြစ်အောင် နောက်လှောင်လိုက်ပြီး၊ တီထွင်မှုတစ်ခုအတွက် ဒီလောက်များ ဘယ်သူက ကောက်ပေးမှာလဲ ဒီအချက်ကို အစကတည်းကသူသိဖို့ ကောင်းသည်။

သူသည်တန်ဖိုးမရှိသော စက္ကူစကလေးကို သူ့အကျႌအိတ်ထဲ ထိုးထည့်လိုက်ပြီး သူ့စိတ်တွင် ခံစားလိုက်ရသည့်ခံစားချက်ကို ဗိုလ်ချုပ်ကြီးအားပြောပြရန် လက်ဖက်ရိုးခန်းသို့ ပြန်လည်သွားလေ၏။ ဗိုလ်ချုပ်ကြီးလက်ဖက်သည် သူပြောပြသမျှကို နားထောင်နေပြီး အလွန်သဘောကျလွန်းသဖြင့် မျက်လုံးများထဲမှ မျက်ရည်များကျဆင်းသည်အထိ တအားရယ်ချလိုက်လေသည်။

"ငွေကိုင်က မင်းကို ဘာပြောသလဲဆိုတာ မင်းသိရဲ့လား။ သူက မင်းကို ဒီချက်လက်မှတ်ရဲ့ နောက်ကြောမှာ လက်မှတ်ထိုးခိုင်းတာ။ အဲသလိုပြောတာ။ ကဲခုသွားထုတ်ချေ"

ဟု ဗိုလ်ချုပ်ကြီးက အယ်ဒီဆင်အား ရှင်းပြသည်။

စီးပွားရေးကိစ္စရပ်များတွင် ဘာမျှနားမလည်သေးသော သူမှန်းကိုသိသော ငွေကိုင်သည် အယ်ဒီဆင်အား လက်တွေ့နောက်လိုက်လေသည်။ သူလက်တွေ့နောက်လိုက်ပုံမှာ ငွေအားလုံးအကုန်ကို ဒေါ်လာစက္ကူကလေးများသာပေးသည်။ အယ်ဒီဆင်သည် သူ့

www.burmeseclassic.com



တွင်ရှိသမျှသောအိတ်များထဲသို့ ပြည့်သိပ်နေအောင်ထိုးထည့်ခဲ့ပြီး အိမ်ပြန်လာခဲ့လေသည်။ သူခိုးများလာခိုးလေမည်လား ဟုတွေးတောကြောက်လန့်ကာ သူသည် ထိုညတစ်ညလုံး ငုတ်တုတ်ထိုင်နေခဲ့လေသည်။

မိုးလင်း၍ နံနက်ရောက်လျှင် အယ်ဒီဆင်သည် လက်ဖက်ထံသို့သွား၍ အကြံဉာဏ်တောင်းခံသည်။ ဒေါ်လာငွေစက္ကူကလေးများဖြင့် ပြည့်နှင်ဖေါင်းပွနေသော အိတ်များနှင့် ဟန်မရနိုင်သည့် မြင်ကွင်းကို မြင်ရသဖြင့် ရယ်ချင်လှသော စိတ်ကို မြိုသိပ်ကာ မျက်နှာပိုးသပ်၍ ဘဏ်တိုက်တွင် ဘဏ်စာရင်းဖွင့်၍ အပ် နှံရန် အကြံပေးလိုက်သည်။

သို့ဖြင့် အယ်ဒီဆင်၏ နယူးယောက်အောင်နိုင်ရေးခရီးစဉ်တွင် ပထမကဏ္ဍအနေဖြင့် အခမဲ့ရသောလက်ဘက်ရည်တစ်ခွက်ကစတင်ပြီးဘဏ်တိုက်တွင် ကိုယ်ပိုင်ငွေအလုံးအရင်း အပ်နိုင်သည့် အခြေအနေရောက်သည်တွင် အဆုံးသတ်ခဲ့လေသည်။

အယ်ဒီဆင်က သူ့ဖခင်ထံသို့ အောက်ပါအတိုင်းစာရေးလိုက်သည်။

"ဒီအချိန်ကစပြီး အေးအေးလူလူပဲနေထိုင်ပါတော့။ အမေလိုချင်တာမှန်သမျှပြောပါ။ အဖေလဲ အလုပ်ကြမ်းမလုပ်ပါနဲ့တော့။ လိုချင်သောငွေကို ကျွန်တော့်ထံမှယူပါ။ ကျွန်တော်လုပ်ကိုင်နေတဲ့ စီးပွားရေးအလုပ်က အတော်လေးကြီးကျယ်ပါတယ်။ ကျွန်တော့်မှာ လူ ၁၈ ယောက်ငှါးရမ်းလုပ်ကိုင်ရတဲ့ဆိုင်တစ်ဆိုင်ရှိပြီး နောက်တစ်ဆိုင်ကို လူငှါး ၁၅၀

www.burmeseclassic.com



နဲ့လုပ်ဖို့ စီစဉ်နေပါတယ်။ အဖေတို့လို ဒီမိုကရက်တွေ အနေနဲ့တော့ ကျွန်တော့်ကို ပွနေတဲ့ အရှေ့တိုင်းသား ကုန်ထုတ်သမား” လို့ ခေါ်မှာပဲ။

၂၄ နာရီရှိသည့်အနက် ပျှမ်းမျှအားဖြင့်-၁၉ နာရီ သို့မဟုတ် မည်မျှအလုပ်လုပ်သည်ကိုကာ သူ့အဖေထံသို့ ရေးသည့် စာတွင် မဖော်ပြချေ။ သူသည် အလုပ်ခုံတစ်ခုပေါ်တွင် နာရီဝက် လောက်ကလေးတော့ မှေးတတ်သည်။ ထိုမျှအချိန်ကလေး အိပ်စက်နားနေလိုက်ပြီးနောက် သူသည်လုံးလုံးလန်းဆန်းသွား လေသည်။ ဤသို့သော ဘဝမျိုးဖြင့် သူသည် အနှစ်ငါးဆယ်နီးပါး နေထိုင်ခဲ့ပါသည်။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)
## အယ်လ်အတွက်ဘဝအစပေါ်

အယ်ဒီဆင်သည် အသက် ၂၂ နှစ်အရွယ်တွင် မိဘများနှင့်ခွဲ၍တစ်ရွာမပြောင်းသူကောင်းမဖြစ်ဟူသောစကားပုံကို ယုံကြည်သဖြင့် နယူးယောက်မြို့သို့ ထွက်လာခဲ့၏။ နယူးယောက်မြို့သို့ရောက်တော့သူ့ထံတွင် တစ်ဒေါ်လာသာရှိ၏။ ဘဝရှေ့ရေးအတွက်ဘာမျှမသေချာမရေရာသော ကြေးနန်းသမားသည် ထိုတစ်ဒေါ်လာကိုလက်ဖျားနှင့်မတို့ရဲဘဲရှိ၏။ လက်ဖက်ခြောက်အမြီးသမားနှင့် တွေ့၍သာလက်ဖက်ရည်တစ်ခွက်အလကားသောက်ခဲ့ရသည်။ ဘဝရှေ့ရေးကားမည်ကဲ့သို့ရှိလေမည်မသိ။

www.burmeseclassic.com



သို့သော်သူ့ထံတွင်ယုံကြည်ချက်ရှိသည်။ တစ်နေ့မှာ အောင်မြင်ရမည်ဆိုသော ဇွဲသတ္တိရှိ၏။ နယူးယောက်မြို့သို့ ရောက်သောညကအိပ်ရသော်လည်း သူ၏စဉ်းစားတွေးတောတတ်မှု၊ စူးစမ်းလေ့လာမှု၊ စက်မှုဝါသနာအထုံတို့က သူ့ကို အကျိုးပေးလေ၏။ ရွှေဈေးနှုန်းသတင်းပေးပို့သောစက်ပျက်သွားသည်ကို ပြင်ဆင်ပေးလိုက်သောအခါ အယ်ဒီဆင်သည် နယူးယောက်ဆိုသော အင်မတန်ကြီးကျယ်သည့်မြို့ကြီးတွင် ကြေးနန်းရုံး မန်နေဂျာအလုပ်ကိုရရှိခဲ့ပါ၏။ သို့သော်ဆန္ဒမဲပေးစက်က မိမိထင်တိုင်း အရာမဝင်ခဲ့ပဲရှိ၏။

ဝီရိယစွမ်းပကားကိုကားတစ်ပြားမှမလျှော့ပဲအယ်ဒီဆင် ယူနီဗာဆယ်ပရင်တာခေါ် စက်သစ်တစ်လုံးကို တီထွင်ခဲ့ရာမမြော်လင့်ပဲ ဒေါ်လာလေးသောင်းရရှိခဲ့ရာ ထိုမျှများပြားသောပိုက်ဆံကို လက်မခံတတ်ဘဲပင်ရှိ၏။ အယ်ဒီဆင်၏ခေတ်ရောက်တော့မည် ဖြစ်ပါ၏။ အယ်ဒီဆင်ဆိုသောဒီလူငယ်၏ခေါင်းထဲတွင်ကား တီထွင်ရန်အချက်အလက်အသစ်များ၊ သစ်ဆန်းသောစိတ်ကူး စိတ်သန်းများသည် မဆုံးနိုင်သောရေလျှင်သဖွယ် ဒလစပ်သူ့ခေါင်းထဲတွင်ပေါ်ပေါက်နေသည်။ ယင်းသို့ပေါ်ပေါက်လာသည့်အကြံဉာဏ်ဟူသမျှကိုတစ်ခုချင်းစမ်းသပ်ကြည့်သည်။ ဤသို့စမ်းသပ်ကြည့်၍အလားအလာရှိသည်ဟု ယူဆဖွယ်ရာအကြောင်းရှိလျှင် လက်တွေ့လုပ်ကိုင်ကြည့်သည်။ တကြိမ်တွင်အယ်ဒီဆင်သည် တီထွင်မှု ၄၅ခုကို တစ်ပြိုင်နက်တည်းစမ်းသပ်လုပ်ကိုင်လေသည်။

www.burmeseclassic.com



၁၈၇၀ ခုနှစ်နှင့် ၁၈၇၅ ခုနှစ်အတွင်း သူ၏အကြံဉာဏ် စိတ်ကူးဟူသမျှသည် ကြေးနန်းနှင့် ပတ်သက်သည်ကများသည်။ နီဝ့်ါမြို့ရှိ သူ၏ဓါတ်ခွဲခန်းအသစ်များတွင် စမ်းသပ်ကြည့်သဖြင့် တွေ့ရှိရသောစနစ်သစ်တစ်ခုမှာ ကြေးနန်းကြိုးတစ်ခုတည်းဖြင့် သံကြိုးစာလေးစောင်ကိုတပြိုင်တည်းပို့နိုင်ခဲ့ပြီး၊ အသံကိုလွှင့် ထုတ်ပေးပို့ရာတွင်၎င်း၊ အသံကို လက်ခံရာတွင်၎င်း၊ စက်ဖြင့်သူ့အ လိုလိုပို့စေ လက်ခံစေရာတွင် တစ်မိနစ်လျှင် စကားလုံးပေါင်း ၃၅၀၀ အထိ သံကြိုးရိုက်နိုင်ခြင်းပင်ဖြစ်၏။ ထိုနောက်သူသည် အခြား သောတီထွင်သူများ ကြံဆလုပ်ကိုင်နေကြသော ပြဿနာတစ်ရပ်ကို ကိုင်တွယ် စမ်းသပ်သည်။ ယင်းကြံဆချက်ကား ကြေးနန်းရိုက်ရာ တွင်မူလမော့(စ)၏သင်္ကေတများဖြစ်သည့် အစက်များ အတုံးများ ကို သုံးစွဲမည့်အစား ရိုးရိုးရောမစာလုံးများကို သုံးစွဲနိုင်ရန်ဖြစ်သည်။ မော့(စ)၏အတုံးအစက်သင်္ကေတများဖြင့်ရိုက်သောကြေးနန်းကို ကြေးနန်းလက်ခံမည့်သူထံသို့မရောက်မီ ဘာသာပြန်နေရသည်။ ဤ အချက်နှင့်ပတ်သက်၍ အယ်ဒီဆင်၏ တိုးတက်ကောင်းမွန်အောင် စွမ်းဆောင်လိုက်ခြင်းဖြင့် ကြေးနန်းရိုက်ရာလက်ခံရာ၌ အခက်အခဲ တစ်ခု လျှော့နည်းသွားသဖြင့် ယခင်ထက် လျှင်မြန်လာပြီး ယခုထက် တိုင်သုံးစွဲနေရပေသည်။

အယ်ဒီဆင်ဓါတ်ခွဲခန်းများသည် စိတ်အားထက်သန်သော လူငယ်စက်မှုပညာသည်များအတွက် ပြောင်မြောက်သော လေ့ကျင့် မှုပေးရာဌာနနှင့် စမ်းသပ်လုပ်ကိုင်ရာကျောင်းသဖွယ်ဖြစ်၏။ ဤ သို့လာရောက်သင်ကြားလုပ်ကိုင်ကြသူများသည် သူတို့၏ အကြီး

www.burmeseclassic.com



အကဲအလုပ်ရှင်ဖြစ်သူ အယ်ဒီဆင်နှင့် နှစ်ဆယ်ရာစုအထိ အတူတကွလုပ်ကိုင်ကြသည်ကိုတွေ့ကြရသည်။ ထိုသို့မခွဲမခွာပူးပေါင်းနေကြသူများတွင် လူရိုးကြီးဂျွန်ခေါ် ဂျွန်ဘရူဆီဆိုသူ ဆွစ်လူမျိုးစက်ပြင်သူသည်အလွန်ကျွမ်းကျင်ပြီးယုံကြည်စိတ်ချရသူဖြစ်သည်။ အယ်ဒီဆင်သည် သူ့အား ခိုင်းစေထားသည့်မည်သည့်အလုပ်တာဝန်ကိုမဆို စိတ်ချယုံကြည်သည့်အားလျှော်စွာ သူ၏ ဓါတ်ခွဲခန်းများ၏ဓါတ်ခွဲခန်းမှူးအဖြစ် ခန့်အပ်ထားသည်။ ထို့အပြင် ဂျွန်အက်ဖအော့တ်ဆိုသူတယောက်လည်း ရှိသေးသည်။ အော့တ်က သူနီဝါ့ခ်သို့ပထမအကြိမ်ရောက်ရှိလာပုံကို အောက်ပါအတိုင်း ရေးသားဖော်ပြလေသည်။

အယ်ဒီဆင်သည် အမြင်အားဖြင့် ရိုးရိုးလူငယ်တစ်ယောက်ကဲ့သို့ဖြစ်ပြီး သူ၏အလုပ်သမားများကဲ့သို့ပင် အင်္ကျီအဝတ်အစားညစ်၍ လမ်းပေါ်ကလူပွေကဲ့သို့ သပ်သပ်ရပ်ရပ်မဝတ်ဘဲ ဆံပင်လည်းမဖြီးချေ။ သို့သော် သူ့တွင်အလွန်ကြီးမားသောအင်အားရှိသည်။

အယ်ဒီဆင်သည် မေရီစတီးဝဲလ်ဟူသော မိန်းကလေးတစ်ယောက်အားစိတ်ဝင်စားလာသောအချိန်တွင်မူကားသူ၏အဝတ်အစား ပုံသဏ္ဌာန်လည်းပြောင်းလဲလာသည်။ မိုးရွာနေသောတစ်ညနေတွင် ဓါတ်ခွဲခန်းမှ အိမ်သို့အပြန်လမ်းတွင် ထိုမိန်းကလေးနှင့်တွေ့သည်။ သူ့တွင် ထီးပါ၍ မိန်းကလေးတွင်မပါချေ။ ဒီတော့ အယ်ဒီဆင်သည် အရဲစွန့်ကာ. .

www.burmeseclassic.com



"ဒီကမိန်းကလေးထီးမပါရင် ကျွန်တော့်ထီးကို ယူပြီး ဆောင်းနိုင်ပါတယ်"ဟု အရဲစွန့်ကာဆိုလိုက်၏။

"ကျွန်မကရှင့်ထီးယူဆောင်းရင် ရှင်ကရော မိုးရွာနေတယ် လေ။ ရှင်စိုရွှဲကုန်မှာပေါ့"

"ရပါတယ် ကျွန်တော်ကယောကျ်ားလေးပဲ"

"ယောကျ်ားလေးတွေက အနစ်နာခံကြရတယ်လို့ ဘယ် သူကပြောထားလို့လဲရှင့်။ ရှင်စေတနာရှိရင် မိုးရွာတုန်း ရှင်နဲ့အတူ တစ်မိုးထဲအောက်မှာ ထီးဆောင်းဖို့ ကျွန်မမှာ သတ္တိရှိပါတယ်"

"ဒီလိုခွင့်ပြုရင်လဲ ကျွန်တော်ဆောင်းပါမယ်။ ထီးပါလာ တာကို အခွင့်ကောင်းယူတယ်လို့မထင်စေချင်လို့ပါဗျာ။ ဒီနားမှာပဲနေတယ်နဲ့တူပါတယ်"

"ဟုတ်ပါတယ် ကျွန်မဒီနားမှာပဲနေပါတယ်။ ကျွန်မ ကျောင်းကထွက်ခဲ့တာတော့မကြာသေးပါဘူး။ အိမ်မှာနေ ရတာကလဲ ငြီးငွေ့လို့ တစ်ခါတစ်လေ အပြင်ထွက်လည်တာ ပါ"

"မိန်းကလေးကအလုပ်ကရောဘာလုပ်လဲ"ဟု အယ်ဒီ ဆင်ကမေး၏။ ဒီတော့ မိန်းကလေးက အယ်ဒီဆင်အား ကြည့်ကာ"ကျွန်မအလုပ်ကတော့မယ်မယ်ရရဘာမှမရှိပါဘူး။ အိမ်အလုပ်လေးဘာလေးကူပေါ့ရှင်။ အဓိကအလုပ်က တော့ တစ်စုံတစ်ယောက်ကလက်ထပ်ပါရစေ လို့လာ တောင်းမယ့်နေ့အထိ စောင့်နေရတာပဲပေါ့"

www.burmeseclassic.com



"ဒီကြားထဲမှာ မင်းဘာကြောင့်အလုပ်တစ်ခုမလုပ်တာလဲ"

"မိန်းကလေးတယောက်အတွက် လုပ်စရာဘာအလုပ်များရှိလို့လဲရှင်။ လုပ်ရမယ့်အလုပ်တွေကအားလုံးစွန့်စားရတာတွေချည်းပဲ။ ကျွန်မကအချုပ်အလုပ်လဲမတတ်ဘူး။ အချက်အပြုတ်ကတော့ အမေကိုကူရင်းနည်းနည်းပါးပါးတတ်တယ်ဆိုပါတော့။ ကျွန်မမှာဒီပြင်ဘာလုပ်ဖို့ရှိလို့လဲ။ ပေါက်တူးပေါက်ပြားကိုင်ရလောက်အောင်လဲ ကျွန်မကမသန်စွမ်းလှပါဘူးရှင်"

"ပေါက်တူးပေါက်ပြားကိုင်စရာမလိုပါဘူး။ ဉာဏ်ကောင်းတဲ့မိန်းကလေးအဖို့ဆိုရင်တော့ ကျုပ်ဆီမှာ အလုပ်တစ်ခုပေးနိုင်ပါတယ်။ ဒါပေမယ့် ဓါတုဗေဒတို့ ရူပဗေဒတို့ ဒီဘာသာရပ်တွေကို စိတ်ဝင်စားရင်တော့ ပိုကောင်းတာပေ့ါ။ လုပ်ရမယ့်အလုပ်ကတော့ သုတေသနအလုပ်ပဲ"

"ကျွန်မကျောင်းကထွက်လာတာ မကြာသေးဘူး။ ဓာတုဗေဒနဲ့ ရူပဗေဒကို နည်းနည်းပါးပါးတော့သိပါတယ်။ ရှင်သင်ပေးမယ်ဆိုရင်ကျွန်မသိပ်အမှားအယွင်းမရှိအောင်ကြိုးစားပါ့မယ်"

"ကဲ ဒီလိုဆိုရင်မနက်ဖြန်ကျွန်တော့်အလုပ်ရုံကိုလာခဲ့ဗျာ။ ကျွန်တော် ခင်ဗျားအရည်အချင်းကို နည်းနည်းပါးပါး မေးစမ်းကြည့်ပြီး ခန့်နိုင်ရင်လဲ အလုပ်ခန့်တာပေ့ါ။ မခန့်နိုင်ရင်လဲ မိတ်ဆွေဖြစ်ပေ့ါဗျာ"ဟု ဆိုကာ အယ်ဒီဆင်သည် မေရီဆိုသောမိန်းကလေးအားချိန်းထားခဲ့ပါ၏။ မေရီက

www.burmeseclassic.com



နောက်တစ်နေ့တွင်အယ်ဒီဆင်၏သုတေသနခန်းသို့ရောက်ရှိလာ၏။ မိန်းကလေးက ဉာဏ်ရည်ဉာဏ်သွေးမဆိုးလှ။ ထို့ကြောင့် အယ်ဒီဆင်သည် မေရီအားသူ၏သုတေသနလက်ထောက်အဖြစ် ခန့်ထားလိုက်ပါ၏။ မေရီသည် အရည်အသွေးပြည့်ဝသူဖြစ်ပြီး အယ်ဒီဆင်အတွက် အဖိုးတန်သောအကူအညီများစွာရရှိသော မိန်းကလေးဖြစ်ခဲ့၏။

အတူတကွ စမ်းသပ်မှုများကိုပြုလုပ်ရင်းအယ်ဒီဆင်သည် မေရီကို သုတေသနလက်ထောက်အဖြစ်သာမက သူ့ဘဝ၏ ဘဝကြင်ဖော်အဖြစ်အထိ စိတ်ဝင်စားလာခဲ့၏။ တစ်နေ့စမ်းသပ်မှု တစ်ခုလုပ်နေစဉ် မိမိ၏စိတ်မှာ စမ်းသပ်မှုနှင့်မေရီ နှစ်ခုစလုံးပေါ်တွင် သက်ရောက်မှုဖြစ်နေ၍ စမ်းသပ်မှုကို ရပ်လိုက်ကာ 'မေရီ' ဟုခေါ်လိုက်ပါ၏။

"ရှင်. . . ဘာလုပ်ပေးရမလဲ အယ်လ်"ဟု မေရီကဆို၏။ ထိုအခါ အယ်ဒီဆင်သည် မေရီအား ရွှဲနေသောမျက်လုံးကြီးများဖြင့်လှမ်းကြည့်ကာသူ့အိတ်ထဲမှပိုက်ဆံတစ်ပြားကို ထုတ်ယူပြီး အလုပ်စားပွဲ၏ အစွန်း၌တင်ကာ မော့(စ)သင်္ကေတဖြင့် သံကြိုးရိုက်လိုက်ပါ၏။ သံကြိုးစာသားမှာ-

**မေရီ. . . မကြာခင်ထဲက မင်းနဲ့ပတ်သက်လို့ ငါအတော်စဉ်းစားခဲ့ပြီးဖြစ်တယ်(ရပ်) မင်းငါ့ကို လက်ထပ်မလား (အမေး) ငါ မင်းကိုချစ်တယ်(ရပ်)**

ဟူ၍ဖြစ်၏။

www.burmeseclassic.com



မေရီသည် သံကြိုး၏ စာလုံးများကို ဖေါ်ရင်း မျက်နှာမှာ နီရဲသွားပြီးမှ အယ်လ်ကသူ့အားရည်းစားစကားပြောနေကြောင်း ကိုသိရ၏။ မေရီသည် သံကြိုးစာအဆုံးတွင် . . .

**အယ်လ် . . ဒီအတိုင်းဆိုရင် ကျွန်မအလွန်ဝမ်းသာ နေတယ်လို့ ရှင်မှတ်ပါတော့** ဟူ၍သံကြိုးနှင့်ပင်ပြန်ပို့လိုက်ပါ ၏။

အယ်လ်နှင့်မေရီတို့ဘဝခရီးကို အတူလျှောက်ရန်ဆုံး ဖြတ်ခဲ့ကြပြီဖြစ်၏။ သုတေသနအတွေးတွေနဲ့စမ်းသပ်မှုများအ ကြားတွင် သူတို့မေတ္တာစစ် မေတ္တာမှန်ကို မော့(စ)နှင့် ဖေါ်ထုတ်ခဲ့ ကြပြီဖြစ်၏။ မေရီသည်အယ်လ်အတွက်တစ်ကယ့်ဘဝအဖေါ်မွန် တစ်ယောက်ပင်ဖြစ်ပါ၏။ ထိုနှစ်က အယ်လ်အတွက်ဘဝအဖေါ်မွန် ရရှိခဲ့သော်လည်းထိုနှစ်တွင်ပင်ရွှေတောင်ကြီးလည်းပြိုခဲ့၏။

အယ်လ်၏ဘဝတွင် မိခင်ကြီးသည်မိမိဘဝကိုလမ်းညွှန် ပေးရာ ရွှေတောင်ကြီးပင်ဖြစ်၏။ အလင်းရောင်ပေးသူနေမင်း ကြီးလည်းဖြစ်၏။ ကျောင်းဆရာကိုရန်တွေ့၍ အယ်လ်အားတစ် သက်လုံးကျောင်းမနေစေတော့ဘဲ ဘဝတစ်သက်တာ လုံလောက်သော ဘဝအတွေးအခေါ်များကိုပေးခဲ့သူမှာ မိခင်ကြီးပင်ဖြစ်၏။

၁၈၇၁ ခုနှစ်ဧပြီလတွင် အယ်ဒီဆင်၏ချစ်လှစွာသော မိခင်ကြီး ဝေဒနာပြင်းထန်စွာခံစားရပြီးနောက် ကွယ်လွန်သွားခဲ့ ၏။ အယ်ဒီဆင်သည် မိခင်ကြီး၏အလောင်းကို မြေကျအောင် သင်္ဂြိုဟ်မှုပြုခဲ့၏။

www.burmeseclassic.com



မိခင်ကြီးကွယ်လွန်သွားသောအခါ အယ်လ်သည် မေရီအား ချစ်သူဇနီးမယားအဖြစ်သာမက မိခင်ကြီးကိုယ်စား၊ အစားရသလို မေရီကို မြတ်မြတ်နိုးနိုးပေါင်းသင်းခဲ့၏။

အယ်လ်သည် သူ၏အသက် ၂၄နှစ် အရွယ် ၁၈၇၁ ခုနှစ်နာတလူးပွဲတော်ရက်အတွင်း၌မေရီနှင့် လက်ထပ်ခဲ့ကြ၏။

မေရီသည်အယ်လ်အတွက်ဘဝအဖေါ်မွန်တစ်ဦးဖြစ်ခဲ့ပါ၏။

မေရီသည် အယ်လ်အားအနစ်နာခံ၍ ပေါင်းသင်းခဲ့ပါ၏။

မေရီသည် မိမိ၏ခင်ပွန်း ဓါတ်ခွဲခန်းအလုပ်ရုံတွင် တစ်နေ့ပြီးနောက်တစ်နေ့၊ တစ်ပါတ်ပြီးနောက်တစ်ပါတ် နေတတ်ပြီး ဓါတ်ခွဲရုံတွင်ပင်စားပြီး၊ ကုလားထိုင်ပေါ်တွင်ထိုင်၍ငိုက်တတ်သည်။ မေရီခမြာအခြားညားကာစဇနီးမောင်နှံလိုရွှေလည်တွဲပြီးပျော်ပွဲဝင်နေရသည်ဟု မရှိလှချေ။ သို့သော် မေရီက ဤလိုဖြစ်ရသည်ကို မည်သို့မျှသဘောမထားချေ။

❒ ❒ ❒

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)
# ဖင်လှုံပါစ်ဆီသို့

ဆင်မြူရယ် အယ်ဒီဆင်သည် အသက် ၇၀ မျှရှိခဲ့ပြီဖြစ်၏။ ဇနီးဖြစ်သူကလည်း ကွယ်လွန်ခဲ့ပြီဖြစ်၍ သူသည် မီရှီဂန်ပြည်နယ်မှ အောင်မြင်မှုများရရှိနေသော သားထံသို့ အလည်အပတ်ရောက်ရှိလာခဲ့၏။ ဆင်မြူရယ်သည် သားအတွက် များစွာဂုဏ်ယူ၏။ သား၏ တီထွင်မှုအကြောင်းသည် အမေရိကန် တစ်နိုင်ငံလုံးတွင် ဟိုတစ်စဒီတစ်စ ကြားနေရပြီဖြစ်၏။ မိမိတို့နေထိုင်ရာအရပ်ဖြစ်သော မိချိဂန်ပြည်နယ်အတွင်း မီးရထားပေါ်တွင် သတင်းစာထုတ်ဝေခဲ့စဉ်က သားဖြစ်သူ၏ အသက်သည် ၁၄ နှစ်၊ ၁၅ နှစ်သာ ရှိသေးသည်။

www.burmeseclassic.com



ကမ္ဘာပေါ်မှာ အသေးဆုံးသတင်းစာကို ထုတ်ဝေခဲ့သည့် ကမ္ဘာ့အသက်အငယ်ဆုံး အယ်ဒီတာချုပ်မှာ သားဖြစ်သူ အယ်လ်ပင်ဖြစ်သည်။ ယခုတော့ ကမ္ဘာပေါ်တွင် အကြီးဆုံးသုတေသနလုပ်ငန်း၊ အထူးဆန်းဆုံး စမ်းသပ်မှုများ၊ ကမ္ဘာကြီးတုန်လှုပ်သွားရလောက်သည့် တီထွင်မှုများကို သားဖြစ်သူက အောင်မြင်စွာ ပြုလုပ်တော့မည်ဖြစ်၍ဆင်မြူရယ်အယ်ဒီဆင်သည်မီရှီဂန်ပြည်နယ်မှ အောင်မြင်နေသော သူ့သားထံသို့ အလည်အပတ်ရောက်လာစဉ် သူ့သားအား သူတီထွင်လိုသမျှကို တီထွင်လုပ်ကိုင် ပြီးမပြီး မေးမြန်းရာ သားဖြစ်သူအယ်ဒီဆန်က အားရပါးရရယ်ရင်း. . .

"ခုမှစတာ အဖေရယ်. . . ဘယ်ပြီးပါ့မလဲ။ အမှန်က ကျွန်တော်ဒီမှာလုပ်လို့မရတဲ့အချို့အကြံအစည်တွေကို လုပ်ကိုင်ဖို့ ကိရိယာတန်ဆာပလာပစ္စည်းများပြည့်စုံတဲ့ ဓါတ်ခွဲခန်းကြီးတစ်ခု တည်ဆောက်ဘို့ ဆိတ်ငြိမ်တဲ့ နေရာကောင်းတစ်ခုကို ရှာနေပါတယ်။ အဖေ ကျွန်တော်ကို ကူညီတဲ့သဘောမျိုးနဲ့ အဲဒီနေရာမျိုး ရှာမပေးနိုင်ဘူးလား"

"ဟာ ဘယ့်နှယ်ပြောပါလိမ့်။ ဝမ်းမြောက်ဝမ်းသာစွာနဲ့ လိုက်ရှာပေးမှာပေါ့"

"ကောင်းပေါ့ အဖေရယ်။ ဒီလိုဆို ကျွန်တော့မြင်းရထားယူသွားပြီး ကျွန်တော်စိတ်ကူးထားတဲ့နေရာမျိုး ရသည်အထိထက်အောက်တခွင် ပြဲပြဲစင်အောင်ရှာဖွေပေးပေတော့"

www.burmeseclassic.com



နှစ်ပါတ်ကြာလွန်ပြီးနောက် ဆင်မြူရယ်အယ်ဒီဆင် သည် သူ့သားအား ပင်ဆယ်ဗေးနီးယားမီးရထားလမ်းဘေးရှိတစ်ခုသော နေရာသို့ခေါ်ဆောင်သွားလေ၏။ ထိုနေရာသည်ကားတောင် ကတုံးကလေးများပြည့်နှက်ပေါ်များရာ နယူးဂျာစီပြည်နယ် အတွင်း၊ နယူးယောက်မြို့နှင့် ၂၅ မိုင်ခန့်ကွာဝေးသောနေရာဖြစ် သည်။

"တယ်လှတဲ့ နေရာပါလား အဖေရယ်။ ကျွန်တော်လိုချင် တဲ့ နေရာအတိုင်းဘဲ။ ဒီနေရာဘယ်လိုခေါ်သတဲ့လဲ"

"မင်လိုပါ့ခ်"

အယ်ဒီဆင်သည် သူမြော်မြင်ကြံဆထားသည့်အတိုင်း ခေတ်သစ်တွင်ပထမအကြီးဆုံးဖြစ်သောသုတေသနဓါတ်ခွဲ အလုပ်ရုံတစ်ရုံ မင်လိုပါ့ခ်တွင်ဆောက်လုပ်လေရာ မင်လိုပါ့ခ်ဟူ သောနာမည်သည် လူတိုင်းနှုတ်ဖျားတွင်ရေပန်းစားသွားသော ကမ္ဘာသိနေရာကြီးဖြစ်သွားလေသည်။ ထိုဓါတ်ခွဲရုံကြီးအနီးတွင် အယ်ဒီဆင်သည် သူ့မိသားစုနေထိုင်ရန် အိမ်ကောင်းကောင်းတစ် လုံး ဆောက်လုပ်လေသည်။ မိသားစုမှာ စုစုပေါင်း သမီးမေရီနှင့် သား သောမတ်အငယ် ပေါင်း လေးယောက်ဖြစ်၍ အယ်ဒီဆင်က သူ့သားနှင့်သမီးအား ချစ်စနိုးနှင့် အတုံးနှင့် အစက်ဟု ဂုဏ်ယူကာ ခေါ်တတ်လေသည်။

၁၈၇၆ ခုနှစ်တွင်အမေရိကန်ပြည်ထောင်စု၏ရာဇဝင် တွင် အမှတ်တစ်ရနေ့တစ်နေ့ဖြစ်သော အယ်ဒီဆင်၏လုပ်ငန်းတစ်ဖွဲ့ လုံး မင်လိုပါ့ခ်သို့ပြောင်းရွှေ့သွားသည်။ လွတ်လပ်ရေးကြေညာပြီး

www.burmeseclassic.com



အနှစ်တစ်ရာပြည့်မြောက်သည်ကို ဂုဏ်ပြု၍ ဖီလာဒယ်ဖီးယားမြို့တွင် ကျင်းပသောရာပြည့်ပွဲတော်ကြီးတွင် ဘဲလ်၏တယ်လီဖုန်းအပါအဝင် စိတ်ဝင်စားဖွယ်ရာတီထွင်မှုအသစ်များကိုခင်းကျင်းပြသသည်။ ပြပွဲတွင် ပြသထားသမျှတီထွင်မှုအားလုံးထက် အယ်ဒီဆင်ကိုအစွမ်းကုန်ဆွဲဆောင်သောတီထွင်မှုမှာဘဲလ်၏တယ်လီဖုန်းပင်ဖြစ်သည်။ ဤဘဲလ်၏ကိရိယာသည် တကယ်ထိရောက်ခြင်းရှိသည်သာမကယင်းကိရိယာကို မည်ကဲ့သို့ ပိုမိုကောင်းမွန်အောင်ပြုလုပ်လျှင်ရလိမ့်မည်ကိုသူမြင်မိသောကြောင့် စိတ်ဝင်စားခြင်းပင်ဖြစ်၏။

ဘဲလ်၏ တယ်လီဖုန်းသည် နားထောင်သည့်နားကြပ်က တစ်ဘက်နှင့် စကားပြောသည့်ခွက်က တစ်ခွက်ပါဝင်သည်။ အသံလှိုင်း များကို ပိုမိုကောင်းမွန်သောစံနစ်သစ်ဖြင့်လျှပ်စစ်အားအဖြစ်ပြောင်းလဲလျှင် ပြောဆိုလွှင့်ထုတ်လိုက်သောအသံသည် ပိုမိုကောင်းမွန်လိမ့်မည်ကို အယ်ဒီဆင်သိသည်။ သူသည် ကာဗွန်မှုန့်ကို သုံးစွဲသည်။ ယင်းအမှုန့်များသည် အသံလှိုင်းများ၏ဖိအားနှင့်ညီမျှသောလျှပ်စစ်ဓါတ်ခုခံခြင်းတန်ပြန်စေခြင်းဖြင့်ဆက်သွယ်ထား သောအသံချဲ့စက်တွင် ပိုမိုကျယ်လောင်သော အသံဖြစ်ပေါ်လာရ သည်။ ဤကရိယာကို အယ်ဒီဆင်က မိုက်ကရိုဖုန်းဟု ခေါ်သည်။

သူ၏ နောက်တစ်ခုတီထွင်ချက်မှာ အသံချဲ့တယ်လီဖုန်းဖြစ်သည်။ အတော်လေးလံပြီး အလွယ်တကူမဖြစ်လှချေ။ မြေဖြူဖြင့်ပြုလုပ်သောလုံးရှည်လုံးလျားဓါတ်ရည်များဖြင့် ဖုံးအုပ်လိမ်းကြံထားပြီး၊ တပ်ဆင်ထားသောလက်ကိုင်ရှိုးကို အသံလက်ခံသူဘက်

www.burmeseclassic.com



မှ လှည့်လိုက်လျှင်အသံထွက်ပေါ်လာသည်။ မင်လိုပါစ့်၏မြင်ကွင်းတွင် ဤကိရိယာကို စမ်းသပ်ကြည့်စဉ်က အသံထွက်ပေါ်ရာနေရာမှပေတစ်ထောင်ရှိသောနေရာတွင်အလွန်ကြည်လင်ပြတ်သားစွာကြားရသည်ဟု ဆိုသည်။

တစ်ညနေတွင်အယ်ဒီဆင်သည် တယ်လီဖုန်းနှင့်ပတ်သက်၍သုတေသနပြုလုပ်နေစဉ်ထူးခြားသောမြင်ကွင်းတစ်ခုကို သူတွေ့မိသည်။ သံလိုက်တစ်ခု၏ ဆွဲငင်တွန်းခွာအားဖြင့် တုန်ခါစေရန်စတီးသံချောင်းကလေးတစ်ခုကို ဆွဲငင်ထားသည်။ ရုတ်တရက်ဆိုသလို လျှပ်စစ်သံလိုက်အားထုတ်ပေးသည့်စက်နှင့် အနီးငယ်အကွာအဝေးတွင်ထားရှိသောသံလိုက်၏ အတွင်းဘက်မှ မီးပွားကလေးများခုန်ထွက်လာသည်ကိုသူတွေ့ရှိလေသည်။ ဤသို့ဖြာထွက်လာသောမီးပွားကလေးများကို ကြည့်ရှုလေ့လာရန် မျက်စိနှင့်ချောင်း၍ကြည့်ရှုရသောပုံးမဲကလေးပြုလုပ်ပြီးစစ်ဆေးကြည့်ရှု သည်။ သုတေသန အမျိုးမျိုးပြုလုပ်ပြီးနောက် မီးပွားကလေးများသံလိုက်မှအဘယ်ကြောင့်ဖြာထွက်လာသည်ဟူသောသီအိုရီကိုနောက်ဆုံးထုတ်ပြန်လိုက်လေသည်။

အယ်ဒီဆင်သည် သူ့မှတ်စုစာအုပ်တွင် ဤတွေ့ရှိချက်သည်အတော်အံ့ဩစရာကောင်းသည်။ မီးပွားဖြစ်ပေါ်လာရခြင်း၏အကြောင်းရင်းသည် အမည်မဖော်နိုင်သောအင်အားသစ်တရပ်အစစ်အမှန်ဖြစ်သည်ဟု ရေးသားထားလေသည်။ ဤအင်အားသစ်ကို ‘အီသာရစ်အင်အား’ဟု သူအမည်ပေးခဲ့လေသည်။ လျှပ်စစ်သံလိုက်အားထုတ်ပေးသည့် နည်းစံနစ်ဖြင့် သွားလာနေသောမီးရထား

www.burmeseclassic.com



တစ်စင်းသို့ကြေးနန်းရိုက်ခြင်းကိုအောင်မြင်စွာပြုလုပ်တီထွင်နိုင်ခဲ့သည်။ သတ္တုပြားကြီးများကိုအပေါ်အမြင့်တွင်ထား၍သော်လည်းကောင်း၊ ရေထဲတွင်ချထား၍သော်လည်းကောင်း၊ လျှပ်စစ်သံလိုက်ဓါတ်အားအသုံးပြုသောကြေးနန်းရိုက်ဆက်သွယ်ခြင်းကိုအကြံပေးခဲ့သော်လည်း သူကိုယ်တိုင်ယင်းအကြံအစည်များကိုလက်တွေ့လုပ်ကိုင်ကြည့်ခြင်းမပြုခဲ့ချေ။ အကယ်၍သာ အယ်ဒီဆင်သည် သူတွေ့ရှိခဲ့သော အီသာအင်အားဖြင့်ဆက်လက်ကြံစည်စမ်းသပ်ပါလျှင် သူသည် ကြိုးမဲ့ကြေးနန်းနှင့် ရေဒီယိုကို တီထွင်သူတစ်ယောက်ဖြစ်လာပေလိမ့်မည်။

☆ ☆ ☆

www.burmeseclassic.com

# အခန်း (၁၁)
## စကားပြောသောစက်

ဖခင်ကြီးဆင်မြူရယ်ရှာဖွေပေးသော မင်လိုပါ့ခ်သို့ပြောင်းရွှေ့ပြီးသည့်နောက် အယ်ဒီဆင်၏ အမည်သည်လည်း တစ်စထက်တစ်စပို၍ကြီးလာ၏။ အမေရိက၏နယ်နိမိတ်ကိုကျော်လွန်၍ ကမ္ဘာသို့တိုင်စတင်ကျော်ကြားလာ၏။

အမေရိကန်သတင်းစာများကအယ်ဒီဆင်အား မင်လိုပါ့ခ်မှမှော်ဝိဇ္ဇာကြီးဟုတင်စားခဲ့ကြ၏။ အယ်ဒီဆင်သည် သဘာဝတရား၏စွမ်းအင်များကိုတစ်ခုပြီးတစ်ခု မင်လိုပါ့ခ်၌တွေ့ရှိခဲ့သည်။ မိမိတွေ့ရှိသောစွမ်းအင်များကိုပြောင်းလဲ၍သော်လည်း

www.burmeseclassic.com



ကောင်း၊ ပေါင်းစပ်၍သော်လည်းကောင်း၊ အသုံးပြုခြင်းဖြင့်စွမ်းအင်သစ်များရရှိလာနိုင်သည်ဆိုသော အချက်ကိုလည်း အယ်ဒီဆင်သိလာ၏။ အယ်ဒီဆင်သည် မင်လိုပါစ့်၌သဘာဝစွမ်းအင်များကို တစ်ထွေးကြီးတွေ့ရှိခဲ့သည်ဟုဆိုရမည်ဖြစ်၏။

ဤသဘာဝစွမ်းအင်များသည် အယ်ဒီဆင် ဒီကမ္ဘာကြီးသို့ ရောက်ရှိမှအယ်ဒီဆင်နှင့်အတူပါလာခြင်းမဟုတ်။ ကမ္ဘာပေါ်တွင်သဘာဝရုပ်စွမ်းအင်များသည် ကမ္ဘာကြီးစတင်ပေါ်ပေါက်လာထဲကရှိနေခြင်းဖြစ်၏။ သဘာဝစွမ်းအင်များပေါင်းစပ်ခြင်း၊ ပြောင်းလဲခြင်းတို့ကိုအခြေခံ၍ ဤကမ္ဘာပေါ်တွင် ရေထု၊ မြေထု၊ လေထုနှင့် မီးလျှံမီးငွေ့များ ဖြစ်ပေါ်လာသည်။ ယင်းတို့ကြောင့် မိုးရွာခြင်း၊ လေတိုက်ခြင်းများဖြစ်ပေါ်လာသည်။ ထိုသဘာဝစွမ်းအင်တို့ကြောင့် ရေမြေတောတောင်သမုဒ္ဒရာကန္တာရများနှင့် သက်ရှိသက်မဲ့တိရစ္ဆာန်များ၊ သတ္တဝါများပေါ်ပေါက်လာသည်။ လူသည် သဘာဝစွမ်းအင်များဖွဲ့စည်းဖြစ်ပေါ်လာသော အသိ ဉာဏ်ရှိသည့် သတ္တဝါတစ်မျိုးပင်ဖြစ်၏။ ပရိုင်းမိတ်ဘဝလူတူ သတ္တဝါများအဖြစ်မှ လူဟူ၍ဖြစ်ပေါ်လာပြီး၊ လူသည်အသိဉာဏ်ရှိသည်။ လူသည် အသိဉာဏ်ကိုအသုံးပြု၍ ဤကမ္ဘာလောကကြီး၏သဘောတရားများကိုနားလည်လာသည်။

ရှေးအခါကလူများသည်ပင်လျှင် မိုးရွာခြင်း၊ နေပူခြင်း၊ သမုဒ္ဒရာကြီးကာဆီးနေခြင်းတို့သည် တန်ခိုးရှင်များကြောင့်ဟု ထင်မှတ်ကာ သဘာဝစွမ်းအင်များကို ပူဇော်ခဲ့ကြ၏။ တောစောင့်နတ်၊ တောင်စောင့်နတ်အယူအဆများဖြင့် သဘာဝစွမ်းအင်များ

www.burmeseclassic.com



ကိုတန်ခိုးရှင်များအဖြစ် ကိုးကွယ်လာခဲ့ကြပြီး အသိဉာဏ်ရှိသော လူသားသည် သဘာဝတရားကို အသေအချာလေ့လာပြီးကာမှ သဘာဝစွမ်းအင်များကို ကိုးကွယ်စရာမလို၊ ယင်းတို့အား လေ့လာ၍ လူ့ဘောင်ဘဝအတွက်အကျိုးရှိအောင်အသုံးပြုရန်သာလိုအပ်သည်ဆိုသောအသိတရားများရရှိလာခဲ့၏။

လူသည်တည်ငြိမ်နေသောသတ္တိ၊ ရွေ့လျားနေသောသတ္တိများကို သိလာ၏။ ကမ္ဘာမြေကြီး၏ ဆွဲအားအကြောင်းသိလာသည်။ ထိုနောက်အလင်းရောင်အကြောင်း၊ အသံအကြောင်း၊ သံလိုက်အကြောင်း၊ အပူအကြောင်း၊ လျှပ်စစ်အကြောင်း၊ အဏုမြူအကြောင်းတို့ကို တိုး၍သိရှိလာရာမှ ထိုသဘာဝရုပ်စွမ်းအင်များ၏ ဂုဏ်သတ္တိနှင့် သဘောတရားများကို လေ့လာကာထိုဂုဏ်သတ္တိများကို တိုး၍သိလေ တီထွင်မှုများကို တိုး၍ပြုလုပ်လာလေဖြစ်ရာမှလူတို့သည် စက်ရုံများ၊ မော်တော်ကားများ၊ လေယာဉ်ပျံများ၊ အသံထက်မြန်သောလေယာဉ်ပျံများ၊ ကျည်ဆန်ရထား၊ အဝတ်အထည်၊ ဆေးဝါးဖန်ပြွန်သန္ဓေလူသားမှအစ ဤကမ္ဘာပေါ်မှသဘာဝစွမ်းအင် များကို တစ်စမကျန်ဖော်ထုတ်ရာတွင် မဟာအယ်ဒီဆင်သည် တစ်ဦးတယောက်အဖြစ်ပါဝင်ခဲ့၏။ သူသည် ပစ္စည်းအမယ်ပေါင်း ၂၅၀၀ ကျော်ကို မူပိုင်ပြုလုပ်နိုင်ခဲ့သူဖြစ်၏။ အယ်ဒီဆင်တို့ခေတ် သည် သိပ္ပံပညာကို စတင်ရေးသားသောခေတ်ဖြစ်သည်။ အယ်ဒီဆင်တို့ခေတ်သည် သဘာဝတရား၏ လျှို့ဝှက်ချက်များ ဖော်ထုတ်နိုင်ခဲ့သောခေတ်ဖြစ်၏။ ယနေ့သိပ္ပံပညာပေါက်ကွဲမှုများသည်

www.burmeseclassic.com



အယ်ဒီဆင်တို့ခေတ်ကသိပ္ပံပညာရှင်ကြီးများကသဘာဝ၏လျှို့ဝှက်ချက်အများအပြားကိုဖော်ထုတ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ပါ၏။

အယ်ဒီဆင်၏မင်လိုပါခ့်သည်မည်မျှနာမည်ကြီးလာသနည်းဆိုပါကမင်လိုပါခ့်သို့အစိုးရကအထူးရထားပင် ဆွဲပေးရ၏။ သဘာဝတရား၏ လျှို့ဝှက်ချက်များကို အယ်ဒီဆင်မည်ကဲ့သို့ထုတ်ဖော်တီထွင်လျှက်ရှိသည်ကိုအမေရိကန်နိုင်ငံအရပ်ရပ်မှပြည်သူများသည် မင်လိုပါခ်သို့ရထားဖြင့်ရောက်လာကာ ကြည့်ရှုကြသည်။ လေ့လာကြသည်။

မင်လိုပါခ့်မှ ဖန်အိုးကြီးများ၊ ဖန်ပြောင်းများ၊ သုတေသနကိရိယာများကို အထူးအဆန်းအဖြစ်လာ၍ ကြည့်ကြပါ၏။ အယ်ဒီဆင်သည်တစ်ခါတစ်ရံသုတေသနပြုမှု-၄၅ ခုခန့်ကို တစ်ပြိုင်နက်သုတေသနပြုခဲ့၏။ အယ်ဒီဆင်သည် တစ်နေ့တွင်နာရီ-၂၀ခန့်မနားမနေအလုပ်လုပ်သည်။ သူသည် “ငါ့မှာလုပ်စရာတွေကအများကြီး။ ဘဝသက်တမ်းက တိုတိုလေးနဲ့ အဲဒီတော့ အသော့နှင်ဖို့ပဲရှိတယ်”ဟုဆိုကာလူ့လောကကြီးကောင်းကျိုးအတွက်သဘာဝတရား၏လျှို့ဝှက်ချက်ထောင်ပေါင်းများစွာကိုအသော့နှင်ကာ ရှာဖွေဖော်ထုတ်ခဲ့ပါ၏။ သူသည် နှစ်ပေါင်း ၅၀ ခန့်ကိုတစ်နေ့ နာရီ ၂၀ လောက် အလုပ်လုပ်ခဲ့၏။ မေရီသည် အယ်ဒီဆင်အတွက် ပါရမီဖြည့်ဖက် တစ်ဦးအနေနှင့် ကူညီခဲ့သည်။ မင်လိုပါခ့်တွင်အယ်ဒီဆင်သည်မေရီ၏အကူအညီများစွာရရှိခဲ့ပါ၏။

တီထွင်မှုများသည် အများအားဖြင့် ရှေးဟောင်းပုံပြင်များနှင့်ဒဏ္ဍာရီဝတ္ထုများတွင်အရိပ်အရောင်ပြသဖော်ထုတ်ခဲ့လေ

www.burmeseclassic.com



သည်။ အလွန်ကျော်ကြားလှသော စက်မှုပညာသည်များ၊ တီထွင်သူများအား သူတို့၏အတွင်းသဏ္ဍာန်ကို လှပ်ကြည့်ပါလျှင် စိတ်ကူးယဉ်သမားများသာ ဖြစ်ခဲ့ပြီး လူသတ္တဝါတို့၏အလွန်ရှေးကျလှ သောစိတ်ကူးစိတ်သန်းများကို အကောင်အထည်ဖြစ်အောင် ဖော်ထုတ်ကြသူများသာ ဖြစ်သည်။

ဥပမာအားဖြင့် ပြရပါလျှင် ဘုရင်ကြီးတွင် မြည်းနားရွက်ကြီးများရှိသည်ဟူသော ပုံပြင်ဖြစ်၏။ ဘုရင်ကြီးတွင် မြည်းသတ္တဝါ၏နားရွက်နှင့်တူသောနားရွက်ကြီးရှိကြောင်းကို မင်းချင်းယောက်ျားတယောက်တွေ့ရှိသွားလေသည်။ ဤတွေ့ရှိချက်ကို သူ့ရင်ထဲတွင်ကြာရှည်စွာသိုလှောင်လျှို့ဝှက်မထားနိုင်တော့ဘဲအံထွက်လာတော့မည့်ခြေအနေရောက်လာရာမြစ်တစ်ခုသို့သွား၍၊ အနီးပတ်ဝန်းကျင်တွင်လူသူတစ်စုံတစ်ယောက်မျှမရှိသည်ကိုသေချာအောင်ကြည့်ရှုပြီးမှ "ဘုရင်ကြီးတွင် မြည်းနားရွက်များရှိသည်"ဟု အော်ဟစ်ပြောဆိုလေသည်။ လူသတ္တဝါ မည်သူမျှမရှိ၍ မကြားနိုင်သော်လည်း မင်းချင်း၏ အော်ဟစ်ပြောဆိုသည်ကို ကိုင်းပင်များက မှတ်သားထားလိုက်ပြီးလျှင် ကြားထားသည့်အတိုင်း ပြန်လည်ရေရွတ်ထုတ်ဖော်လေလျှင်ဘုရင့်ကျေးတော်မျိုး ကျွန်တော်မျိုးအားလုံးမဟာလျှို့ဝှက်ချက်ကြီးကိုအားလုံးသိရှိကုန်ကြလေ၏။

ထို့ကြောင့် အသံများကို မှတ်သားထားခြင်းသို့မဟုတ်သွင်းထားခြင်းဟူသောအကြံသည် အသစ်အဆန်းမဟုတ်ချေ။ သို့ရာတွင် မည်သည့်တီထွင်သူမှန်သမျှမှ လူတို့၏ပြောဆိုသံများကိုလည်းကောင်း၊ သီချင်းသံများကိုလည်းကောင်း၊ အခြားအသံများ

www.burmeseclassic.com



ကိုလည်းကောင်း နောက်တစ်ဖန်ထပ်မံ၍ မူလအသံများအတိုင်း ပြန်၍ မြည်အောင် 'အသံဝင်ကိုင်းပင်'များကို မဖော်ထုတ်နိုင်ကြပေ။ ဖော်ထုတ်နိုင်သောအချိန်သည်ကား ၁၈၇၇ ခုနှစ် တစ်နေ့သောအခါ အယ်ဒီဆင်၏ လက်ကို အပ်စူးမိသောအချိန်ဖြစ်သည်။

လက်ကိုအပ်စူးမိခြင်းသည်အခြားသူများအဖို့သာမန်အဖြစ်အပျက်ကလေးမျှသာဖြစ်သော်လည်း အယ်ဒီဆင်အဖို့ ကား ထိုသို့မဟုတ်ပေ။ ကြေးနန်းသင်္ကေတများကို အသံဖမ်းစက် ဖြင့် အသံသွင်းရန် ဖယောင်းလုံးရှည်ပေါ်တွင် အတုံးနှင့်အစက်များ ရေးခြစ်မှတ်သားရန်အပ်ချောင်းကလေးကို အသားကျအောင်ပြုလုပ်နေစဉ် သူသည် တပည့်လက်ထောက်တစ်ယောက်အားလှမ်း၍ စကားပြောလိုက်သည်။ အယ်ဒီဆင်၏ နှုတ်ခမ်းများမှ အသံထွက်လိုက်သည်နှင့် တစ်ချက်တည်း အပ်ချောင်းကလေးတွန့်သွားပြီး သူ့လက်ချောင်းအား စူးဝင်သွားသည်။

အယ်ဒီဆင်သည်အသံသွင်းရန်လုပ်နေသည့်အလုပ်ကို ချက်ချင်းရပ်လိုက်ပြီး အပ်စူးသည့်အဖြစ်ကို ပြန်လည်သုံးသပ်ကြည့်မိသည်။ အကယ်၍များ လူ့စကားသံ၏ တုန်ခါခြင်းများသည့်ဓါတ်နားအမွေးပါးကို တုန်ခါစေနိုင်ပြီး အပ်ကိုတစ်ဖန်တုန်စေလှုပ်စေခါစေနိုင်လျှင်ထိုတုန်ခါချက်များကိုသင့်တော်အောင်စီမံထားသောမျက်နှာပေါ်တွင် အမှတ်အသားထင်စေမည်။ ဤအမှတ်အသားများကို ပြန်လည်ဖော်ထုတ်ပါက မူလအသံများကို ပြန်၍ မမြည်နိုင်ဖွယ်ရာမရှိဟုအယ်ဒီဆင် ဆင်ခြင်မိလေသည်။

www.burmeseclassic.com



နောက်တစ်နာရီကြာလျှင် ဂွန်ကရူစိအား အလွန်ထူးဆန်းသော စက်ပုံစံကြမ်းတစ်ခုကို ပြုလုပ်ရန် ပေးလိုက်သည်။ ပုံစံကြမ်းမှာ သူလုပ်သမျှ တကယ့်အထူးအဆန်းပုံစံများတွင် တစ်ခုအပါအဝင်ဖြစ်၏။ ပြုလုပ်ရန်ပုံစံကြမ်းမှာ သတ္တုသားဖြင့်ပြုလုပ်၏။ လက်ကိုင်တပ်ထားသောလုံးရှည်အမှေးပါး ခါတ်ခွက် တပ်ဆင်ထားသောနားအော်လံ၊ အစွန်းတွင် အပ်တစ်ချောင်းရှိပြီး၊ ထိုအပ်ချောင်းကိုလုံးရှည်အပေါ် ဘက်ဆုံလည်နှင့် ဆက်ထားသည်။ ကရူစီသည် သူလုပ်ပေးရမည့်ပုံစံကိုကြည့်ပြီး အံ့ဩလွန်း၍ ခေါင်းခါမိသည်။ ဒီပုံစံသည် ဘာအတွက်ဘဲလုပ်လုပ် မဖြစ်မှာတော့ သေချာသည်ဟု သူ့စိတ်တွင်တွေးထင်သည်။ ဆရာလုပ်တာအမြဲမှန်တယ်ဟုယူဆသောစက်အလုပ်ရုံမှူးနှင့် ပုံစံအရ အလုပ်ဖြစ်၊ မဖြစ် ဆေးပြင်းလိပ်တစ်ထုပ်ကြေးလောင်းကြသည်။

နောက်တစ်နေ့ကရူစီသည် ထူးဆန်းသောစက်ကိုယူလာရာ အယ်ဒီဆင်လုပ်ပုံမှာ အတော်ကလေးဆန်းသည်။ သူသည် ငွေရောင်စက္ကူပျော့ကိုစက်၏လုံးလျားပေါ်တွင်ပတ်လိုက်ပြီး လက်ကိုင်ရိုးကိုလှည့်ကာစကားပြောခွက်ထဲသို့ 'လူကလေးတဲ့ အိပ်ပါဆိုခိုဖမ်းလို့ပေး'ဟူသော ကလေးချော့ကဗျာကလေးတစ်ပုဒ်ကို ရွတ်ဆိုလိုက်သည်။ ကဗျာ၏စာသွားမှာ မေရီတွင် သိုးကလေးတစ်ကောင်ရှိသည်။ ထိုသိုးကလေး၏အမွေးသည် နှင်းခဲကဲ့သို့ဖြူဖွေးသည် ဟူ၍ဖြစ်၏။ ထိုသို့ကဗျာကလေးကို မှတ်ထည့်ပြီးနောက် တီထွင်သူအယ်ဒီဆင်သည် ထူးဆန်းသောစက်ကလေး၏ အပ်ကလေးကိုမူလအစနေရာသို့ ပြန်ထားလိုက်ပြီး လက်ကိုင်ကိုလှည့် ကာ သူ၏

www.burmeseclassic.com



ကောင်းသောနားတစ်ဘက်ဖြင့်စကားပြောခွက်ကိုကပ်၍နားထောင်လိုက်သည်။

'မေရီတွင် သိုးကလေးတစ်ကောင်ရှိသည်'စသည်ဖြင့် အယ်ဒီဆင်၏အသံအတိုင်း စက်ကလေးကရွတ်ဆိုပြရာကရူစီခမြာ လန့်ဖြန့်ပြီးယိုင်လဲသွားမတတ်ဖြစ်တော့သည်။ အသံသည် ကြည်လင်သော်လည်း ခပ်တိုးတိုးပင်ဖြစ်၏။ 'အမယ်လေးဘုရား ကယ်တော်မူပါ'ဟု ဂျွန်ကရူစီကအော်လိုက်သည်။ အယ်ဒီဆင်ကိုယ်တိုင်က သူ့ကိုယ်ပိုင်စက်ကလေးက မဖေါက်မပြန် မှန်မှန်ကန်ကန် အလုပ်လုပ်ပြသည်ကို ကြက်သေသေနေမိသည်။ 'ကျွန်တော့်ဘဝမှာဒီလိုကြောက်ရွံ့သွားတာမျိုး တစ်ခါမျှမဖြစ်ဘူးပါ။ ပထမဆုံးအောင်မြင်မှုတွေ့စအချိန်များတွင်ကျွန်တော်ဤကဲ့သို့ပင်ကြောက်တတ်ပါသည်'ဟု နောက်နှစ်များမကြာမီ အယ်ဒီဆင်ရေးသားခဲ့လေသည်။ ကရူစီတော့ဆေးလိပ်တစ်ထုပ်ရှုံးသွားလေပြီ။

ဤ ဖိုနိုဂရပ်ဟု သူမှည့်ခေါ်ခဲ့သောစက်လောက် လူနေပရိသတ်၏ စိတ်ကို လှုပ်ရှားစေသည့် တီထွင်မှုမျိုးမရှိခဲ့ဘူးပေ။ အမေရိကန်လူထုပရိသတ်က 'စကားပြောသောစက်'ဟု ကင်ပွန်းတပ်ကြသည်။ အယ်ဒီဆင်အားသူ၏တီထွင်ချက်များကိုနိုင်ငံရေးသမားများနှင့်အရာရှိကြီးများရှေ့တွင် သရုပ်ပြရန်ဝါရှင်တန်သို့ ဖိတ်ခေါ်ခြင်းခံရသည်။ စက်မှအသံပြန်မြည်သည်ကိုကြားရသူများသည် သူတို့နားကိုသူတို့မယုံကြည်နိုင်သလိုဖြစ်ကြပြီးတစ်စုံတစ်ယောက်က တစ်နေရာရာမှအသံပြန်မြည်အောင်ပြုလုပ်သည့်မျက်လှည့်ကဲ့သို့သော နားလှည့်ပါးလှည့်ဖြစ်သည်ဟုထင်မှတ်ကြသည်။

www.burmeseclassic.com



အယ်ဒီဆင်သည် သူပြုလုပ်လိုက်မိသည့်အမှားတစ်ခုကို သူမြင်မိတော့သည်။ ထိုအမှားသည်ကားအခြားမဟုတ်။ အစစ ပြည့်ပြည့်စုံစုံမရှိသေးသောတီထွင်မှုတစ်ခုကိုကမ္ဘာသို့တင်ပြခြင်းပင် ဖြစ်၏။ သူယခုတင်ပြသောအသံဖမ်းစက်တွင်သုံးသောငွေရောင် စက္ကူကိုရစ်ပတ်ရသည်မှာမလွယ်ကူ။ ဖမ်းထားသည့်အသံများ ကလည်း တိုးလွန်းနေသည်။ ထိုအသံကို တဖန်ပြန်လည်မြှုပ်အောင် လုပ်ပြရာ၌လည်း အကြိမ်အနည်းငယ်သာ ပြုလုပ်နိုင်သည်။ သူ၏ ဖိုနိုဂရပ်ကားချီးမွမ်းခုနစ်ရက်ထဲပါသွားပြီး ကောက်ရိုးမီးကဲ့သို့ လူတို့၏ စိတ်ဝင်စားမှုလည်း လအနည်းငယ်အတွင်း ငြိမ်သွားလေ တော့သည်။ အယ်ဒီဆင်သည် ဤအသံဖမ်းစက်ကို ၁၀ နှစ်နီးပါး ချောင်ထိုးထားလိုက်သည်။ သို့သော်ဤတီထွင်မှုသည် သူစိတ်ပါ ဝင်စားဆုံးသော တီထွင်မှုဖြစ်၏။ ၁၈၈၈ ခုနှစ်တစ်နေ့တွင်သူဤ တီထွင်ချက် ပြန်လည်စတင်လုပ်ကိုင်ပြန်သည်။ ငါးရက်နှင့် ငါး ညကြာ၏။

သူသည် ငွေရောင်စက္ကူအစား အထူးစီမံပြုလုပ်ထားသော ဖယောင်းဒလိမ့်တုံး လုံးရှည်ကို သုံးသည်။ ယခင်က လက်ဖြင့်လှည့် ရသောလက်ကိုင်အစား၊ ယခုနာရီစက်ဖြင့်လှည့်သကဲ့သို့လှည့် ရအောင်ပြုလုပ်ထားသည်။ ဤသို့ တိုးတက်အောင်ဖန်တီးထား သောဖိုနိုဂရပ်သည် ပိုက်ဆံအကြွေ စက်ထဲသို့ထည့်လိုက်လျှင် အသံမြည်လာသည့်စက်အဖြစ် ပြုလုပ်လိုက်ခြင်းဖြင့် အပျော်အရွှင် ဝါသနာအိုးများအဖို့အလွန်နှစ်သက်ဖွယ်ရာဖြစ်ပြီး၊ တီထွင်သူ အားလည်းငွေအမြောက်အများရရှိစေလေတော့သည်။

www.burmeseclassic.com



ဤ တီထွင်မှုထက် ပိုမိုကောင်းမွန်အောင် ဂျာမန်၊ အမေရိကန်စပ် အမွလီကာလင်နာဘိုသည် ပလပ်စတစ်အပိုင်းခါတ်ပြားကိုအသုံးပြုပြီး ဂရာမာဖုန်းကိုတီထွင်ခဲ့သည်။

❒ ❒ ❒

www.burmeseclassic.com

# အခန်း (၁၂)
# လျှပ်စစ်မီးရောင် ထွန်းညှိရအောင်

တစ်ကယ်တော့ အယ်ဒီဆင်ဆိုသော သူငယ်သည် စာသင်ကျောင်းတွင်နှစ်လသာနေခဲ့ရပြီး သူ့ဘဝတစ်သက်တာတွင်ဘာကျောင်းမှမနေခဲ့ဘူးသူဖြစ်သည်။ သူသည် ဆင်းရဲသောမိသားစု မှမွေးဖွားကြီးပြင်းလာရသူလည်းဖြစ်၏။ သူသည် ဆင်းရဲမှုထောင်ချောက်ကို ဖျက်ဆီးပြစ်ခဲ့ပြီး ဆင်းရဲခြင်းနှောင်ကြိုးကို ဖြတ်တောက်ခါ အများကောင်းကျိုးအတွက် တီထွင်မှုများစွာကို ပြုလုပ်ခဲ့သူဖြစ်၏။ ယခုလည်းသူသည်ဖိုနိုဂရပ်ခေါ် စကားပြောသောစက်ကို ပထမဆင့်အနေနှင့်တီထွင်ခဲ့ပြီးဖြစ်၏။

www.burmeseclassic.com



အယ်ဒီဆင်သည် တစ်နေ့တွင် ၁၅ နာရီမှ နာရီ ၂၀ အထိ အလုပ်လုပ်ခဲ့သူဖြစ်၏။ အယ်ဒီဆင်သည် သူ့ဘဝတွင် ဘယ်ဟာကိုမှအလွယ်တကူနှင့်အရှုံးပေးခြင်းမရှိ။ ဤကိစ္စသည်သူ့ဘဝအောင်မြင်မှုအတွက်ပန္နက်ပင်ဖြစ်၏။ မည်သည့်အရာကိုမဆိုလက်မပြောက်၊ အရှုံးမပေး၊ ဒူးမထောက်ရေးလမ်းစဉ်သည် အယ်ဒီဆင်၏လမ်းစဉ်ဖြစ်၏။ အယ်ဒီဆင်သည် သဘာဝတရား၏လျှို့ဝှက်ချက်များကို ဖေါ်ထုတ်ရာတွင် အံ့မခန်းဖေါ်ထုတ်နိုင်သူဖြစ်၏။

ဘုရားသခင်ကလူတစ်ယောက်ကိုအကောင်းတစ်ခုသာပေးလိုက်သည်ဆိုသောစကားရှိ၏။ သို့သော်ထက်သန်သောဇွဲလုံ့လ၊ ကြံ့ရည်ဖန်ရည်ရှိသူများကိုကား ဘုရားသခင်သည်သူ့ထံတွင်ရှိသောအကောင်းဟူသမျှကိုယူလိုတာယူတော့ဟုဆိုကာ အကုန်လုံးကိုထုတ်ပေးသည်ဟု ဆို၏။ အယ်ဒီဆင်သည် ထက်သန်သောဇွဲလုံ့လနှင့်ကြံ့ရည်ဖန်ရည်ရှိသော လူသားဖြစ်၏။ ထို့ကြောင့် ဘုရားသခင်က သူ့အား သဘာဝစွမ်းအင်လျှို့ဝှက်ချက်ပေါင်းများစွာကို ထုတ်လှစ်ပြခဲ့ခြင်းဖြစ်သည်။ အယ်ဒီဆင် မိမိ၏ဝီရိယစွမ်းပကားဖြင့်သဘာဝစွမ်းအင်များ၏သတ္တိများအကြောင်းကိုထုတ်ဖေါ်ကာလူ့သမိုင်းတွင် လူသားအကျိုးပြုကိစ္စရပ်ပေါင်းများစွာကို ပြုလုပ်ခဲ့သူဖြစ်၏။

ယခုလည်း အထူးအဆန်းကိစ္စတစ်ရပ်ဖြစ်ခဲ့၏။

ယင်းမှာ အတန်းကျောင်းနှစ်လသာနေဖူးသော၊ နယူးယောက်သို့တက်လာစဉ်က တစ်ဒေါ်လာသာပါခဲ့သော အယ်ဒီဆင်အား ပင်ဆယ်ဗေးနီးယား တက္ကသိုလ်မှ ပါမောက္ခဘာကာက

www.burmeseclassic.com



မိမိတို့**ယိုမင်း**သို့ခရီးထွက်စရာရှိ၍လိုက်လိုကလိုက်ခဲ့ပါဟု ဖိတ်ကြားစာတစောင်ပေးပို့ခဲ့၏။ တက္ကသိုလ်ဆိုသည်မှာဝေလာဝေး အတန်းကျောင်းတောင်တစ်နှစ်ပြည့်အောင်မတက်ဘူးသောအယ်လ်ထံ ပင်ဆယ်ဗေးနီးယားတက္ကသိုလ်လို နံမည်ကြီးတက္ကသိုလ်ကြီးမှ ပါမောက္ခတစ်ဦးက ဖိတ်ကြားခြင်းမှာတစ်ကယ်တော့အံ့သြဖါယ်ရာဖြစ်ပါ၏။

အံ့သြဖွယ်ရာဟုဆိုသော်လည်း ထိုဖြစ်ရပ်သည် တကယ်ဖြစ်ခဲ့၏။ ၁၈၇၇-၇၈ ခုနှစ်တွင် ဖိုနိုဂရပ်ကို ပထမအဆင့် တီထွင်အောင်မြင်ခဲ့ပြီး အယ်ဒီဆင်သည် အနားယူအပန်းဖြေရန် ဆုံးဖြတ်ခဲ့၏။ အယ်ဒီဆင်သည် တစ်ခါမှ အပန်းဖြေသည့်အလုပ်ကို မလုပ်ဘူး။ အပန်းဖြေသည်ဆိုပေမယ့် စမ်းသပ်မှုများကိုသာ စဉ်းစားနေသော အယ်လ်အဖို့ အပန်းဖြေမှု မည်မှမည်ပ့ါမလားဟုလည်း စဉ်းစားစရာဖြစ်ပါ၏။ အယ်ဒီဆင်သည် အပန်းဖြေသည်ဟု ဆိုသော်လည်းသူ၏အားလပ်ရက်များသည် သိပ္ပံနှင့်သုတေသနလုပ်ငန်းများနှင့်တွဲစပ်၍သွားသောခရီးများဖြစ်သည်ကပို၍များပါ၏။

ပင်ဆယ်ဗေးနီးယားတက္ကသိုလ်မှ ပါမောက္ခ **ဘာကာ**သည် သူ့အားယိုမင်းသို့ခရီးထွက်ရာတွင်လိုက်ပါရန်ဖိတ်ခေါ်ခြင်းသည်လည်း ယိုမင်းတွင် သူတို့အဖွဲ့သည် နေကြတ်သည်ကို လေ့လာရန်ဖြစ်၏။ ထို့ကြောင့် အယ်ဒီဆင်သည် ပါမောက္ခဘာကာ၏ ဤဖိတ်ကြားချက်ကို ဝမ်းမြောက်ဝမ်းသာစွာလက်ခံလေသည်။ အဘယ်ကြောင့်ဆိုသော် သူတီထွင်ထားသော တဆာမီတာခေါ် လျှပ်စစ်ဓါတ်အားဖြင့်ဖန်တီးထားသော အပူရှိန်တိုင်းကိရိယာကို

www.burmeseclassic.com



စမ်းသပ်နိုင်ရန် အခွင့်ကောင်းရရှိသောကြောင့်ပင် ဖြစ်၏။ နေကြတ်သည်ကို ကြည့်ရှုစစ်ဆေးပြီးကြလျှင် **ကော်လိုရာဒို**ပြည်နယ်တွင် အမဲလိုက်သွားကြမည်ဖြစ်၏။

၁၈၇၈ ခု ဇူလိုင်လနှင့် ဩဂုတ်လတွင် အသုံးပြုခဲ့သော အားလပ်ခွင့်ရက်များသည်အထူးတလည်အောင်မြင်လေ၏။ တဆာမီတာကို စမ်းသပ်ကြည့်ပြီးနောက် ကောင်းစွာအသုံးပြုနိုင်ကြောင်း သိရှိရပြီး၊ အမဲလိုက်ရာတွင်လည်း အတော်ပင်ပျော်ရွှင်ကောင်းမွန်လှသည်။ အယ်ဒီဆင်အဖို့ အဆုံးတွင် တကယ်အဖိုးတန်လှသော အတွေ့အကြုံတစ်ရပ်နှင့် တွေ့ကြုံခဲ့ရလေသည်။ ပါမောက္ခဘာကာသည် သူ့အား **ကွန်နက်တီကတ်**ပြည်နယ်**အင်ဆိုနီယား**မြို့သို့ ခေါ်ဆောင်သွားသည်။ထိုမြို့တွင်**ဝီလီယံဝေါလေ့(စ)**ဆိုသူသည်လျှပ်စစ်ဓါတ်ဖြင့် မီးချောင်းကုံးတစ်ခု ထွန်းလင်းပြသသည်ကို ကြည့်ရှုရန် ဖြစ်သည်။ ဝေါလေ့(စ)သည် အမေရိကန်ပြည်ထောင်စုတွင် ပထမဦးဆုံး သောဒိုင်နမိုကိုစတင်ပြုလုပ်သူဖြစ်သည်။

သစ်သားစင်ပေါ်တွင် ရွှေ့ပြောင်းနိုင်သော တန်း ၂ ခု တင်ထားသည်။ တန်းတစ်တန်းတွင်ကာဗွန်ပြားတစ်ပြားစီချည်နှောင်ထားသည်။ ကာဗွန်ပြား ၂ ပြား၏အလယ်ကြားတွင် လျှပ်စစ်ဓါတ်မှ ထုတ်လွှတ်သော အပြာရောင်သည် မီးချောင်းကုံးတွင် ပေါ်လွင်တောက်ပနေသည်။ ပူနေသော မီးလုံးသည် မျက်စိကျိန်းစေသည်။ ဘေး ၂ ဘက်တွင်ရှိသောကာဗွန်ပြား-၂ ပြားလည်း လျှင်မြန်စွာလောင်ကျွမ်း၍မီးလည်းငြိမ်းသွားလေ၏။ ဝါလေ့၏ စီစဉ်ပြသထားပုံမှာ ရှေးဆန်လှသည်။

www.burmeseclassic.com



အယ်ဒီဆင်သည် ဤသို့လျှပ်စစ်မီးချောင်းကုံးပြသနေသည်ကို ငြိမ်သက်စွာ ကြည့်ရှုနေသည်။ လျှပ်စစ်မီးဟုတ်ပါသည်။ လျှပ်စစ်မီး၊ ဤအကြံသည် တကယ့်အကြံပင်ဖြစ်သည်။ ၁၉ ရာစုခေတ်ကစ၍လူတို့သည်ညကိုနေ့ဖြစ်အောင်ကတ္တရာ၊ ဆီ၊ အမဲဆီနှင့် နောက်ဆုံး ဓါတ်ငွေ့ကို သုံးစွဲခဲ့ကြသည်။ ယခုဆိုလျှင် လောကဓါတ်ပညာသည်များက လျှပ်စစ်ဓါတ်ကို သူ၏ လက်လှမ်းမှီသောနေရာသို့အရောက်ပို့ပေးလိုက်ပြီဖြစ်ရာ ထိုလျှပ်စစ်ဓါတ် သည်ပင်မအင်အားအဖြစ်ထား၍ ညဦးအမှောင်ကို လင်းစေနိုင်သောမီးရောင်ဖြစ်ပေါ်စေရန် ပြုလုပ်နိုင်ရမည်ဖြစ်သည်။

ဝေါလေ့(စ)၏နည်းဖြစ်သော မီးရောင်ရအောင်ပြုလိမ်မည်မဟုတ်။ သူ့နည်းနှင့်သူ လုပ်ရန် စိတ်ကူးသည်။ သူ့အဖေါ်ဒေါက်တာဘက်သို့လှည့်၍ "ဒီဟာထက်ပိုကောင်းအောင် လုပ်နိုင်လိမ့်မယ်လို့ ကျွန်တော်ထင်တယ်"ဟု အယ်ဒီဆင်က ပြောလိုက်သည်။ ပါမောက္ခကြီးကတော့ သိပ်မထင်လှချေ။ ထို့ကြောင့် အယ်ဒီဆင်အား "ဒီလိုလျှပ်စစ်မီးရောင်လုပ်နိုင်မယ်လို့ပြောတာ မင်းတစ်ယောက်ထဲမဟုတ်ပါဘူး"ဟု ပြောလိုက်လေသည်။

"ကျွန်တော်ကတော့ လက်တွေ့ပြမယ်လေ"ဟု ပြန်ပြော ပြီး ဝေါလေ့(စ)ထံမှ ဒိုင်နမိုတစ်လုံးကို ဝယ်ယူကာ မင်လိုပါ့ခ်သို့ပြန်သွားလေ၏။

မော်ဝိဇ္ဇာကြီးအယ်ဒီဆင်သည် လျှပ်စစ်မီးပြုလုပ်ရန်ကြံစည်စိတ်ကူးနေပြီဟူသော သတင်းသည် ဓါတ်ငွေ့ကုမ္ပဏီများတွင် အစုရှယ်ယာထည့်ထားသူများကို အတော်တုန်လှုပ်သွားစေသည်။

www.burmeseclassic.com



သူတို့သည် အယ်ဒီဆင်အား မဖြစ်နိုင်သည်ကို ကြံစည်သော စိတ်ကူးယဉ်သမား၊ ဝါကြွားတတ်သူ၊ ညာဏ်နည်းသူ၊ တုံးသူစသည် ဖြင့် အမျိုးမျိုး ခေါ်ဆိုရေရွတ်ကြသည်။ မည်သို့ပင် ပြောဆိုကြစေ ကာမူ အယ်ဒီဆင်ကတော့ သူ့ကိုယ်သူယုံကြည်သည်။ ထို့ကြောင့် သတင်းစာတိုက်သို့၍လျှပ်စစ်မီးရောင်သည်-၂ နှစ်အတွင်း တကယ်ဖြစ်ပေါ်လာပါမည်ဟုပင် ပြောခဲ့လေသည်။

"တစ်နေ့တွင် ကျွန်ုပ်တို့သည်ရေနွေးငွေ့အားကို လျှပ်စစ် ဓါတ်အဖြစ်ပြောင်းလဲနိုင်လိမ့်မည်။ မြို့ကြီးတိုင်းတွင် လျှပ် စစ်အင်ဂျင်စက်ကြီးများမှအိမ်တိုင်း၊ စက်ရုံတိုင်းကို လျှပ် စစ်မီးလုံလုံလောက်လောက်ပေးနိုင်ပါလိမ့်မယ်။ ဝက်အူ ကလေးတစ်ချောင်းကိုလှည့်လိုက်ရုံဖြင့်သင့်အိမ်တွင်မီးရ ပါလိမ့်မည်။ ထိုမီးသည် ဖြူမည်၊ တည်ငြိမ်မည်၊ ပေါ်သ မျှမီးခွက်များထက်ပိုမိုစိတ်ချရမည်၊ ဘေးဥပါဒ်ဖြစ်စေ မည့်မီးတောက်များမီးခိုးများဖြစ်ပေါ်စေလိမ့်မည်မဟုတ်ဘဲ ပရိဘောဂပစ္စည်းပစ္စယများကိုလည်းကောင်း၊ မျက်နှာ ကျက်များကိုလည်းကောင်း၊ မဲနက်အောင်ပြုလုပ်လိမ့်မည် မဟုတ်"ဟု အယ်ဒီဆင်က ဟောကိန်းထုတ်ခဲ့လေသည်။

လျှပ်စစ်မီးနှင့်ပတ်သက်၍ သူ၏မျှော်မှန်းရည်ရွယ်ထား ခြင်းသည် မည်ကဲ့သို့သောအရာဖြစ်သည်ကို သူကောင်းစွာသိ သည်။ လျှပ်စစ်ဓါတ်ကို မီးချောင်းကုံးပေါ်တွင် တအားလောင်ကျွမ်း သွားရန်မဟုတ်ဘဲ မီးခွက်အများအပြားသို့ ခွဲဝေစီးဆင်းစေပြီး မီး ခွက်အတွင်းရှိအရာဝတ္ထုတစ်ခုခုကိုတောက်ပစေရန်သူရည်ရွယ်

www.burmeseclassic.com



သည်။ သို့သော် ယခုတိုင်မည်သည့်အရာဝတ္ထုပစ္စည်းဖြင့် ဤသို့တောက်ပအောင်ပြုလုပ်ရမည်ကို သူမသိချေ။ ဤအားနှင့်အင်နှင့်တောက်လောင်နေသောမီးကြီးသည်ကား အလင်းရောင်ရရှိရန်အတွက် မူလအခြေခံအားဖြစ်ရပေမည်။

ရည်မှန်းချက်ပန်းတိုင်ရောက်အောင်အယ်ဒီဆင်နှင့် သူ၏လူလေးဆယ်ငါး သို့မဟုတ် ငါးဆယ်ခန့်ရှိသောအဖွဲ့ လုပ်ကိုင်ဆောင်ရွက်ကြပုံမှာ သုတေသနရာဇဝင်တွင် စာတင်ရမည်ဖြစ်ပေသည်။ အလုပ်သည် ရပ်နားနေရသည်မရှိ တစ်ဆက်တည်းလုပ်သွားရသည်။ ဤသို့အလုပ်တစ်ဆက်တည်းသွားရန်အတွက် သူ၏လူများသည် အလှည့်နှင့် အလုပ်ဆင်းရပြီးတစ်ယောက်လျှင် ၄ နာရီမှ ၆ နာရီသာ အိပ်ကြရသည်။ တယောက်က တာလီချိုး၍ အဖွဲ့ဝင်တစ်ယောက်ယောက်အလုပ်နားရမည့်အချိန်ကိုပြောခြင်း သို့မဟုတ် အလုပ်ဝင်ရန်အတွက်နှိုးခြင်းတို့ကို ပြုလုပ်သည်။ အယ်ဒီဆင်အဖို့မှာကား သူ၏ထုံးစံအတိုင်းဓါတ်ခွဲခန်းစားပွဲပေါ်တွင် စာအုပ် ၂ အုပ်ခေါင်းအုံး၍အနည်းငယ်ငိုက်မျဉ်းတတ်သည်။ ညလည်တွင် စားစရာများယူလာပြီး စားကြ၍ ဘာဂျာဖြင့်သီချင်းဝိုင်းဆိုကြခြင်း၊ သို့မဟုတ် စက်မှုပညာသည် တစ်ယောက်က ဂီတာဖြင့်ဆိုတီးခြင်းစသည်တို့ကိုပြုလုပ်ပြီးနောက် အလုပ်ဝင်ကြရလေသည်။ လျှပ်စစ်ကို ဘတ်သီးထဲသို့ သွင်းလိုက်ပြီး ဘတ်သီးထဲရှိ အရာဝတ္ထုကိုမီးမလောင်စေရဘဲမီးလင်းစေရန် ဘတ်သီးထဲရှိလေကို လေစုတ်ဖန်ပြွန်ဖြင့်စုတ်ထုတ်ယူသည်။ သူတို့ရင်ဆိုင်ရသောအကြီးဆုံးပြဿနာမှာမီးလင်းခြင်းကြာကြာခံရန်မည်သည့်ပစ္စည်းကို သုံးရမည်

www.burmeseclassic.com



ကို ရှာမတွေ့နိုင်ခြင်းပင်ဖြစ်သည်။ မီးကျွမ်းပြီး စက္ကူကို သုံးကြည့်ရာ အလင်းရောင်တော့ရသည်။ သို့သော် စက္ကူနှင့်အနည်းငယ်သာခံသည်။ ပလက်တီနမ်သတ္တုသည်လျှပ်စစ်အားကို တော်တော်ခံနိုင်သည်။ သို့သော်အဖိုးတန်လှသည်။ အယ်ဒီဆင်သည် သူ၏မီးခွက်ကို စျေးပေါပေါနှင့် လူတိုင်းလက်လှမ်းမှီနိုင်သော မီးခွက်ဖြစ်စေရန် ဆုံးဖြတ်ထားသည်။ မီးလောင်ကျွမ်းထားပြီးသော ပစ္စည်းသည် ဖြစ်နိုင်စရာ အကောင်းဆုံးဟု အယ်ဒီဆင်ယူဆသည်။ သို့သော် ဘယ်လိုဟာမျိုးဖြစ်မည်လဲ။ ကတ်ထူစက္ကူ၊ အုန်းသီးခွံ၊ ဖော့၊ သစ်သီးခွံ၊ မင်လိုပါစ်သို့ရောက်လာသောသူ၏မုတ်ဆိတ်မွှေးအနီပင်မကျန် လက်လှမ်းမှီသမျှကို မီးကျွမ်းအောင်ပြုပြီး သူ့မီးခွက်တွင်သုံးကြည့်သည်။ မည်သည့်အရာမှ စိတ်ကျေနပ်စရာမဖြစ်ပေ။ လူသတ္တဝါများအတွက် မီးရောင်အသစ်ကိုသူရရှိအောင်ပြုလုပ်ပေးမည်ဟူသောသူ၏ရဲရဲတောက်ဂတိပြုပြီးသည့်နောက် ဤသို့စမ်းသပ်ကြည့်နေသည်မှာတစ်နှစ်ပင်ပြည့်သွားလေပြီ။

သူ၏ မျက်လုံးများသည် အလွန်နာကျင်လာသည့်ဝေဒနာကိုခံစားရသည်။ သို့သော် သူ၏ အဖွဲ့ဝင်များသော်လည်းကောင်း၊ မေရီသော်လည်းကောင်း၊ မခံစားကြရပါဟု သူ၏ မှတ်စုစာအုပ် တွင်ဖော်ပြထားသည်။ သူ့အား ငွေကြေးထောက်ပံ့ကြသူများသည် ဂဏှာမငြိမ်ဖြစ်ကြလေပြီ။ ယခင်ကတီထွင်ခဲ့သဖြင့်ရရှိသောငွေကြေးများအားလုံးဤသုတေသနပြုရာ၌သုံးစွဲရပါသည်။

အယ်ဒီဆင်သည် သူ့ဘဝတွင်လုပ်ဆောင်ခဲ့ရသောသုတေသနလုပ်ငန်းအားလုံးတွင်ယခုလျှပ်စစ်ကိုတီထွင်ရသည့်လုပ်ငန်း

www.burmeseclassic.com



သည်မီးကုန်ယမ်းကုန်လုပ်ဆောင်ရသောလုပ်ငန်းဖြစ်၏။ ဤသုတေသနလုပ်ငန်းအောင်မြင်ခဲ့ပါလျှင်လည်းရရှိလာမည့်အောင်ပွဲ ကလူသားကမ္ဘာကြီးတစ်ရပ်လုံးနှင့်ဆိုင်သောအောင်ပွဲဖြစ်၏။ ထိုကဲ့သို့သော ကြီးကျယ်သည့်အောင်ပွဲများသည် အလွယ်တကူသာရရှိကြမည်ဆိုပါကလူတိုင်းအယ်ဒီဆင်ချည်းဖြစ်ကုန်ကြမည်ဖြစ်သည်။

ယနေ့ထက်တိုင် လျှပ်စစ်နှင့်ပတ်သက်၍ ဘယ်မီးစာကိုသုံးရမည်ဆိုသောကိစ္စနှင့်ပတ်သက်၍သဲလွန်စရှာ၍မရနိုင်သောက်အောင်ပဲခက်ခဲနေဆဲဖြစ်ပါ၏။

အယ်ဒီဆင်မီးဇာကို ဘယ်လို ရှာတွေ့ခဲ့သလဲ?

သူဘယ်လောက်အထိ အခက်အခဲများကို ရင်ဆိုင်ခဲ့ရပါသလဲ?

❑ ❑ ❑

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)
# လျှပ်စစ်ခေတ် ရောက်ပြီ

ရှာဖွေတွေ့ရှိမှုအရပ်ရပ်တွင်အယ်ဒီဆင်ကလျှပ်စစ်မီးထွန်းညှိတီထွင်မှုသည် လူသားတိုင်း လူသားတိုင်းအတွက် အရေးကြီးသော အကျိုးပြုတီထွင်ရှာဖွေမှုဖြစ်၏။ ဤတွေ့ရှိမှုအောင်ပွဲ သည် အယ်ဒီဆင်တစ်ဦးတည်းသာမက ကမ္ဘာ့လူသားတစ်ရပ်လုံး၏ အောင်ပွဲလည်းဖြစ်၏။

၁၈၆၉ ခုနှစ် အယ်ဒီဆင်နယူးယောက်သို့ ရောက်စဉ်က နယူးယောက်မြို့သည် အမှောင်ထုထဲတွင်သာရှိသေးသည်။ ထိုအချိန်တွင် ကမ္ဘာကြီးသည်လည်း အမှောင်ထုထဲတွင်ပင် ရှိပါသေး၏။

www.burmeseclassic.com



အယ်ဒီဆင်ကမိမိသည် အမှောင်ခွင်း၍လျှပ်စစ်ဖြင့် အလင်းဆောင်တော့အံ့ဟုကြေငြာကာလျှပ်စစ်မီးသီးကိုတီထွင် ခဲ့၏။ ဤမျှကြီးကျယ် သော သဘာဝတရားအားအန်တုမှုတွင် အလွယ်နှင့်တော့အောင်ပွဲရမည်မဟုတ်။ တီထွင်မှုကာလအတွင်း စားလည်းဒီစိတ်၊ အိပ်လည်းဒီစိတ်နှင့် သုတေသနပြုခဲ့ရာတစ်ခါတွင်တော့ သူသည်အလွန်ကြည်လင်သန့်ရှင်းသောလျှပ်စစ်မီးရောင်ကို ဖန်သီးထဲသို့ထည့်ကြည့်ရာလျှပ်စစ်မီးရောင်ကိုဖန်သီး ထဲသို့ထည့်လိုက်တိုင်း မီးသီးသည် ပေါက်ကွဲလေ၏။ တစ်ကြိမ်တွင် မှုဖန်သီးကွဲမှုသည် သူ၏ မျက်နှာကိုအကြီးအကျယ်ထိခိုက်ပြီး ဆေးရုံသို့ပို့လိုက်ရ၏။

ဆရာဝန်များကသူ၏ဒါဏ်ရာကိုလိုအပ်သောဆေးဝါးကုသမှုများပြုလုပ်ပေးနေသော်လည်း သူစိတ်က ဘာကြောင့် မီးသီးကွဲရလေသလဲဆိုသောကိစ္စတွင်သာစိတ်စွဲနေ၏။ လူကဆေးရုံပေါ်သို့ ရောက်နေသော်လည်း သူ့စိတ်ကသူ၏စမ်းသပ်ခန်းထဲတွင်သာရှိနေ၏။ ပေါက်ကွဲမှုကိုစဉ်းစားနေစဉ်အတွင်း ဆေးရုံမှလူနာများအသက်ရှူရန်ယူလာသော အောက်စီဂျင်ဗူးကြီးများကိုတွေ့မြင်လိုက်ရသောအခါ သူ၏ဦးနှောက်ထဲသို့ အသိဉာဏ်တစ်ခုဝင်လာခဲ့၏။

"ဟုတ်ပြီ. . . ဒါကြောင့် ဖန်သီးတွေပေါက်ကွဲတာ ဖြစ်ရမှာပဲ"ဟုဆိုကာ ဆေးရုံမှ ချက်ခြင်းဆင်းခွင့်တောင်းလေ၏။

"အို. . မျက်နှာက ဒါဏ်ရာတွေမှ မသက်သာသေးတာဘာပြုလို့ဆေးရုံကဆင်းရမှာလဲ။ ဆင်းခွင့်မပြုနိုင်သေးဘူး"ဟု ဆေးရုံကဆို၏။

www.burmeseclassic.com



သို့သော်လည်း အယ်ဒီဆင်သည် ဆေးရုံမှ အတင်းဆင်း လာပြီးချက်ချင်းသူ၏စမ်းသပ်ခန်းသို့ဝင်ကာဖန်သီးထဲမှ အောက် ဆီဂျင်များကိုထုတ်ပစ်ပြီး လျှပ်စစ်မီးကိုဖန်သီးထဲသို့ထည့်ကြည့်ရာ ဖန်သီးမကွဲတော့ဘဲရှိ၏။

ဟုတ်ပြီ- ဖန်သီးမကွဲသော်လည်း မီးဇာပြဿနာကရှိနေ ၏။ မီးဇာအတွက်နည်းမျိုးစုံစမ်းသပ်ပြီးဖြစ်ရာဘယ်အရာနှင့်မှ အံမဝင်ဘဲရှိနေ၏။ သို့သော်လည်းအယ်ဒီဆင်သည်အရှုံးတရား များကိုအလွယ်နှင့်အလျှော့ပေးသူမဟုတ်။

ဤမျှလောက်ဖြင့် အလျှော့ပေးခဲ့ပါလျှင် အယ်ဒီဆင်ဟူ သောအမည်သည်ဤကဲ့သို့အဘယ်မှာလျှင်ကမ္ဘာကျော်ပါမည်နည်း။ ယနေ့ကမ္ဘာတွင်အယ်ဒီဆင်သည် ကမ္ဘာ့ကျေးဇူးရှင်ကြီးပင်ဖြစ်၏။ ဤကမ္ဘာကြီးအားကြည်လင်ရှင်းသန့်သောအလင်းရောင်ကိုပေးခဲ့သူ ဖြစ်၏။ တစ်ကမ္ဘာလုံးလယ်မှာကျောင်းများ၊ စာသင်ခန်းများ၊ မီးဖိုချောင်များ၊ ရုံးများ၊ စည်းဝေးခန်းမများအားလုံးတွင် အယ်ဒီဆင်ကလျှပ်စစ်မီးကိုထွန်းညှိပေးခဲ့၏။

၁၈၇၉ ခုနှစ် အောက်တိုဘာလ၏ ညတစ်ညတွင် အယ်ဒီ ဆင်သည်အလုပ်စားပွဲတွင်ထိုင်ကာဆေးပြင်းလိပ်ကိုဖွာရင်း မီးဇာအတွက်ဘာလုပ်ရမည်ကိုမသိတတ်နိုင်အောင်ပင်ဖြစ်နေ၏။ မည်သို့မျှ စိတ်ကူး၍မရတိုင်း မိမိအင်္ကျီကို မိမိအကြိမ်ကြိမ်ကိုင် တွယ်နေမိသည်မှာကုတ်အင်္ကျီပေါ်မှကျယ်သီးပြုတ်လုမတတ် ဖြစ်နေ၏။ သူသည်ထိုပြုတ်လုနီးဖြစ်နေသောကြယ်သီးတစ်လုံးကို လက်ချောင်းကလေးနှင့် ကစားနေရာကြာတော့ ကြယ်သီးသည်

www.burmeseclassic.com



အကျီမှ ပြုတ်ထွက်ခဲ့၏။ ကြယ်သီးပြုတ်ထွက်လာသော်လည်း တပ်ထားသောကြိုးမျှင်သည် တန်းလန်းဖြစ်နေ၏။

ချက်ချင်းပင်သူသည် အလုပ်စားပွဲမှခုန်ထွက်လိုက်ပြီး ဓါတ်ခွဲရုံထဲသို့ ဝင်သွားသည်။ သူ၏ စက်မှုပညာသည်များ၏ ရှေ့တွင် အပ်ချည်စကလေးကို ပြလိုက်ပြီး "ဒို့များ ဒီဟာကို စမ်းသပ်ကြည့်ဖူးသလား။ မလုပ်ဘူးသေးယင်လုပ်ကြည့်ရအောင်၊ အပ်ချည်ကြိုးတစ်လုံးသွားယူချေ။ အတိုကလေးတွေဖြတ်ပြီးမီးကျွမ်းအောင်လုပ်ပြီး၊ ဒို့များမီးခွက်တွေထဲမှာစမ်းသပ်ကြည့်ရအောင်"ဟု ပြောသည်။

သူ၏အလိုကိုဖြည့်စွမ်းရန် သူ့အဖွဲ့သားများသည် စတင်လှုပ်ရှားလုပ်ကိုင်ကြသော်လည်း သူတို့၏စိတ်ထဲတွင်ကားဖြစ်မြောက်လိမ့်မည်ဟုသိပ်မထင်လှချေ။ ကြံရွယ်ချက်ကြီးတစ်ခုလုံးကို မစွန့်လွှတ်မီ ဤအပ်ချည်ကြိုးမျှင်ကလေးနှင့်စမ်းသပ်လုပ်ကိုင်ရခြင်းသည် နောက်ဆုံးအနေခြင့် ရှုန်းကန်ကြိုးစားမှုတစ်ရပ်နှင့်တူနေပေသည်။

အပ်ချည်မျှင်ကို ဆံညှပ်သဖွယ် ခေါက်ချိုးလိုက်ပြီးနောက် နွေးထွေးစေရန် ကာရံထားသော မီးဖိုတွင်မီးကျွမ်းအောင်ပြုလုပ်သည်။ ထိုသို့မီးကျွမ်းအောင်ပြုပြီးအထိမခံဖြစ်နေသောအပ်ချည်ကြွမ်းကို အလွန်သတိထား၍ယူပြီး မီးခွက်ပျောင်းထဲသို့ထည့်ရန်ဖြစ်လေသည်။ မီးကြွမ်းချည်မျှင်သည် အကိုင်မခံ၊ ခဏခဏကျိုးသည်။ နောက်ဆုံးလေစုတ်ထုတ်ပြီးသော ဘတ်သီးအထဲသို့ မီးကြွမ်းချည်မျှင်ကို အဖွဲ့ဝင်တစ်ယောက်က ထည့်နိုင်သွားလေ

www.burmeseclassic.com



တော့သည်။ သို့ဖြင့် လျှပ်စစ်ဓါတ်ဖြင့် စမ်းသပ်နိုင်လေတော့သတည်း။

လျှပ်စစ်ဓါတ်ဘတ်သီးထဲသို့ဝင်သွားပြီး မီးကျွမ်းချည်မျှင်သည် ခပ်ပျော့ပျော့ဝါကြန့်ကြန့်အရောင်ဖြင့် ထွန်းလင်းပါသည်။ အယ်ဒီဆင်နှင့်သူ၏လက်ထောက်များသည် တစ်ခုတည်းသောအာရုံဖြင့်စူးစိုက်ကြည့်နေကြသည်။ ဒီဟာဘယ်လောက်ကြာကြာခံမှာလဲ။ တစ်မိနစ်လား။ တစ်နာရီလား။ ခါတိုင်းကဲ့သို့ပင် တစ်ယောက်တစ်ပေါက်ထင်ကြေးပေးကြလေသည်။

ရိုးရိုးအပ်ချည်ကြိုးဖြင့်ပြုလုပ်သော မီးခွက်(ဝါ) ဘတ်သီးသည် နာရီ လေးဆယ်ကျော်ကြာအောင်ခံသည်ကို တွေ့ရလေ၏။

တီထွင်ခြင်းသည်တစ်ခု၊ ယင်းတီထွင်မှုကို လက်တွေ့အကောင်အထည်ဖေါ်ပြီးအသုံးချခြင်းသည်တစ်ခုဖြစ်သည်။ အချို့တီထွင်သူများအောင်မြင်မှုမရဘဲ ကျဆုံးရခြင်းမှာသူတို့စိတ်ကူးညာဏ်ကြီးကျယ်မြင့်မားပြီးထကြွလုံ့လနှင့်မည်မျှလောက်ပင်ကြိုးစားကြစေကာမူ သူတို့တွင် စီးပွားရေးအမြင်နှင့်ဗဟုသုတမရှိဘဲ သူတို့၏ တီထွင်ချက်ကို ကမ္ဘာက သိအောင် တင်မပြတတ်ခြင်းပင်ဖြစ်၏။ အယ်ဒီဆင်က ထိုသို့မဟုတ်ဘဲ နယ်ပယ်နှစ်ခုစလုံးတွင် ထူးချွန်သူဖြစ်ပေသည်။

သူ၏လျှပ်စစ်မီးသည် နာရီ ၅၀၀ ကျော်အထိ ထွန်းလင်းနိုင်အောင် ဖန်တီးပြုလုပ်ပြီး၍ ယင်းမီးသီးလုံးများကို လူတိုင်းလက်ထဲသို့ရောက်နိုင်ရန် အကြီးအကျယ်အမြောက်အမြားထုတ်လုပ်နိုင်ကြောင်းသေချာစွာလေ့လာသိရှိပြီးနောက် အယ်ဒီဆင်သည်

www.burmeseclassic.com



စက်မှုလက်မှုနယ်ပယ်နှင့် စီးပွားရေးနယ်ပယ်များတွင် ဖြစ်နိုင်မည့် အလားအလာများကိုစူးစမ်းလေ့လာ၏။

သူ၏ပထမခြေလှမ်းမှာ မည်သူမဆိုလျှပ်စစ်မီးလုံးများကို ကြည့်ရှုလိုလျှင် မင်လိုပါစ်သို့ လာရောက်ကြည့်ရှုကြရန် ဖိတ်ခေါ် ခြင်းဖြစ်၏။ ဤအခွင့်ကောင်းကိုယူ၍ ထောင်ပေါင်းများစွာသော သူတို့သည် ၁၈၈၀ ခုနှစ် နှစ်သစ်မကူးမီတစ်ရက်အလိုတွင် လျှပ်စစ်မီးကိုသွားရောက်ကြည့်ရှုကြသည်။ ဘူတာရုံနှင့် ဓါတ်ခွဲရုံသို့ ဆက်သွယ်ထားသော လမ်းတစ်လျှောက်တွက်ဓါတ်ကြိုး-၂တန်းဖြင့် ရာပေါင်းများစွာသောလျှပ်စစ်မီးသီးများကိုထွန်းထားပြီးလာရောက်ကြည့်ရှုသူများကို ကြိုဆိုပြသထားသည်။ ဤတီထွင်ချက်ကို ငွေကြေးထောက်ပံ့နေကြသူများလွန်စွာသဘောကျနှစ်သက်ကြသည်။ နောက်ဆုံးအယ်ဒီဆင်သည် သူ၏စီမံကိန်းကြီးတစ်ရပ်ကို ထုတ်ဖေါ်တင်ပြလေသည်။ သူ၏စီမံကိန်းမှာ နယူးယောက်ခရိုင်တစ်ခုလုံးကိုရှေးဦးလျှပ်စစ်မီးလင်းရာမြို့တော်ကြီးဖြစ်ရန်ပင်ဖြစ်သည်။

ဤသို့ပြုလုပ်ရန်အတွက် ၂ နှစ်ကြာမျှ ခဲရာခဲဆစ် အများအပြားကို ကျော်လွှန်ကြရသည်။ စက်ဘက်၊ စည်းရုံးရေးဘက်၊ ငွေရေးကြေးရေးဘက်စသည့်အခက်အခဲများပင်ဖြစ်သည်။ နောက်ဆုံးလျှပ်စစ်ဓါတ်အားပေးရုံဆောက်လုပ်နိုင်ပြီး အိမ်ပေါင်း ၉၀၀ ဓါတ်ကြိုးသွယ် ပြီးစီးသည်။ ထောင်ပေါင်းများစွာသော မီတာပုံးများကို ချိတ်ပြီး၊ မီးလုံးပေါင်း ၁၄၀၀၀ တပ်ဆင်နိုင်လေသည်။ လိုအပ်သည့်နေရာတိုင်းတွင် လိုအပ်သလို တီထွင်ယူရခြင်း၊ ပုံစံကူးယူခြင်း၊

www.burmeseclassic.com



စည်းရုံးရခြင်း၊ အစားထိုးပြုလုပ်ရခြင်းတို့ကို ပြုလုပ်ရသည်။ ဤ လုပ်ငန်းကားအယ်ဒီဆင်၏အကြီးကျယ်ဆုံးသောစွန့်စားမှုကြီး တစ်ရပ်ပါပေ။ ၁၈၈၂ ခု စက်တင်ဘာလ ၄ ရက်နေ့ကားတကယ့် နေ့ထူးကြီးတစ်နေ့ပေ။

ရာပေါင်းများစွာသော အိမ်အဆောက်အဦးများတွင် ထောင်ပေါင်းများစွာသော လျှပ်စစ်မီးသီး မီးလုံးများတွင် နာမည် ကျော်တီထွင်သူက အချက်ပေးလိုက်၍ မီးခလုပ်ကို ဆွဲလိုက်သည် နှင့်တစ်ပြိုက်နက် လင်းထိန်သောမီးရောင်များဖြင့်ပတ်ဝန်းကျင် တခွင်တပြင်လုံးဝင်းထိန်သွားသည်ဟုနယူးယောက်ရှေ့ဆောင် သတင်းစာကရေးသားဖော်ပြလေသည်။

"အလို့ . . ကြည့်ကြစမ်း။ ရေနံဆီမီးတိုင်အောက် မှုန်တိ မှုန်မွှားဘဝက ငြိမ်သက်နေတဲ့ မီးရောင်အောက်မှာ နာရီပေါင်းများ စွာထိုင်ပြီး စာရေးနိုင်တယ်။ ဒီလိုရေးနေလို့ သဘာဝမဟုတ်တဲ့ အလင်းရောင်အောက်မှာ ရောက်နေပါလားလို့ သူကိုယ်သူမသိ ဘူး။ ဝေဖန်သူများက မဖြစ်နိုင်ဘူးဟု ပြောသည်ကို မင်လိုပါစ့်က မှော်ဝိဇ္ဇာကြီးက နေ့စဉ်လူတိုင်းသုံးလို့ဖြစ်ရအောင် လုပ်လိုက်ပြီ" လျှပ်စစ်ခေတ်သည် စတင်လေပြီ။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၄)
# သူ့ခေတ်သူ့အခါတွင် သူအကြီးကျယ်ဆုံး

အယ်ဒီဆင်အားသူ့ခေတ်တွင်အကြီးကျယ်ဆုံးသော ပုဂ္ဂိုလ်အဖြစ်ကြေညာသတ်မှတ်ကြသည်။ နယူးယောက်တစ်မြို့လုံး လျှပ်စစ်ဓါတ်မီးများကိုကြည့်ရန်သာမက တီထွင်သူကိုပါကြည့်ရန် လမ်းများပေါ်တွင် ပြည့်နှက်နေကြသည်။ သူ၏ပုံပန်းမှာ မည်ကဲ့သို့ ဖြစ်သည်ကို လူတိုင်းသိကြသည်။ သူ၏မျက်နှာသည် ခပ်ကြီးကြီး။ ဖော်ရွေသည်။ ပွင့်လင်းသည်။ အားတက်သရောပုံအမြဲဆောင်သည်။ နှာခေါင်းချွန်၍ သပ်ရပ်လှပသော ပါးစပ်ရှိသည်။ မည်းနက်သော ဆံပင်များလည်းတစ်ဝက်တစ်ပျက်ဖြူနေပြီး၊ သူ၏မြင့်မောက်သော

www.burmeseclassic.com



နဖူးပြင်၏ဝဲဘက်တွင် အများအားဖြင့် ဖုံးအုပ်လျှက်ရှိတတ်သည်။ သူ၏မျက်နှာသည် စိတ်ကူးယဉ်သောပုံကိုဆောင်နေသော်လည်း တကယ်တော့လက်တွေ့သမားတစ်ယောက်ဖြစ်လေသည်။ ပခုံးကျယ်၍သန်မာသောရင်အုပ်သည် အယ်ဒီဆင်အတွက်ဇွဲရှိခြင်း၊ အလုပ်ကြမ်းလုပ်နိုင်ခြင်းအတွက်ပြယုဂ်ပင်ဖြစ်တော့သည်။ သူ၏လက်များသည်ရှည်လျှားပြီးသန်မာရုံသာမကဆပ်သည်၊ ဖြတ်လတ်သည်။ စိတ်ကူးကောင်းသူ၏လက်မျိုးလည်းဖြစ်သည်။ အစာလည်းများများမစားတတ်၊ သို့သော် ကာဖီပြင်းပြင်းနှင့် ဆေးပြင်းလိပ်ကိုကားကြိုက်နှစ်သက်လေသည်။

သူငယ်ချင်းမိတ်ဆွေများနှင့်ဆက်ဆံရာတွင်ဖော်ရွေ သည်။ သည်းခံသည်။ အလုပ်သမားများနှင့်အတူတကွလုပ်ကိုင်ကြသူများနှင့်ကား အလွန်တိကျသည်။ မကြိုးပမ်းဘဲနှင့် အောင်မြင်မှုမရနိုင်ဟုသူယုံကြည်သည်။ ပါရဂူမြောက်ထူးချွန်ခြင်းဆိုသည်မှာ စိတ်၏လှုံ့ဆော်တတ်ကြွမှုရှိခြင်းသည်-၁ ရာခိုင်နှုန်းဖြစ်ပြီး ချွေးထွက်အောင်မနားမနေအလုပ်လုပ်ခြင်းသည် ၉၉ ရာခိုင်နှုန်းဖြစ်သည်ဟုပြောစမှတ်ပြုခဲ့သည်။

ဤသို့ရှင်းလင်းချမှတ်ပြောဆိုခဲ့သည့်အတိုင်း သူကိုယ်တိုင်လည်းအလုပ်နှင့်လက်ပြတ်သည်ဟုမရှိခဲ့ပေ။ ၁၈၈၄ ခုနှစ် တွင် မေရီသည်တိုက်ဖွိုက်ခေါ် အူရောင်ငန်းဖျားရောဂါဖြင့်ကွယ်လွန်သွားသည်။ သူနှင့်မေရီသည် ၁၄ နှစ်လုံးလုံးပျော်ရွှင်စွာ ပေါင်းသင်းလာခဲ့ရာ၊ မေရီအတွက်သူစိတ်အတော်ထိခိုက်လေ သည်။ စိတ်သက်သာရာရစိမ့်သောငှာယခင်ကထက်ပို၍ အလုပ် ကို

www.burmeseclassic.com



ပင်ပင်ပန်းပန်းဆောင်ရွက်လုပ်ကိုင်လေသည်။ နောက် ၂ နှစ်ကြာသောအခါ သူလက်ထပ်ပြန်သည်။ **အင်္ဂလန်**မြို့မှ မိနာမိလာဆိုသူ ဘောစတွန် ဘာသာရေးတက္ကသိုလ်မှ ဘွဲ့ရသူကလေးဖြစ်သည်။ ထိုအချိန်က ဘာသာရေးကျောင်းမှ အမျိုးသမီးတစ်ဦး ဘွဲ့ရသည်ဆိုခြင်းမှာ အတော်ထူးခြားချက်တစ်ရပ်ပင်ဖြစ်သည်။ သူမ၏ဖခင် လူဝစ်မိလာသည်လည်း တီထွင်သူတစ်ဦးဖြစ်သည်။ ကောက်ရိတ်စက်နှင့် ကောက်လှိုင်းစည်းစက်ကို တီထွင်သူဖြစ်သည်။ အယ်ဒီဆင်သည် ပထမအိမ်ထောင်နှင့် ကလေး ၃ ယောက်ရရှိခဲ့ပြီး ဒုတိယအိမ်ထောင်နှင့် ၃ ယောက်၊ ပေါင်း ယောက်ျားကလေး ၄ ယောက် နှင့် မိန်းကလေး ၂ ယောက်ဖြစ်သည်။

လျှပ်စစ်မီး တီထွင်ပြီးနောက်ပိုင်း တီထွင်မှုအများအပြားအနက် ရုပ်ရှင်ပြစက်သည် အယ်ဒီဆင်၏ကျော်ကြားမှုအရဆုံးသောအောင်မြင်မှုတစ်ရပ်ဖြစ်သည်။ လှုပ်ရှားနေသော အရုပ်သို့မဟုတ် ရုပ်ရှင်ကိုပြသရန် စက်တီထွင်ရန်အချက်ကို ၁၈၈၀ ခုနှစ်၏နောက်ပိုင်းလများတွင် သူ၏စိတ်၌ပေါ်ပေါက်သည်။ ယင်းသို့ ပေါ်ပေါက်လာမှုပင်သူသည် ဓါတ်ပုံရိုက်သည့်ကင်မရာကို လေ့လာတော့သည်။ ဤသည်ကား သူ၏အကျင့်ပင်။ ရုပ်ရှင်ပြရန်ဟူသောစိတ်ကူးသည် လေထဲတွင်မြူးနေသည်။ တီထွင်သူအများအပြားပင် ဓါတ်ပုံ ရိုက်သည့်နည်းစံနစ်ဖြင့် တကယ့်ဘဝနှင့်တူသောလှုပ်ရှားပုံတို့ကိုပြသရန်တီထွင်သူအများအပြားပင်ကြိုးစားကြသည်။ ဓါတ်ပုံရိုက်ရာ၌ အသုံးပြုသော ဓါတ်ပုံရုပ်ကို ဖော်ပြရန်မဖြစ်နိုင်ကြောင်း အယ်ဒီဆင်သိပြီးဖြစ်သည်။ ထိုအချိန်က မှန်က

www.burmeseclassic.com



လွဲ၍ အခြားအရာဖြင့် အသုံးပြုခြင်းမရှိချေ။ နောင်စျေးတွင် ကော်ပြားဖလင်စတင်ရောင်းချသောအခါရုပ်ရှင်ပြစက်တီထွင်ရန်အခွင့်သာပြီကိုသူတွေ့လေ၏။

သူသည် ကင်မရာတစ်လုံးကို ပြုလုပ်သည်။ ကင်မရာ၏မှန်ရှေ့တွင် ဖလင်လိပ်ကို ကန့်လန့်ဖြတ်၍ အရှိန်မှန်မှန်ဖြင့် ဆွဲတင်ရစ်ပတ်သည်။ ဤသို့ရစ်ပတ်စဉ်ဓါတ်ပုံရိုက်ရန်ဖြစ်သောတစ်ကွက်သို့မဟုတ်တစ်ဘောင်နှင့်တစ်ဘောင်ကို တစ်စက္ကန့် ၆ အပိုင်းအခြားကလေးမျှရပ်နားစေသည်။ တစ်ဘောင်တွင်ဓါတ်ပုံ တစ်ပုံရိုက်ပြီး၍နောက်တစ်ပုံရိုက်ရန် တစ်ဘောင်မရစ်ပတ်မဆွဲထုတ်မီ ဓါတ်ပုံရိုက်ခြင်းကိုလည်း တစ်စက္ကန့်၏အစိတ်အပိုင်းကလေးမျှရိုက်နားလိုက်ပြီး နောက်တစ်ဘောင်ရိုက်ရန်ကို ဆွဲထုတ်ရစ်ပတ်လိုက်ပြီးကင်မရာ၏မှန်ရှေ့တွင် ဓါတ်ပုံရိုက်ရန်အဆင်သင့်ထားလိုက်သည်။ သို့နှင့် ဘောင်အသီးသီးတွင် ငြိမ်နေသောဓါတ်ပုံများအသီးသီးဆွဲတင်ရစ်ပတ်ရိုက်ကူးပြီးဖြစ်လေသည်။ ယင်းဓါတ်ပုံများကိုမူလရိုက်ကူးစဉ်က နှုန်းထားအတိုင်း ကျွန်ုပ်တို့မျက်စိရှေ့၌ ပြသလိုက်သောအခါ ကျွန်ုပ်တို့၏ မျက်စိတွင် လှုပ်ရှားနေသည်။

ပုံများပေါ်ပေါက်သည်ဟုထင်ရလေသည်။ အမှန်ကကျွန်ုပ်တို့၏ မျက်စိသည် ဓါတ်ပုံများပြောင်းလဲသည့်အမြန်နှုန်းကိုလိုက်မှီအောင် မကြည့်နိုင်သောကြောင့်ပင်ဖြစ်၏။ ပြသနေသောစက်၏ မှန်ရှေ့တွင် ဓါတ်ပုံသေများကို တစ်ပုံပြီးတစ်ပုံ တစ်ဘောင်ပြီးတစ်ဘောင် မြင့်တင်ရစ်ပတ်နေစဉ် တစ်ဘောင်နှင့်တဘောင်ကြားအကူးအပြောင်းကိုမြင်နိုင်ရန် ရှတ်တာကဖွင့်ပိတ်ပေးသည်။ ပုံသေ

www.burmeseclassic.com



များကို တစ်ပုံပြီးတစ်ပုံ ကျွန်ုပ်တို့လိုက်မမြင်နိုင်သောနှုန်းဖြင့် ပြသ၍ကျွန်ုပ်တို့၏မျက်စိကိုလှည့်စားခြင်းပင်ဖြစ်၏။

ယခုဖြစ်ထွန်းပြသလျှက်ရှိသော ရုပ်ရှင်များကဲ့သို့ ကြီးကြီး ကျယ်ကျယ်ပြသရန် အယ်ဒီဆင်မရည်ရွယ်ခဲ့ချေ။ ရုပ်ရှင်ပညာကို စတင်တီထွင်သူဟူ၍ သူ့ကိုခေါ်ဝေါ်လျှင်လည်းမှန်လိမ့်မည် မဟုတ်ချေ။ အယ်ဒီဆင်သည် ဤရုပ်ရှင်နှင့် ပတ်သက်၍ စတင်ကြံ စည်စမ်းသပ်စဉ် အခြားသောတီထွင်သူများက ဤရုပ်ရှင်ပြသခြင်း နှင့်ပတ်သက်၍တီထွင်မိကြလေပြီ။ သူရုပ်ရှင်နှင့်ပတ်သက်၍ တီ ထွင်ရန် ကြံရွယ်ခြင်းမှာ သူ၏ ဖိုနိုဂရပ်ခေါ် အသံဖမ်းစက်များကို လူထုက ပြန်လည်စိတ်ဝင်စားလာစေရန်ဖြစ်၏။ အသံဖက်ကမြည် စေပြီး ရုပ်ကတစ်ဘက်ကပြသစေခြင်းဖြင့် လူထုအားရုပ်မြင်သံကြား စေပြီး၊ ထောင်ပေါင်းများစွာသောသူ၏ဖိုနိုဂရပ်များစွဲစေရန် ဖြစ်လေသည်။

သူတီထွင်သောစက်ကား ကင်နက်တိုစကုပ်ဖြစ်သည်။ မျက်စိကြည့်စရာအပေါက်ကလေးများမှာ ကြည့်လိုက်လျှင် လှုပ်ရှား နေသည့်ပုံများကို တွေ့မြင်ရပြီး ၎င်းရုပ်ရှင်များနှင့်အတူ ဂီတသံ သည်လည်း ထွက်ပေါ်လာလေသည်။ ဤသို့မြင်နိုင်ကြားနိုင်ရန် အတွက် တစ်ပဲနိပိုက်ဆံပြားကိုထည့်စရာနေရာမှ ထည့်ပြီးလက်ကိုင်ကို လှည့်လိုက်ရလေသည်။

**အောရိမ့် ချ**ပြည်နယ်၏အနောက်ပိုင်းသူ၏ဓါတ်ခွဲရုံအ သစ်တွင် အယ်ဒီဆင်သည် ရုပ်ရှင်ရိုက်ကူးရန်အလို့ငှာ ကမ္ဘာပေါ် တွင် ရှေးဦးဆုံးဖြစ်သော ဖလင်စတူဒီယိုတစ်ခုကို စတင်ဆောက်လုပ်

www.burmeseclassic.com



သည်။ လှည့်လည်လို့ရသောစားပွဲပေါ်တွင် တဲငယ်ကလေးတစ်ခု တင်ထားပြီး ထိုတဲငယ်ကို ဆေးရောင်အမဲသုတ်ထားသဖြင့် လူတိုင်းက 'နက်ကြုတ်မေရီယာ'ဟု ခေါ်ကြသည်။ ပထမရိုက်ကူးသောရုပ်ရှင်များမှာ ရိုးရိုးတန်းတန်းအကြောင်းအရာများသာ ဖြစ်လေသည်။ ကချေသည်များအား ဂွမ်းကစားခြင်းများ၊ ကလေးများ ကြိုးခုန်ကစားခြင်း၊ ဘာဂျာနှင့် မျောက်ပွဲပြသူစသည်စက္ကန့်အနည်းငယ်ခန့်မျှသာကြာသောအခန်းများသာရိုက်ကူးခြင်းဖြစ်သည်။ သို့သော် ဤသို့ရိုက်ကူးခြင်းသည် ရုပ်ရှင်လုပ်ငန်းကြီး၏ ရှေ့တော်ပြေးပင်ဖြစ်လေသတည်း။

နောက်ပိုင်းနှစ်များတွင် အကြံအစည်တစ်ခုပြီးတစ်ခု၊ တီထွင်မှုတစ်ခုပြီးတစ်ခုဆက်တိုက်ဖြစ်ပေါ်လာသည်။ အောင်မြင်မှုများရရှိသကဲ့သို့ ဆုံးရှုံးမှုများနှင့်လည်း တွေ့ဆုံရလေသည်။ အယ်ဒီဆင်အဖို့ကားအလုပ်နှင့်လက်ပြတ်သည်ဟူ၍မရှိပေ။ တစ်ခါကသူသည် ကြံရွယ်ချက်တစ်ခုအတွက်နှစ်ပေါင်းများစွာကြိုးပမ်းကြံစည်ပြီး ငွေလည်းမြောက်များစွာကုန်လေသည်။ သို့သော် ကြံရွယ်ချက်ကို အကောင်အထည်မဖော်နိုင်ခဲ့ပေ။ နောက်ဆုံးတွင်သူသည် လက်မြှောက်အရှုံးပေးကြောင်းဝန်ခံရတော့သည်။ တနေ့နံနက်တွင် သူသည်သူ၏လုပ်ဖော်ကိုင်ဘက်များအား'ငွေတွေတော့ကုန်ပြီ၊ ဒါပေမဲ့ ဒီလိုအကုန်ခံရတာ မပျော်ဘူးလား'ဟု ပြောဖူးသည်။

ပထမကမ္ဘာစစ်ကြီးဖြစ်သည့်အချိန်တွင် အယ်ဒီဆင်သည် သူ့ကိုယ်သူအမေရိကန်အစိုးရထံတွင်အခမဲ့လစာမယူအပ်နှင်းလုပ်ကိုင်သည်။ ယခင်ဂျာမဏီနိုင်ငံမှတင်သွင်းသောဓါတုဗေဒ

www.burmeseclassic.com



ပစ္စည်းများဖြစ်သည့် ဆေးဝါးများ၊ ဆိုးဆေးများစသည်တို့ကို အစားထိုးကုန်များအဖြစ်အစွမ်းကုန်ကြိုးစားလုပ်ကိုင်ပေးသည်။

အယ်ဒီဆင်သည်စက်မှုကျွမ်းကျင်မှုခေတ်တွင် အံ့ဩဖွယ်ရာဖြစ်လောက်အောင် ပြောင်မြောက်သူဖြစ်သည်။ သူ့ဘဝ၏နောက်ပိုင်းနှစ်များတွင် ဆောင်ရွက်မှုများသည် အများပြောစမှတ်ပြုလောက်အောင်ပင် ပုံပြင်သဖွယ် ကျန်ရစ်သည်။ အမေရိကန် နှင့်အခြားတိုင်းပြည်များမှာ သူယူခဲ့သော မူပိုင်စုစုပေါင်းမှာ ၂၅၀၀ ထက်နည်းလိမ့်မည်မထင်။ သူသည် အသက် ၈၄ နှစ် သေသည့်နေ့အထိအလုပ်လုပ်သည်။ အယ်ဒီဆင်ကွယ်လွန်သောနေ့ကား ၁၉၃၁ ခုနှစ်၊ အောက်တိုဘာလ-၁၈ ရက်နေ့ဖြစ်သည်။

တီထွင်မှုများကို တစ်ခုပြီးတစ်ခု များများပြားပြား တီထွင်လုပ်ကိုင်သူများအနက်သူသည် နောက်ဆုံးဖြစ်သည်။ **လီအိုနာဒိုဒါဗင်ချီ**သည် ပထမအဦးဆုံးသူဖြစ်သည်။ သူတို့သည် များပြားလှစွာသော စက်မှုနှင့် သိပ္ပံပညာရပ်များနှင့် ပတ်သက်၍ သူတို့၏ မကုန်ခမ်းနိုင်လောက်သော အင်အား၊ အလွန်ထူးခြားတောက်ပြောင်လှသောလုပ်ရည်ကိုင်ရည်များနှင့်အလွန်မြင့်မားလှသည့်စိတ်ကူးစိတ်သန်းများဖြင့် ကြိုးစားလုပ်ကိုင်ခဲ့ကြလေသည်။

အယ်ဒီဆင်ခေတ်၏ နောက်ပိုင်းတွင်မူကား စက်မှုရေးရာနှင့် ပတ်သက်၍ တီထွင်ကြံဆမှုမျိုးကိုအမျိုးမျိုးအဖုံဖုံအများအပြားတီထွင်ကြံဆခြင်းများမရှိတော့ဘဲ မိမိတို့၏တစ်သက်တာတွင် မယ်မယ်ရရတစ်ခုကောင်းနှစ်ခုကောင်းကိုသာ အာရုံစိုက်လုပ်ကိုင်လာကြသည်။ ထွေထွေငါငါ တီထွင်ခြင်းသည် အယ်ဒီဆင်

www.burmeseclassic.com



ကွယ်လွန်ရာ၌ အတူရောနှောပါဝင်သွားလေပြီ။ ပါရဂူမြောက် အောင်တစ်ခုတည်း၊ တစ်ကြောင်းတည်းစူးစိုက်တီထွင်ကြံဆသည့် ခေတ်သည်စတင်ပေါ်ပေါက်လာလေတော့သည်။

www.burmeseclassic.com

# အခန်း (၁၅)
## မည်သူမဆို

မည်သူမဆို
ဘယ်မိဘမျိုးရိုးကပဲဖြစ်ဖြစ်
ဘယ်အရပ်ဒေသမှာပဲမွေးမွေး
မွေးဖွားစဉ်က ဘယ်နက္ခတ်နဲ့ပဲကြုံကြုံ

သူ့မှာ အရင်းအနှီးတစ်ပြားရှိစရာမလို၊ ပါရမီမရှိရင်လဲ ရှိစေဦးတော့။ မဆုတ်မနစ်တဲ့ဇွဲနဲ့ စိတ်အားထက်သန်စွာကြိုးစားမယ်ဆိုရင် ထိုသူလိုချင်တဲ့ အရာဟူသမျှဟာ သူ့လက်ထဲသို့ ရောက်ရစမြဲ ဆိုတဲ့ အယူအဆဟာ ကျွန်တော့်တက်ကျမ်းတွေ ရေးတဲ့နေရာမှာ အစဉ်ထာဝရ လက်စွဲထားရှိတဲ့ အယူအဆဖြစ်ပါတယ်။

www.burmeseclassic.com



အယ်ဒီဆင်ရဲ့မျိုးရိုးဟာ ချမ်းသာကြွယ်ဝတဲ့မျိုးရိုးထဲကလဲ မဟုတ်ဘူး။ မင်းညီမင်းသားတွေလဲ မဟုတ်ဘူး။ အဖေလုပ်သူက သူပုန်။ မအောင်မြင်လို့ စိန့်ကလဲ့ မြစ်ကို ဖြတ်ပြေးရင်း အမေရိက ရောက်လာရာက မီလန်မြို့ကို ရောက်လာပြီး လက်လုပ်လက်စား ဘဝနဲ့အသက်မွေးဝမ်းကြောင်းပြုရသူဖြစ်ပါတယ်။

အယ်ဒီဆင်ကို မွေးဖွားတဲ့ ခုနှစ်က ၁၈၄၇ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့ဆိုတော့ ဗေဒင်ကိန်းခမ်းအရတွက် ချက်ကြည့်ရင်အဲ့ဒီနေ့ကဖွားမြင်တဲ့ဇာတာရှင်ဟာအတော့ကို ကံမကောင်းအကြောင်းမလှတဲ့သူအဖြစ်တွေ့မှာမှန်ပါတယ်။ အဲဒီ အထဲက အယ်ဒီဆင်ဟာ စာသင်ကျောင်းဆိုလို့ နှစ်လပဲနေဘူးပါ တယ်။ အမေဖြစ်သူက ဆရာကိုရန်တွေ့ပြီး ကျောင်းထုတ်လိုက်တာ တစ်သက်လုံး ကျောင်းပြန်မနေရတော့ပါဘူး။

အယ်ဒီဆင်ဟာ ကလေးဘဝမှာထဲက ဟင်းသီးဟင်းရွက် ရောင်းရရှာတဲ့သူပါ။ ဒါပေမယ့်ဒီကလေးကငယ်ငယ်ထဲကစိတ်ကူး စိတ်သန်းကောင်းတာတော့အမှန်ပါပဲ။ ဇွဲလုံ့လရှိသူလဲဖြစ်ပါတယ်။ ရထားပေါ်ကနေလွင့်ပစ်ခံရပြီးနားရင်းကို အချက်ကောင်းကောင်း အတီးခံလိုက်ရတာ တစ်သက်လုံးနားတစ်ဘက်က ကြားတစ်ချက်၊ မကြားတစ်ချက်နဲ့ တစ်ဘဝလုံးနေခဲ့ရတဲ့သူဖြစ်ပါတယ်။

ဒါအပြင် တစ်ကြိမ်မှာတော့ လည်ဂုတ်ကိုဆွဲပြီး စိန့်ကလဲ့ မြစ်ထဲကို ဆွဲအပစ်ချခံရပါသေးတယ်။ ဒါပေမယ့် ဒီကလေးဟာ ငယ်စဉ်ဘဝက အဲသလို မတည်မငြိမ်နေရတဲ့အတွက်ပဲ ဘဝတက် လမ်းကိုထိပ်တန်းကရှာလိုတဲ့စိတ်ကအရင်ထဲကရှိပါတယ်။ ကြီးကြီး

www.burmeseclassic.com



တွေးပြီး မြင့်မြင့်ကြဲတတ်တဲ့သူပါ။ သူဟာ အပြုသဘော ဆောင်တဲ့စိတ်ရှိပြီး၊ အလုပ်တစ်ခုကို ပြင်းပြတဲ့ဇွဲနဲ့လုပ်ကိုင်တတ်တဲ့လူငယ်တစ်ယောက်လဲဖြစ်ပါတယ်။ ပို့ဟူရွန်မြို့မှာနေလို့တော့မဖြစ်ပါ ဘူး။ နယူးယောက်ကိုသွားမှဆိုပြီး တစ်ဒေါ်လာနဲ့ နယူးယောက်ကို အရောက်သွား အခြေခံလိုတဲ့သတ္တိကလဲ နည်းတဲ့သတ္တိမဟုတ်ပါဘူး။

အလုပ်လုပ်ရာမှာတော့ အယ်ဒီဆင်ရဲ့ ဇွဲ သူ့ဘဝတစ်သက်တာမှာ အနှစ်၅၀ လောက်ဟာ တစ်ညမှာ ၅ နာရီပဲအိပ်ပါတယ်။ သူများတွေ ရှစ်နာရီအိပ်တဲ့အချိန်မှာ အယ်ဒီဆင်က ၅ နာရီပဲ အိပ်ပြီး တစ်ခါတစ်လေ သူရဲ့စမ်းသပ်ခုံပေါ်မှာ တစ်မှေးလောက်အိပ် ရုံနဲ့ အိပ်ရေးဝပြီးသုတေသနလုပ်ငန်းတွေကိုဆက်လုပ်တဲ့၊ ဝီရိယအရာမှာဘယ်တော့မှမလျှော့တဲ့လူစားဖြစ်ပါတယ်။

ဒါပေမယ့် အယ်ဒီဆင်ဟာ သူ့ခေတ်သူ့အခါမှာ သူဟာ တကယ့်ကို အကြီးကျယ်ဆုံးပုဂ္ဂိုလ်ကြီးတစ်ဦးပါ။ မူပိုင်တီထွင်မှု ၂၅၀၀ကျော်ကိုပြုလုပ်ခဲ့ပြီး အဲဒီပုဂ္ဂိုလ်ကြီးဟာ လျှပ်စစ်မီးသီးကို တီထွင်ခဲ့သူ။ မဲရေတွက်တဲ့စက်၊ ရုပ်ရှင်ပြစက်၊ ဓါတ်ပုံရိုက်ကိရိယာအပါအဝင်ပစ္စည်းများစွာကိုတီထွင်ခဲ့တဲ့တီထွင်မှုဝိဇ္ဇာကြီးတစ်ဦးဖြစ်ပါတယ်။

အယ်ဒီဆင် ဘာပြုလို့ဒီလိုအောင်ပွဲတွေရတာလဲလို့ ဆိုရင် ပါရမီကြောင့်လဲ မဟုတ်ဘူး။ မျိုးရိုးကြောင့်လဲ မဟုတ်ဘူး။ မွေးတဲ့ဇာတာ သိပ်ကောင်းပြီး မွေးဖွားစဉ် ကြယ်စုံလစုံ နက္ခတ်တာရာတွေကွန့်မြူးချိန်မှာမွေးလို့လဲမဟုတ်ပဲ မနေမနားချွေးထွက်

www.burmeseclassic.com



အောင် ၉၉ ရာခိုင်နှုန်းလုပ်ခဲ့တာကြောင့် လူ့သမိုင်း လူ့ဘဝမှာ ဤမျှကြီးကျယ်တဲ့ အောင်မြင်မှုကို ရရှိခဲ့တာပဲ ဖြစ်ပါတယ်။ ဒါကြောင့် ဘယ်သူမဆို ချွေးထွက်အောင် မနားမနေကြိုးစားရင် ကြိုးစားတဲ့အတိုင်းအောင်မြင်မှာကျိန်းသေပါတယ်။ လောကမှာ ပုခုံးနှစ်ခုကြားက ခေါင်းပေါက်ပြီး သူလဲခြေနှစ်ချောင်းကိုယ်လဲ ခြေနှစ်ချောင်း၊ သူလဲလက်နှစ်ချောင်း ကိုယ်လဲလက်နှစ်ချောင်းနဲ့ သူကတော့ လောကမှာ အောင်ပွဲတွေရပြီးကိုယ်ကလမ်းဘေး ရောက်နေတာဟာ ကိုယ်ဝီရိယနည်းလို့ ဇွဲမရှိလို့ ကိုယ်လုံ့လနည်း လို့ ဖြစ်ရတာ ကျိန်းသေပါတယ်။

တိုးတက်ကြီးပွားဖို့ ကြိုးစားရာမှာ ပညာတော့တတ်ဖို့ လိုပါတယ်။

ပညာဆိုတာက အတန်းတွေအောင်ဖို့၊ ဂုဏ်ထူးတွေရဖို့ တက္ကသိုလ်တစ်ခုခုကဘွဲ့ရဖို့ မဟုတ်ပါဘူး။ အယ်ဒီဆင်လို အတန်း ကျောင်းမှာနှစ်လထဲနေဘူးတဲ့သူလဲအောင်မြင်မှုရနိုင်ပါတယ်။ အယ်ဒီဆင်ဟာအတန်းကျောင်းမှာနှစ်လထဲနေဖူးပေမယ့် သူ့လမ်းသူခင်းပြီး ဘဝတက္ကသိုလ်မှာတော့ အတန်းတွေများစွာ အောင်မြင်ခဲ့သူဖြစ်ပါတယ်။

အယ်ဒီဆင်ဟာ ဘဝတက္ကသိုလ်မှာ ကုန်စိမ်းရောင်းပါရဂူ ဘွဲ့၊ သတင်းထောက်ကောင်းဘွဲ့၊ အယ်ဒီတာချုပ်အောင်လက်မှတ် နဲ့ ကြေးနန်းပါရဂူဘွဲ့တွေ တစ်သီကြီး၊ တစ်ပုံကြီးရခဲ့တဲ့သူ ဖြစ်ပါတယ်။ သူကြေးနန်းရိုက်တာကို ဘယ်တက္ကသိုလ်မှာမှ သင်ယူတာ မဟုတ်ဘဲ သူရဲ့ဘဝတက္ကသိုလ်မှာသင်ယူတာဖြစ်ပါတယ်။

www.burmeseclassic.com



ဒါကြောင့် တီထွင်မှုမှော်ဝိဇ္ဇာကြီး မဟာ့မဟာ သောမတ်(စ) အယ်လ်ဗာ အယ်ဒီဆင်ရဲ့အတ္ထုပ္ပတ္တိကိုဖတ်ရှုပြီး ဘယ်သူမဆို အယ်ဒီဆင်လိုကြိုးစားရင် အယ်ဒီဆင်လိုပဲဖြစ်နိုင်တဲ့အကြောင်း တင်ပြလိုက်ရပါတယ်။

ချစ်စံဝင်း

၂၂. ၄. ၂၀၀၃

www.burmeseclassic.com

